# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုး ရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲ ဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဏာတိတဝဂ်(ဓမ္မပဒ – ၇၈)


၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၈ ရက် | ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၁၀ ရက်၊ တနင်္လာနေ့ | အတွဲ (၆၂)၊ အမှတ်(၂၇၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက်ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝ ရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အစီရင်ခံစာနှင့် ၎င်းအစီရင်ခံစာဆိုင်ရာ တံခါးဖွင့်အစည်းအဝေးတို့အပေါ် မြန်မာနိုင်ငံ၏ တုံ့ပြန်ချက်

၂၀၂၂ ခုနှစ်အတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ အစီရင်ခံစာကို ၂၇-၆-၂၀၂၃ ရက်တွင် စာရွက်စာတမ်းအမှတ်၊ A/77/895–S/2023/ 363 ဖြင့် ထုတ်ပြန်ခဲ့ကြောင်းနှင့် ယင်းအစီရင်ခံစာဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ တံခါးဖွင့် အစည်းအဝေးကို ၅-၇-၂၀၂၃ ရက်၌ ကျင်းပခဲ့ကြောင်း တွေ့ရှိရသည်။ အစည်းအဝေးတွင် အထူးကိုယ်စားလှယ်နှင့် နိုင်ငံအချို့က မြန်မာနိုင်ငံနှင့်ပတ်သက်၍ တာဝန်မဲ့ ရည်ညွှန်းပြောကြားမှုများ ရှိခဲ့သည်ကို တွေ့ရှိရသည်။

လိုရာဆွဲရေးသားထားသော ယင်းအစီရင်ခံစာသည် မြန်မာနိုင်ငံကို အထူးပြုထည့်သွင်း ဖော်ပြချက်များပါဝင်ပြီး တစ်ဖက်သတ် တစ်ဆင့်စကားများနှင့် အခြေအမြစ်မရှိသည့် စွပ်စွဲချက်များအပေါ် အခြေခံထားသည်ကို စိတ်ပျက်ဖွယ် တွေ့ရှိရသည်။ အစီရင်ခံစာရေးသားသူသည် ဖြစ်စဉ်ဖြစ်ရပ်များကို စိစစ်နိုင်မည့် နေ့ရက်၊ အချိန်နှင့် နေရာကဲ့သို့ အချက်အလက်များ မပါဝင်ဘဲ ကျူးလွန်ကြောင်း စွပ်စွဲမှုအရေအတွက်များကိုသာ ထည့်သွင်းထားသည့်အတွက် မြန်မာ တပ်မတော်ကို အစီရင်ခံစာ၏ နောက်ဆက်တွဲတွင် စာရင်းသွင်းဖော်ပြခြင်းမှာ နိုင်ငံရေးသွတ်သွင်းမှုတစ်ရပ်သာဖြစ်ကြောင်း ရှင်းလင်းစွာ ပြသလျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂဘက်မှ တိုင်ကြားမှုများကို လက်ခံပြီး တုံ့ပြန်မှုများပြုလုပ်ရန် မည်သည့်အခါမျှ တွန့်ဆုတ်ခြင်းမရှိခဲ့ပါ။ ယခုအစီရင်ခံသည့်ကာလအတွင်း ကလေးသူငယ်များ သေဆုံးမှုနှင့် ဖမ်းဆီးခံရခြင်းများနှင့် ပတ်သက်၍ အချက်အလက်တောင်းခံမှု ၅ ကြိမ်သာ ရရှိခဲ့သည်။ အစီရင်ခံစာတွင် သေဆုံးကြောင်းနှင့် ဖမ်းဆီးခံရကြောင်း စွပ်စွဲချက်အရေအတွက်များကို ကုလသမဂ္ဂဘက်မှ မြန်မာအစိုးရဘက်သို့ စိစစ်ထားသည့် အရေအတွက်ထက် ၁၂ ဆမှ အဆ ၃၀ အထိ ဖောင်းပွဖော်ပြထားသည်ကို စိတ်ပျက်ဖွယ်တွေ့ရှိရသည်။ ကုလသမဂ္ဂ၏ လွတ်လပ်သော ကျွမ်းကျင်သူများသည် စွပ်စွဲချက်များနှင့် စပ်လျဉ်း၍ ဖြစ်နိုင်သမျှ အတိုင်းအတာအထိ စိစစ်အတည်ပြုရန် လိုအပ်သော်လည်း အစီရင်ခံစာတွင် ပါဝင်သော ကျန်အချက်အလက်

စာမျက်နှာ ၅ ကော်လံ ၁ ❍



## မြန်မာ့ပင်လယ်ပြင်အတွင်း ငါးဖမ်းရာသီ ပြန်လည်စတင်

မြိတ် ဇူလိုင် ၉

မြန်မာ့ပင်လယ်ပြင်အတွင်း ငါးဖမ်းရာသီ ပြန်လည်စတင်ပြီဖြစ်သောကြောင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကမ်းဝေးငါးဖမ်းလှေများ ဇူလိုင်လဆန်းပိုင်းမှစတင်ကာ ငါးဖမ်းလုပ်ကွက်အသီးသီးသို့ ရာနှုန်းပြည့် ဝင်ရောက်လုပ်ကိုင်နေပြီဖြစ်ကြောင်း ရေလုပ်ငန်းရှင်များထံမှ သိရသည်။

မြန်မာ့ပင်လယ်ပြင်အတွင်း ငါးဖမ်းဆီးခြင်းလုပ်ငန်းလုပ်ကိုင်ရာတွင် ရခိုင်၊ ဧရာဝတီ၊ ရန်ကုန်၊ မွန်နှင့် တနင်္သာရီကမ်းရိုးတန်းငါးခုအတွင်းရှိ ငါးဖမ်းလုပ်ကွက်များ၌ ငါးဖမ်းဆီးခြင်းကို လုပ်ကိုင်လျက်ရှိသည်။ “ကမ်းဝေးငါးဖမ်းလှေတွေတော့ ရာနှုန်းပြည့် ပင်လယ်ပြင်ထွက်နေကြပါပြီ။ ဝါလတ်လှေကြီးတွေက ဖွန်မှာ ၃၀ ရာခိုင်နှုန်း ငါးဖမ်းဆီးခွင့်ရကြတယ်။ အခုဇူလိုင်လမှာ ငါးသားပေါက်ရာသီ ပြီးဆုံးပြီဆိုတော့ ရာနှုန်းပြည့် ပြန်ထွက်ခွာနေကြပြီ။ ငါးသားပေါက်ရာသီမှာ ငါးဖမ်းလှေတချို့ ပင်လယ်ပြင်မှာ ငါးဖမ်းထားတယ်ဆိုတော့ ဒီနှစ် ငါးပေါမှာလား၊ မပေါဘူးလားဆိုတာ မခန့်မှန်းနိုင်သေးပါဘူး” ဟု မြိတ်မြို့မှ ရေလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖


**ယနေ့ ဖတ်စရာ**

**၁၃၈၅ (၂၀၂၃) ခုနှစ်၊ အကြိမ် (၃၀)မြောက် အစိုးရနိကာယ်စာမေးပွဲ အောင်စာရင်းထုတ်ပြန်ကြေညာချက်**
ပြည်တွင်းသတင်း | စာ – ၇

**ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး သင်္ဘောများဖြင့် ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း မိုခါဘေးသင့်မြို့နယ်များသို့ ပြန်လည်ထူထောင်ရေးပစ္စည်းများ ပို့ဆောင်ပေးလျက်ရှိ**
ပြည်တွင်းသတင်း | စာ – ၈

**ပင်လယ်ပျော်တို့ဒေသသို့ ဖွံ့ဖြိုးရေးဖြင့် ပွေ့ဖက်ခြင်း**
ဆောင်းပါး | စာ – ၁၀

**လုပ်ငန်းအားလုံးနှင့် သက်ဆိုင်သည့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးအခန်းကဏ္ဍ**
ဆောင်းပါး | စာ – ၁၆

# နိုင်ငံအနာဂတ်တွင် အဂတိကင်းစင်ရေး ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ဘဝများ သာယာဝပြောရေးတို့အတွက် အကြီးမားဆုံးသောအန္တရာယ်ဖြစ်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို နိုင်ငံတော်က အလေးထားဆောင်ရွက်လျက်ရှိသည်။ မိမိတို့၏ လူ့အဖွဲ့အစည်းအတွင်း ကျယ်ပြန့်နက်ရှိုင်းစွာ အမြစ်တွယ်လျက်ရှိသော အဂတိလိုက်စားမှုများကို တိုက်ဖျက်ရာတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေးအရေးယူဆောင်ရွက်ခြင်းဟူသော နည်းလမ်းသုံးခုဖြင့် ဆောင်ရွက်လျက်ရှိသည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် ပညာပေးရာတွင် လူငယ်များ စဉ်းစားတွေးခေါ်နိုင်စေရန်၊ စဉ်းစားတွေးခေါ်ရာတွင်လည်း မှန်ကန်စွာတွေးခေါ်နိုင်ရန်၊ ကောင်းသောအပြုအမူနှင့် မကောင်းသောအပြုအမူတို့ကို ခွဲခြားနားလည်စေရန်တို့အတွက် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသူကျောင်းသားအရွယ်ကတည်းကပင် လေ့ကျင့်ပျိုးထောင်မှုများ ပြုလုပ်ပေးလျက်ရှိသည်။ အထူးသဖြင့် နိုင်ငံနှင့်တကွ နိုင်ငံအတွင်းရှိ လူ့အဖွဲ့အစည်းတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးတွင် အဂတိလိုက်စားမှုကို ကာကွယ်တိုက်ဖျက်နိုင်ရန် လွန်စွာအရေးကြီးကြောင်း လူငယ်များက ခိုင်မာစွာယုံကြည်ကြပြီး အဂတိလိုက်စားမှုကို ဆန့်ကျင်သောနိုင်ငံသားများဖြစ်လာစေရန်၊ မိမိအကျိုး၊ မိသားစုဆွေမျိုးမိတ်သင်္ဂဟများအကျိုးထက် နိုင်ငံနှင့်လူမျိုး၏အကျိုး၊ အများအကျိုးကို ဦးစားပေးရန်တို့အတွက် မှန်ကန်စွာ စဉ်းစားတွေးခေါ်သူများဖြစ်စေရန် လေ့ကျင့်ပေးရမည်ဖြစ်သည်။ သို့ဖြစ်ရာ ကျောင်းသားကျောင်းသူ လူငယ်များအတွက် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ပညာပေးမှုများကို အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် အစီအစဉ်များဖြင့် ဆောင်ရွက်လျက်ရှိသည်။

ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးရာတွင် အဂတိလိုက်စားမှုနှင့် ပတ်သက်၍ အသိပညာရရှိရန်၊ အဂတိလိုက်စားမှုကို ရက်ရွံ့သည့်၊ ဆန့်ကျင်သည့်၊ တွန်းလှန်တိုက်ဖျက်လိုစိတ်ရှိသည့် လူ့အဖွဲ့အစည်းဖြစ်တည်လာစေရန်၊ အများအကျိုးဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့ကြား ခွဲခြားတွေးတောသည့် အခြေခံစဉ်းစားတွေးခေါ်မှုကို မှန်ကန်စေရန်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ရောင့်ရဲတင်းတိမ်သော စီးပွားရေးစနစ်အတွေးအခေါ်ကို လေ့လာနိုင်စေရန်၊ လူ့အဖွဲ့အစည်းတွင် အဆင့်အတန်းမြင့်သောနိုင်ငံ့သားကောင်းများ ဖြစ်တည်စေရန်နှင့် အဂတိလိုက်စားမှုကို လုံးဝသည်းမခံသော ယဉ်ကျေးမှုတစ်ရပ် ဖြစ်ထွန်းစေရန်ဟူသော ရည်ရွယ်ချက်ကောင်းများ ထားရှိခြင်းဖြစ်ရာ ရည်ရွယ်ချက်များပေါက်မြောက်အောင်မြင်သည်အထိ လူငယ်မျိုးဆက်များ တစ်ဆက်ပြီးတစ်ဆက် လေ့ကျင့်သင်ကြားပေးနိုင်သည်နှင့်အမျှ မိမိတို့နိုင်ငံတွင် အဂတိလိုက်စားမှုကင်းစင်သော လူ့ဘောင်ကို တည်ထောင်နိုင်မည်ဖြစ်သည်။

အဂတိလိုက်စားမှုများသည် မမှန်ကန်သော အတွေးအခေါ်များကြောင့်ဖြစ်ပြီး ယင်းအတွေးအခေါ်များသည်လည်း လူမှုဘဝပတ်ဝန်းကျင် ဖြတ်သန်းမှုတွင် အသေးအဖွဲအပြုအမူလေးများမှ စတင်မြစ်ဖျားခံသည်ဟု ဆိုသည်။ တန်းစီရာတွင် ကြားဖြတ်ခြင်း၊ စာမေးပွဲတွင် စာခိုးချခြင်း၊ တားမြစ်ထားသည့်နေရာတွင် အမှိုက်ပစ်ခြင်း၊ ကွမ်းတံတွေးထွေးခြင်း စသည်တို့ကဲ့သို့သော ကျင့်ဝတ်နှင့် စည်းမျဉ်းစည်းကမ်း ဖောက်ဖျက်သည့်အပြုအမူ၊ အလေ့အထများ စွဲနေသူများသည် နောင်တွင်လည်း စဉ်းစားတွေးခေါ်မှု မမှန်ကန်သူများဖြစ်လာပြီး ကိုယ်ကျိုးရှာသူ၊ အများအကျိုးနှင့် သက်ဆိုင်သည့်အရာကို ကိုယ်ကျိုးအတွက် အသုံးပြုသူ၊ အများအကျိုး၊ တိုင်းပြည်အကျိုးထက် ကိုယ့်အကျိုး ကိုယ့်မိသားစု၊ ဆွေမျိုးမိတ်သင်္ဂဟအကျိုးကိုသာ ကြည့်သူများဖြစ်လာသည်ဟု ဆိုသည်။

မြန်မာနိုင်ငံသားအများစုတို့ ယုံကြည်ကိုးကွယ်ရာဖြစ်သည့် ဗုဒ္ဓဘာသာတွင်လည်း ဖြောင့်မတ်ခြင်းကို အလေးအနက်ထား၍ "ဖြောင့်မတ်ခြင်း၊ ကောင်းစွာဖြောင့်မတ်ခြင်း" သည် လူသားတို့၏ ကောင်းမြတ်သော ဂုဏ်အရည်အချင်းတစ်ရပ်အဖြစ် ညွှန်ပြထားသည်။ ဖြောင့်မတ်သူသည် မမှန်ကန်သည့်အမှု၊ ကွေ့ကောက်လိမ်ပတ်သည့်အမှုတို့ကို မည်သည့်အချိန်၊ မည်သည့်နေရာတွင်မဆို မည်သည့်အကြောင်းနှင့်မျှ ပြုလုပ်မည်မဟုတ်ရာ မျိုးဆက်သစ်လူငယ်များအား ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ခြင်းသည် အနာဂတ်နိုင်ငံတော်အတွက် အဂတိကင်းစင်သော ကောင်းကျိုးကို ဖြစ်ထွန်းစေနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၇၆) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၀၄၀၀ နာရီအချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည် လမ်းဟောင်းမှလည်းကောင်း၊ ဓမ္မစေတီလမ်းအား ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံမှလည်းကောင်း၊ ဓမ္မစေတီလမ်းအား အင်းယားမြိုင်လမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းနှင့် ဦးဝိစာရလမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား ဦးထောင်ဘိုလမ်းနှင့် အာဇာနည်လမ်းဆုံမှလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံအထိလည်းကောင်း၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်(သွေးဆေးကန်)လမ်းတို့အား ခေတ္တပိတ်ထားမည်ဖြစ်ပြီး လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ဖွင့်လှစ်မည့်နေရာအား ၁၉-၇-၂၀၂၃ ရက်နေ့မှ ၂၁-၇-၂၀၂၃ ရက်နေ့ ၀၅၀၀ အချိန်မှ ၁၈၀၀ အချိန်အထိ နတ်မောက်လမ်းအား ဝင်္ကဘာလမ်းဆုံမှလည်းကောင်း၊ နတ်မောက်လမ်းအား ဖိုးစိန်လမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းနှင့်ဆုံရာမှလည်းကောင်း၊ ဗိုလ်ချိုလမ်းအား ရွှေကြက်ယက်လမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား စောမဟာလမ်းဆုံမှလည်းကောင်း ခေတ္တပိတ်ထားမည်ဖြစ်ပြီး လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အလံတင်အခမ်းအနားကျင်းပမည့် အတွင်းဝန်ရုံးအား ၁၉-၇-၂၀၂၃ ရက်နေ့မှ ၂၁-၇-၂၀၂၃ ရက်နေ့ ၀၅ ၀၀ အချိန်မှ ၁၈ ၀၀ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှလည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်း လမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်ထားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်လမ်းလွှဲ ဆောင်ရွက်နေသည့်အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

**ကမ္ဘာ့လူဦးရေနေ့**

" ကမ္ဘာ့လူဘောင်သာယာဖို့၊ လူဦးရေနှင့် ဖွံ့ဖြိုးမှု ဟန်ချက်ညီအောင်ကြိုးစားစို့ "

" Balancing the population and development, let's strive for better future "

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၉

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

## ယူနန်တက္ကသိုလ်ရှိ မြန်မာဘာသာသင်ယူနေသည့် ကျောင်းသား ကျောင်းသူများအတွက် တက္ကသိုလ်စာကြည့်တိုက်တွင် မြန်မာစာအုပ်များ လိုအပ်နေ

**နေပြည်တော် ဇူလိုင် ၉**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့တော်ရှိ ယူနန်တက္ကသိုလ်စာကြည့်တိုက်တွင် မြန်မာစာအုပ်စင်၌ မြန်မာစာအုပ်များ လိုအပ်ချက်ရှိနေကြောင်း သိရသည်။

ထို့အတွက် မြန်မာစာအုပ်များကို လှူဒါန်းကြစေချင်ကြောင်း ယူနန်တက္ကသိုလ်တွင် ပညာသင်ကြားနေသည့် မြန်မာကျောင်းသားများနှင့် မြန်မာဘာသာသင်ကြားနေသည့် တရုတ်ကျောင်းသူ ကျောင်းသားများက ပြောသည်။

"ဒီမှာကတော့ မြန်မာနိုင်ငံကို အများဆုံးသိသွားစေမယ့် စာအုပ်မျိုးတွေ တော်တော်များများကိုတော့ လှူစေချင်တယ်။ မြန်မာစာဘာသာကို လေ့လာနေတဲ့ တရုတ်ကျောင်းသားတွေလည်း များနေတယ်ဆိုတော့ မြန်မာနိုင်ငံကို လူအများသိသွားစေချင်တဲ့ စာအုပ်မျိုးတွေကို လှူစေချင်တယ်" ဟု ယူနန်တက္ကသိုလ်တွင် ဓာတုဗေဒဘာသာရပ်အထူးပြု သင်တန်းတက်ရောက်နေသည့် မန္တလေးသူ မချောစုက ပြောသည်။

ယူနန်တက္ကသိုလ်တွင် မြန်မာစာသင်ကြားနေသော တရုတ်လူမျိုး တတိယနှစ်ကျောင်းသား Qiu Yue က "ကျွန်တော်တို့ မြန်မာစာသင်တဲ့အချိန် သတင်းအချက်အလက်ရှာရာမှာ အခက်အခဲရှိတယ်။ ဥပမာ အခုချိန်မှာ ကျွန်တော်က စာတမ်းကို ရေးရတယ်။ ဒါပေမယ့် ဒီစာတမ်းနဲ့ဆိုင်တဲ့ သတင်းတွေရဖို့ ခက်ခဲတယ်" ဟု ရှင်းပြသည်။

မြန်မာစာကို လေ့လာနေသည့် တရုတ်ကျောင်းသားများက ပါဠိစာလေ့လာရာနှင့် စာတမ်းများပြုစုရာတွင် မြန်မာနိုင်ငံနှင့် ပတ်သက်သည့် စာအုပ်စာတမ်းများ နည်းပါးနေသေးသည့်အတွက် အချက်အလက်များ ရှာဖွေရာမှာ အဓိကအခက်အခဲရှိနေကြောင်း ပြောပြသည်။

ယူနန်တက္ကသိုလ်မှ "မြန်မာစာအုပ်များ" ဆိုသည့် စာအုပ်စင်တွင် မြန်မာစာအုပ်များ နည်းပါးနေရသည့် အကြောင်းရင်းတစ်ခုမှာ ယူနန်တက္ကသိုလ်မှ ပါမောက္ခများ မြန်မာနိုင်ငံကို လာရောက်သည့်အခါတွင် လက်ဆောင်ရရှိခဲ့သည့် စာအုပ်လေးများသာ အများဆုံး ခင်းကျင်း ပြသထားနိုင်ခြင်းကြောင့်ဖြစ်၍ ထပ်မံလှူဒါန်းသူများ လိုအပ်နေကြောင်း ကျောင်းသား ကျောင်းသူများက ပြောပြသည်။

ယူနန်တက္ကသိုလ်တွင် မြန်မာစာ လေ့လာသင်ကြားနိုင်ရန် နှစ်နှစ်တစ်ကြိမ် ကျောင်းသူကျောင်းသားများကို ခေါ်ယူပြီး လေးနှစ်ကြာ တက်ရခြင်းဖြစ်သည်။ ၂၀၂၃ ခုနှစ် ဇွန်လတွင် ပထမဦးဆုံးအကြိမ် ဘွဲ့နှင်းသဘင်ကို ကျင်းပနိုင်ခဲ့ကြောင်း ယူနန်တက္ကသိုလ် မြန်မာစာဌာန ဌာနမှူး Pang Juncai က ရှင်းပြသည်။ တစ်တန်းလျှင် မြန်မာကျောင်းသား ၂၀ ခန့် တက်ရောက်သင်ယူနေကြောင်းလည်း သိရှိရသည်။




kkzy

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း သီလဝါဆိပ်ကမ်းဒေသရှိ ဆိပ်ကမ်းတံတားများနှင့် ရန်ကုန်ဘူတာကြီးဝင်းအတွင်းရှိ Rail Bus Engine-RBE စက်ခေါင်းရုံများ ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း သီလဝါဆိပ်ကမ်းဒေသရှိ နိုင်ငံတကာဆိပ်ခံတံတားအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဇူလိုင် ၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ယနေ့ နံနက်ပိုင်းတွင် နိုင်ငံတကာ ကုန်သွယ်မှုအတွက် အရေးပါသည့် သီလဝါဆိပ်ကမ်းဒေသရှိ နိုင်ငံတကာ ဆိပ်ကမ်းတံတားများနှင့် ရန်ကုန်ဘူတာကြီးဝင်းအတွင်းရှိ Rail Bus Engine-RBE စက်ခေါင်းရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း သီလဝါရှိ ကုန်သေတ္တာနှင့် အထွေထွေကုန်စည်များကို ကိုင်တွယ်ဝန်ဆောင်မှုပေးနေသည့် Myanmar International Terminals Thilawa (MITT) ဘက်စုံသုံး ဆိပ်ကမ်းတံတားသို့ ရောက်ရှိပြီး MITT ဆိပ်ကမ်းတံတားအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး၊ တာဝန်ရှိသူများနှင့်အတူ Regency SPC ကုမ္ပဏီ၏ စက်သုံးဆီ ကုန်တင်ကုန်ချ ဆိပ်ခံတံတားနှင့် စက်သုံးဆီသိုလှောင်ကန်များ၊ International Bulk Terminal Thilawa (IBTT) ကုမ္ပဏီ၏ ကောက်ပဲသီးနှံ ဆိပ်ခံတံတား၊ ပိတောက်ရွှေဝါကုမ္ပဏီလီမိတက်၏ စက်သုံးဆီ ကုန်တင်ကုန်ချဆိပ်ခံတံတားနှင့် Wilmar Myanmar Port Terminal (Thilawa) Ltd. ၏ ကောက်ပဲသီးနှံ ဆိပ်ခံတံတားများသို့ သွားရောက်၍ စက်သုံးဆီတင် သင်္ဘော၊ ဓာတ်မြေဩဇာတင် သင်္ဘောများပေါ်မှ ကုန်ပစ္စည်းများ ကုန်တင်ကုန်ချဆောင်ရွက်နေမှု၊ ကောက်ပဲသီးနှံနှင့် ပြောင်းဖူးစေ့များ ပြည်ပသို့ တင်ပို့ရန် ဆောင်ရွက်နေမှုနှင့် ဆိပ်ကမ်းဝင်းအတွင်းရှိ ခေတ်မီစက်ရုံကြီးများဖြင့် တန်ဖိုးမြင့် (Value Added) ထုတ်ကုန်များ ထုတ်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာ တံတားအလိုက် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Wilmar Myanmar Port Terminal (Thilawa) Ltd. ၏ အစည်းအဝေးခန်းမ၌ သီလဝါဆိပ်ကမ်းဒေသရှိ ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး က ဆိပ်ကမ်း ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သီလဝါဆိပ်ကမ်းဒေသရှိမြေကွက် ၃၇ ကွက်တွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုဖြင့် ဆိပ်ခံတံတားများ နေရာချထားပေးခဲ့မှု၊ လက်ရှိတွင် ဆိပ်ခံတံတား တည်ဆောက်ပြီးစီး၍ ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေသော ကုန်သေတ္တာနှင့် အထွေထွေကုန်စည် ဆိပ်ခံတံတား ကိုးစင်း၊ စက်သုံးဆီနှင့် LNG ဆိပ်ခံတံတားရှစ်စင်းနှင့် ကောက်ပဲသီးနှံ ဆိပ်ခံတံတား နှစ်စင်း စုစုပေါင်းတံတား ၁၉ စင်းတို့တွင် လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆိပ်ခံတံတား တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ဆဲဖြစ်သော တံတား ၁၈ စင်း၏ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

## အကြံပြုချက်များတင်ပြ

ဆက်လက်၍ သီလဝါဆိပ်ကမ်းဒေသရှိ ဆိပ်ကမ်း ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီ၊ အဖွဲ့အစည်းများက ဆိပ်ကမ်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ကြုံတွေ့ရသည့် အခက်အခဲများ၊ ဆောင်ရွက်လိုသည့် လုပ်ငန်းစဉ်များနှင့် အကြံပြုချက်များကို တင်ပြကြသည်။

## ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ၏ ပင်လယ်ရေကြောင်းကုန်သွယ်မှုသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့် တိုက်ရိုက်အချိုးကျသဖြင့် ပင်လယ်ရေကြောင်း ကုန်သွယ်မှုအတွက် အဓိကကျသည့် ဆိပ်ကမ်းကဏ္ဍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရန် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့်လည်း ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်း ရင်းနှီးမြှုပ်နှံဆောင်ရွက်သူများကို လိုအပ်သော ပံ့ပိုးမှုများ ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် ဥပဒေနှင့်အညီ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာရန်အတွက် ကြိုးကြပ်ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ဆိပ်ကမ်းလုပ်ငန်းကဏ္ဍသည် နိုင်ငံတော်အတွက် ဝင်ငွေများစွာ ရှာဖွေပေးနေသည့် လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ ဆိပ်ကမ်းလုပ်ငန်းကဏ္ဍကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (Public-Private Partnership) စနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြရာ ဆိပ်ကမ်းလုပ်ငန်းသည် အရင်းအနှီးကြီးမားသည့် Infrastructure Investment လုပ်ငန်းဖြစ်ခြင်း၊ နည်းပညာနှင့် ကျွမ်းကျင်လုပ်သားများ အစဉ်အမြဲ လိုအပ်နေခြင်းတို့ကြောင့် ပုဂ္ဂလိကအခန်းကဏ္ဍသည် အလွန်အရေးပါပါကြောင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ ဆိပ်ကမ်းများနှင့် တန်းတူရင်ပေါင်တန်း၍ စွမ်းဆောင်ရည် ပြည့်ဝစွာဖြင့် ဆိပ်ကမ်း ဝန်ဆောင်မှုကောင်းများကိုပေးနိုင်ရန် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ၏ ဖြစ်ပေါ်တိုးတက်မှုများကိုလည်း မျက်ခြည်မပြတ် လေ့လာသုံးသပ်၍ အနာဂတ်အတွက် ကြိုတင်ပြင်ဆင်ကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ဆိပ်ကမ်းများတွင် ကုန်တင်ကုန်ချလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး (Safety) အပြင် လုံခြုံရေး (Security) ကိုလည်း အလေးထား ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေး မှာကြားပြီး ဆိပ်ကမ်းဝန်ဆောင်မှု လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်ဘူတာကြီးဝင်းအတွင်းရှိ Rail Bus Engine-RBE စက်ခေါင်းရုံသို့ ရောက်ရှိပြီး စက်ခေါင်းရုံအတွင်း၌ West Corporation ထံမှ လက်ခံရရှိသည့် RBE တွဲများ ပြုပြင်ဆောင်ရွက်နေမှုနှင့် ပြုပြင်ပြီးစီးမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးရာ မြန်မာ့မီးရထား အထွေထွေမန်နေဂျာ (စက်မှု/လျှပ်စစ်) နှင့် RBE စက်ရုံ၊ စက်ရုံမှူးတို့က ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့ဝင်များ ရန်ကုန်ဘူတာကြီးဝင်းအတွင်းရှိ Rail Bus Engine-RBE စက်ခေါင်းရုံ၌ RBE တွဲများ ပြုပြင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

---

❖ ရွှေ့ဖုံးမှ

ယခု ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ငါးသားပေါက်ရာသီနှင့် ငါးဖမ်းရာသီသတ်မှတ်ရာတွင် ဧပြီလ၊ မေလနှင့်ဇွန်လများကို ငါးသားပေါက်ရာသီအဖြစ် သတ်မှတ်ခဲ့ပြီး ဇူလိုင်လမှစတင်ကာ ငါးဖမ်းရာသီအဖြစ် သတ်မှတ်ထားခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့လုပ်ငန်းက ပွင့်လင်းရာသီမှာ လုပ်ကိုင်ရတာဆိုတော့ ဇူလိုင်လက လုပ်ငန်းခွင်ကိုဝင်လို့ အဆင်မပြေပါဘူး။ ပင်လယ်ပြင်မှာ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လအထိ လှိုင်းလေတွေက ပြင်းထန်ပါတယ်။ ကင်းမွန်လှေတွေနဲ့ တခြားလှေတွေ လုပ်ငန်းခွင်ဝင်ဖို့ အဆင်မပြေဘူး။ ဒီနှစ်ငါးသားပေါက်ရာသီကို ဧပြီလ၊ မေလ၊ ဇွန်လ ပိတ်ခဲ့တယ်။ ဧပြီနဲ့ မေလက ပွင့်လင်းရာသီဖြစ်တဲ့အတွက် ကျွန်တော်တို့ ဝန်ကြီးဌာနကို တင်ပြခဲ့တဲ့အပေါ်မှာ မေလကို ဖမ်းဆီးခွင့်ပေးခဲ့ပါတယ်။ ဝါလတ်လှေကြီးတွေကလည်း ဇွန်လကို ဖမ်းဆီးခွင့်တောင်းခံခဲ့တဲ့အတွက် ဇွန်လမှာ ၃၀ ရာခိုင်နှုန်း ဖမ်းဆီးခွင့်ရခဲ့ပြီး ဇူလိုင်လမှာ ရာနှုန်းပြည့် ဖမ်းဆီးခွင့်ရပြီ။ ကျွန်တော်တို့လှေတွေကတော့ ရာသီဥတုအနေအထားနဲ့ လုပ်ငန်းသဘောသဘာဝအရ လုပ်ငန်းခွင်ဝင်လို့ မရသေးပါဘူး" ဟု မြိတ်ခရိုင် ကင်းမွန်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမင်းမင်းထွန်းက ပြောသည်။

ယခုအခါ လှေငယ်တချို့မှာ ရာသီဥတုအနေအထားများကြောင့် ငါးဖမ်းလုပ်ကွက်များသို့ မထွက်ခွာနိုင်သေးသော်လည်း ကမ်းဝေးငါးဖမ်းလှေများက ငါးဖမ်းလုပ်ကွက်များတွင် ရာနှုန်းပြည့် ဝင်ရောက်လုပ်ကိုင်နေပြီဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသော ရေသယံဇာတများကို ထိုင်းနိုင်ငံ ရနောင်းမြို့ ငါးဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်းနှင့် တိုင်းဒေသကြီးအတွင်း ကမ်းဝေးငါးဖမ်းလှေ အစင်းရေ ၁၅၀၀ ကျော်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

**မြင့်ဦး(မြိတ်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ ဖြန့်ခွဲနေမှုနှင့် ပွိုင့်ကမ်းခြေပတ်လမ်းတိုးချဲ့ဖောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

စစ်တွေ ဇူလိုင် ၉

**ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်း၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ ဖြန့်ခွဲနေမှုနှင့် မိုခါမုန်တိုင်းကြောင့် ပျက်စီးခဲ့သည့် ကမ်းနားလမ်းအားပြုပြင်နေမှု၊ ပွိုင့်ကမ်းခြေ ပတ်လမ်းတိုးချဲ့ဖောက်လုပ်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘက်စုံသုံးဆိပ်ကမ်း၌ ဖော်ကျွန်းသင်္ဘောနှင့် MV ROYAl VENUS သင်္ဘောပေါ်မှ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အသုံးပြုမည့် ပစ္စည်းများကို လူအင်အား၊ စက်ယန္တရားအင်အားများ အသုံးပြုကာ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။ **(ယာပုံ)**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ဝိုင်းဝန်းကူညီဆောင်ရွက်နေကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား တွေ့ဆုံအားပေး စကားပြောကြားကာ တပ်ဖွဲ့ဝင်များအတွက် လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး စစ်တွေမြို့ ရှုခင်းသာလမ်း ကမ်းခြေ၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနက အုန်းပင်နှင့် ဒီရေတောသစ်ပင်များ စိုက်ပျိုးထားရှိမှု၊ ဆက်လက်





စိုက်ပျိုးနေမှုတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးကာ မုန်တိုင်းဒဏ် ခံနိုင်ရန်အတွက် အရိပ်ရပင်များ၊ လေကာပင်များ၊ ဒီရေတောသစ်ပင်များ ရှင်သန်ကြီးထွားအောင် စနစ်တကျ စိုက်ပျိုးထိန်းသိမ်းသွားကြရန် မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် ရှုခင်းသာလမ်း(ကမ်းနားလမ်း)ကိုဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီဌာနက ပြန်လည်ပြုပြင် ဆောင်ရွက်နေမှု၊ ပွိုင့်ကမ်းခြေမှ စစ်တွေဟိုတယ်ကမ်းခြေအထိ ကမ်းခြေပတ်လမ်းအား ကမ်းခြေဘက်ခြမ်းသို့ လမ်းတိုးချဲ့နိုင်ရန် စက်ယန္တရားကြီးများ အသုံးပြုကာ တိုးချဲ့ဖောက်လုပ်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ **(ဝဲပုံ)** ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီများအလိုက် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ လုပ်ငန်းတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တောင်သူများကိုယ်တိုင်ပါဝင်သော မျိုးစေ့မျိုးမှန်စပါးနှံယူသည့် ကွင်းသရုပ်ပြပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၉**

မျိုးစေ့မျိုးမှန် စပါးနှံယူသည့် ကွင်းသရုပ်ပြပွဲကို ယနေ့ နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ရှားချောင်းကျေးရွာ မဒန်း ဆည်ရေသောက်စနစ် ကွင်းအမှတ် (၁၈ဝ၁) ၌ ကျင်းပသည်။ **(ယာပုံ)**



သရုပ်ပြပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က မျိုးကောင်းနှင့် မျိုးသန့်ထုတ်လုပ်ရေးသည် သီးနှံများ အထွက်တိုးရေးနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် များစွာ အရေးကြီးသော လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် ဌာန၊ ပုဂ္ဂလိက ကဏ္ဍသာမက တောင်သူ လယ်သမားများ ကိုယ်တိုင် ထဲထဲဝင်ဝင်ပါဝင်ရေးသည် များစွာအရေးကြီးကြောင်း၊ မျိုးကောင်း၊ မျိုးသန့်မှ စပါးကောင်းမည်ဖြစ်ပြီး စပါးကောင်းမှ ဆန်ကောင်းမည် ဖြစ်သည့်အတွက် တောင်သူများ ကိုယ်တိုင်ပါဝင်သော စပါးသီးနှံမျိုးကောင်း မျိုးသန့်မျိုးပွားခြင်းလုပ်ငန်း ဖွံ့ဖြိုးလာရေးကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ စပါးသီးနှံ မျိုးကောင်းမျိုးသန့် မျိုးပွားခြင်း လုပ်ငန်းကို ဒေသခံတောင်သူများ လက်တွေ့ ဆောင်ရွက်နိုင်စေရန်နှင့် ယနေ့ မျိုးစေ့မျိုးမှန်စပါးနှံယူသည့် လုပ်ငန်းကို လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ စတင်ပြီး စပါးစိုက်ပျိုးသည့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယနေ့ကျင်းပသည့် မျိုးစေ့မျိုးမှန်စပါးနှံယူသည့် ကွင်းသရုပ်ပြပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသနေ တောင်သူများကိုယ်တိုင် ပါဝင်၍ မျိုးစေ့မျိုးမှန် စပါးနှံများကို ရွေးချယ်ခဲ့ကြပြီး မျိုးစေ့မျိုးမှန် စပါးနှံများ အသုံးပြုခြင်းဖြင့် တောင်သူများအတွက် မျိုးစေ့ဖိုးအသုံးစရိတ်သက်သာခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေခြင်း၊ ဒေသရေမြေနှင့် သင့်လျော်သည့် မျိုးကောင်းမျိုးသန့်မျိုးစေ့ အသုံးပြုရသဖြင့် စပါးအထွက်နှုန်း တိုးတက်ခြင်း စသည့်အကျိုးကျေးဇူးများကို တောင်သူများ လက်တွေ့ ခံစားနိုင်ကြမည် ဖြစ်သည်။

**နည်းစနစ်များအသုံးပြု**

လယ်ယာကဏ္ဍ၏ ကုန်ထုတ်စွမ်းအားမြင့်မားလာရေးအတွက် အဓိက လိုအပ်ချက်များဖြစ်သည့် မျိုးကောင်းမျိုးသန့် သုံးစွဲရေး၊ မြေဆီသြဇာ ထက်သန်ကောင်းမွန်ရေး၊ စိုက်ပျိုးရေ လုံလောက်စွာရရှိရေး၊ မှန်ကန်သည့် စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်များ အသုံးပြုနိုင်ရေးကို ဘက်စုံကဏ္ဍစုံမှ ဖြည့်ဆည်းပေးလျက်ရှိရာ မျိုးကောင်းမျိုးသန့်မျိုးစေ့များကို တောင်သူများ စိုက်ပျိုးရာသီ အချိန်မီ လွယ်လင့်တကူ အသုံးပြုနိုင်ရေးကို ဌာန၊ တောင်သူနှင့် ပုဂ္ဂလိက မျိုးစေ့ထုတ် လုပ်ငန်းရှင်များက ပူးပေါင်း ဆောင်ရွက်လျက်ရှိပြီး မျိုးစေ့ သန့်စင်စက်များ တည်ထောင် အသုံးပြုနိုင်ရေးနှင့် တောင်သူများ ဦးဆောင်ပါဝင်သည့် ပိုမိုအားကောင်းသော မျိုးစေ့လုပ်ငန်းများ ထွန်းကားလာရေးအတွက် မျိုးစေ့ထုတ် တောင်သူအစုအဖွဲ့များစုဖွဲ့ခြင်းနှင့် မျိုးထုတ်သမဝါယမအသင်းများ ထူထောင်ဆောင်ရွက်နိုင်ရေး ကိုလည်း သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်မြို့နယ်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ပြည် ဇူလိုင် ၉

ပြည်မြို့နယ်၌ ပြည်သူလူထုအကြား ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာများတိုးပွားလာစေရန်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူတို့ကိုယ်တိုင် ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရန်နှင့် သစ်တောသစ်ပင်စိုက်ပျိုးခြင်းဖြင့် ဂေဟစနစ်များ ပြန်လည်မြင့်တက်လာစေရန်၊ လမ်းဘေးဝဲ/ယာ အရိပ်ရစေရန် ရည်ရွယ်၍ ပြည်–အောင်လံကားလမ်းဘေး မိုင်တိုင်အမှတ် (၁၈၁/၆) နှင့် (၁၈၁/၇) အကြား၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက်က ကျင်းပသည်။

အဆိုပါ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်လင်းဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာနမှဝန်ထမ်းများ စုစုပေါင်းအင်အား ၂၅၀ က တမာပျိုးပင်ပေါင်း ၁၀၀၀ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(ယာပုံ)** **ခရိုင်(ပြန်/ဆက်)**



# ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း ၂၁ ခုရှိ ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်လစ်လပ်ရာထူး ၅၀၂ နေရာ ရွေးချယ်ပေးရန် ရေးဖြေစာမေးပွဲစာစစ်ဌာန ငါးခု၌ ကျင်းပ

**နေပြည်တော် ဇူလိုင် ၉**

ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း ၂၁ ခုရှိ ပြန်တမ်းဝင် အရာရှိအဆင့် စတင်ခန့်လစ်လပ်ရာထူး ၅၀၂ နေရာ ရွေးချယ်ပေးရန် ရေးဖြေစာမေးပွဲကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးမြို့နှင့် မော်လမြိုင်မြို့တို့ရှိ စာစစ်ဌာန ငါးခု၌ ဇူလိုင် ၈ ရက်နှင့် ၉ ရက်တို့တွင် တစ်ပြိုင်တည်း ကျင်းပလျက်ရှိရာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစစ်အေးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းရှိ နေပြည်တော်စာစစ်ဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဖြေဆိုသူများကို အားပေးစကား ပြောကြားသည်။ **(ယာပုံ)**



အလားတူ ဇူလိုင် ၈ ရက်ကလည်း ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်သည် မန္တလေး တိုင်းဒေသကြီး မန္တလေးမြို့ အမှတ် (၁၇) အခြေခံပညာအထက်တန်းကျောင်းရှိ မန္တလေး စာစစ်ဌာန၊ အဖွဲ့ဝင် ဦးရဲနိုင်သည် နေပြည်တော် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းရှိ နေပြည်တော် စာစစ်ဌာန၊ အဖွဲ့ဝင် ဦးစိုးတင့်သည် ရန်ကုန်တိုင်း ဒေသကြီး လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းရှိ ရန်ကုန်စာစစ်ဌာန၊ အဖွဲ့ဝင် သူရဦးဘိုနီသည် မကွေးတိုင်းဒေသကြီး မကွေးမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းရှိ မကွေးစာစစ်ဌာနတို့သို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး ဖြေဆိုသူများကို အားပေးစကားပြောကြားကြသည်။

**ဖြေဆိုကြသူ စုစုပေါင်း ၂၀၁၃ ဦးရှိ**

ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးအတွက် လိုအပ်သော အရည်အသွေးမြင့် ပြန်တမ်းဝင်အဆင့်စတင်ခန့် အရာထမ်းရာထူးများကို ရွေးချယ်ပေးလျက်ရှိပြီး ဘွဲ့ရပညာတတ်လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေး၊ အရည်အချင်းကို အခြေခံ၍ လူမှန်၊ နေရာမှန် ခန့်အပ်နိုင်ရေးအတွက် ရွေးချယ်ရေးလုပ်ငန်းစဉ်များကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ယခုကျင်းပသော ရေးဖြေစာမေးပွဲသို့ လာရောက်ဖြေဆိုကြသူ စုစုပေါင်း ၂၀၁၃ ဦး ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

○ *ရှေ့ဖုံးမှ*

များကို သက်ဆိုင်သည့် နိုင်ငံနှင့် စိစစ်ထားခြင်း လုံးဝမရှိကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီကို ဖွဲ့စည်းထားပြီး လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ဒုတိယအကြိမ် အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (၂၀၂၂-၂၀၂၃) ကို အကောင်အထည်ဖော်လျက်ရှိသည်။ တိုင်ကြားမှုများကို မှတ်တမ်းပြုစုလုပ်ဆောင်နိုင်ရန်အတွက် အရေးပေါ်ဖုန်းအမှတ် (Help line number 1566) ဖြင့် တိုင်ကြားမှုယန္တရားကို တည်ထောင်ထားပြီးဖြစ်သည်။

တစ်ဖက်တွင် အစီရင်ခံစာသည် အကြမ်းဖက်အဖွဲ့များဖြစ်သည့် NUG နှင့် PDF တို့ကြောင့် ကလေးသူငယ် ၉၇ ဦး အသက်ဆုံးရှုံးခဲ့ပြီး ၂၇၅ ဦး ပြင်းထန်စွာထိခိုက်ဒဏ်ရာရစေခဲ့သည့် ရက်စက်ကြမ်းကြုတ်သောရာဇဝတ်မှုများကို ဖုံးကွယ်ရန် ကြိုးပမ်းခဲ့သည်။ ထို့အပြင် အကြမ်းဖက် PDF အဖွဲ့များက နိုင်ငံတစ်ဝန်း ဆေးရုံနှင့်ဆေးခန်းကိုးခု၊ စာသင်ကျောင်းနှင့် ပညာရေးအဆောက်အဦ ၁၄၀ ကို တိုက်ခိုက်ခဲ့သည်။ သို့ရာတွင် အစီရင်ခံစာ၌ ၎င်းတို့၏ လူမဆန်သောကျူးလွန်မှုများကို အမှုန်အမွှားမျှသာ ဖော်ပြခဲ့ပြီး အကြမ်းဖက်အဖွဲ့များ၏ ရက်စက်သော ကျူးလွန်မှုများကို "အမည်မဖော်နိုင်သော ကျူးလွန်သူများ" အဖြစ် မရေရာသော အသုံးအနှုန်းများဖြင့် ဖုံးကွယ်ရန် ကြိုးစားခဲ့သည်။

အရွယ်မရောက်သေးသူများအား စုဆောင်းခြင်းမှ ကာကွယ်တားဆီးရေးနှင့်ပတ်သက်၍ ကာကွယ်ရေးဝန်ကြီးဌာန၏ ဦးစီးဆောင်ရွက်မှုဖြင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ တားဆီးကာကွယ်ထိန်းသိမ်းရေးကော်မတီကို ၂၀၁၁ ခုနှစ်မှစ၍ ဖွဲ့စည်းခဲ့ပြီး ကုလသမဂ္ဂစောင့်ကြည့်လေ့လာ အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့ (UNCTFMR) နှင့် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ သို့ရာတွင် CTFMR ၏ အရင်းအမြစ်များမည်သို့ရရှိကြောင်း ပွင့်လင်းမြင်သာမှု မရှိသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် CTFMR ၏ အမှီအခိုကင်းမှုနှင့် ဘက်မလိုက်မှုတို့အပေါ် စိုးရိမ်မှုရှိသည်။ ၂၀၁၃ ခုနှစ်မှစ၍ CTFMR က ပေးပို့ခဲ့သည့် အသက်မပြည့်သူဟု သံသယရှိသူ ၂၃၆၄ ဦးရှိပြီး အချက်အလက် ပြည့်စုံမှုမရှိခြင်းကြောင့် ၁၁၉၇ ဦးကို သံသယစာရင်းမှ ပယ်ဖျက်ခဲ့ပြီးဖြစ်သည်။ အရွယ်မရောက်သေးသူ ၁၀၅၇ ဦးကို တပ်မတော်မှ နုတ်ထွက်စေခဲ့ပြီးဖြစ်ကာ တာဝန်ရှိသည့် တပ်မတော်သား ၄၇၅ ဦးကို အရေးယူအပြစ်ပေးမှုများ ဆောင်ရွက်ခဲ့သည်။ အသက်မပြည့်သေးသူများအား စုဆောင်းမှု ဖြစ်ပေါ်ရသည့် ဖြစ်စဉ်အများစုမှာ တစ်ဦးတစ်ယောက်၏ အသက်နှင့်ပတ်သက်၍ စိစစ်ရန် အရပ်ဘက်စာရွက်စာတမ်းများ ပြည့်စုံမှု မရှိခဲ့ခြင်းကြောင့်ဖြစ်ပြီး ဖြစ်စဉ်အများစုမှာ ၂၀၀၀ ပြည့်နှစ်များမှ ကိစ္စရပ်များဖြစ်သည်။ အမှန်စင်စစ်အားဖြင့် ယခုအစီရင်ခံသည့် ကာလအတွင်း CTFMR သည် အသက်မပြည့်သူဟု သံသယရှိသူ ခုနစ်ဦးနှင့် ပတ်သက်၍သာ အကြောင်းကြားခဲ့သော်လည်း နှစ်စဉ်အစီရင်ခံစာ၏ နောက်ဆက်တွဲစာရင်းတွင် မြန်မာနိုင်ငံကို ဆက်လက်ထည့်သွင်းထားနိုင်ရန်အတွက် ယခုအစီရင်ခံစာတွင် ၁၁၂ ဦးဟူ၍ ဖြစ်ရပ်ဟောင်းများနှင့် ရောထွေးဖော်ပြခဲ့သည်။

မြန်မာတပ်မတော်ကို အစီရင်ခံစာ၏ နောက်ဆက်တွဲစာရင်းတွင် ထပ်မံထည့်သွင်းခဲ့ခြင်းနှင့် အပြုသဘောမဆောင်သည့် အဆင့်များ ဆောင်ရွက်ရန် အရိပ်အမြွက်ဖော်ပြလာခြင်းသည် နိုင်ငံအတွင်းရှိ ကလေးသူငယ်များအကျိုးအတွက် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအကြား ပူးပေါင်းဆောင်ရွက်မှုများအပေါ် အထောက်အကူပြုမည်မဟုတ်ပါ။ အစီရင်ခံစာတွင် ပါဝင်သည့် လိုရာဆွဲ ဖော်ပြထားသည့် ကိန်းဂဏန်းများနှင့် အခြေအမြစ်မရှိသည့် စွပ်စွဲချက်များကို မြန်မာနိုင်ငံက ကန့်ကွက်ပယ်ချပြီး ကုလသမဂ္ဂအနေဖြင့် ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပိုမိုကောင်းမွန်စွာ လေ့လာသုံးသပ်ပြီး အပြုသဘောဆောင်သော ချဉ်းကပ်မှုဖြင့် ဆောင်ရွက်ရန် တောင်းဆိုသည်။

**လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ**

**၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၉ ရက်**

***************

---

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၁၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇူလိုင် ၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၁၀ ရက်မှ ဇူလိုင် ၁၆ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၄၁၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင်ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

---

## ပေါင်းတည်၌ မူလတန်းဆင့် အသက် ၁၂ နှစ်အောက် မိုးရာသီဘောလုံးပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

**ပေါင်းတည် ဇူလိုင် ၉**

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပေါင်းတည်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းပေါင်းစုံ၊ မူလတန်းဆင့် မိုးရာသီ ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယမန်နေ့က မြို့နယ် ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။ **(အောက်ပုံ)**



အခမ်းအနားသို့ မြို့နယ်ပညာရေးမှူး ဒေါ်နော်ဆဲပွယ်ဖော၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးမှူး ဒေါ်နီလာဝင်း၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ပြိုင်ပွဲဝင် ၁၅ သင်းမှ အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မြို့နယ်ပညာရေးမှူးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ချမှတ်ထားသော ဦးတည်ချက် (၉) ချက်အနက် လူမှုရေးဦးတည်ချက်ဖြစ်သော တစ်မျိုးသားလုံး ကျန်းမာရေးနှင့် ကျန်းမာကြံ့ခိုင်သော လူငယ်လူရွယ်များ ပေါ်ထွန်းလာစေရန်၊ မူလတန်းဆင့်မှစ၍ နိုင်ငံတော်အဆင့်အထိ အားကိုးအားထား ပြုထိုက်သော ဘက်စုံထူးချွန်သူများ ပေါ်ထွန်းလာစေရန်နှင့် အားကစားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက်ပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးကာ ပထမပွဲစဉ်ကို စတင်ကစားကြသည်။

ပြိုင်ပွဲများကို တစ်နေ့ နှစ်ပွဲနှုန်းဖြင့် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဆုကြေးငွေအဖြစ် ပထမဆု ငွေကျပ် သုံးသိန်း၊ ဒုတိယဆု ငွေကျပ် နှစ်သိန်းနှင့် တတိယဆု ငွေကျပ် တစ်သိန်းစီ ဆုချီးမြှင့်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **သူရကြီး (ပြန်/ဆက်)**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများ၏ ဓမ္မစကြာနှင့်အနတ္တလက္ခဏသုတ် အလွတ်ရွတ်ဆိုပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်



**မြစ်ကြီးနား ဇူလိုင် ၉**

ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ကချင်ပြည်နယ်အတွင်းမှ တပ်ဖွဲ့/ ဦးစီးဌာနများ၏ ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ် အလွတ်ရွတ်ဆို ပူဇော်ပြိုင်ပွဲကို ဇူလိုင် ၈ ရက် နံနက်ပိုင်းက စတင်၍ ဝန်ကြီးဌာနအောက်ရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်ရဲတပ်ဖွဲ့၊ ပြည်နယ်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပြည်နယ်အကျဉ်းဦးစီးဌာနနှင့် ပြည်နယ်မီးသတ်ဦးစီးဌာနမှ ဝတ်အသင်းများက အလှည့်ကျယှဉ်ပြိုင်ခဲ့ကြရာ ညနေပိုင်းတွင် ဆုရအသင်းများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က မည်သည့်ဘာသာတရားမဆို တရားဓမ္မနှင့် မွေ့လျော်နေပါက စိတ်တည်ငြိမ်အေးချမ်းပြီး နူးညံ့သိမ်မွေ့လာသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ဘဝတွင် အတွေးအခေါ်၊ အသိဉာဏ်ပညာ ရင့်ကျက်စေရန်အတွက် တရားဓမ္မဖြင့် မွေ့လျော်တတ်ရန် လိုအပ်ကြောင်း၊ ယနေ့ပြိုင်ပွဲပြီးစီးပါက တပ်ဖွဲ့/ ဦးစီးဌာနများအနေဖြင့် အလေ့အကျင့်၊ အလေ့အထကောင်းတစ်ခုအနေနှင့် နေ့ကြီး၊ ရက်ကြီးနှင့် လပြည့်လကွယ်နေ့များတွင်လည်း စဉ်ဆက်မပြတ် ရွတ်ဆိုပူဇော်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာနှင့် ပြည်နယ်စီးပွားရေးရာဝန်ကြီး၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးတို့က ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ်ရွတ်ဆို ပူဇော်ပြိုင်ပွဲတွင် အကဲဖြတ်/ အမှတ်ပေးရေး လုပ်ငန်းကော်မတီအဖြစ် ဆောင်ရွက်ပေးခဲ့ကြသော ဆရာတော် နှစ်ပါးအတွက် ဝတ္ထုငွေများ လှူဒါန်းကြကာ လူပုဂ္ဂိုလ်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြိုင်ပွဲတွင် ဆုရအသင်းများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်လွင်လွင်မော်နှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး ကျော်ထွန်းတို့က အထူးဆုရရှိသော ပြည်နယ်အကျဉ်းဦးစီးဌာနနှင့် ပြည်နယ်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန အသင်းတို့အား ဂုဏ်ပြုဆုများကို လည်းကောင်း၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေးက တတိယဆုရ ပြည်နယ်မီးသတ်ဦးစီးဌာနအသင်းအား လည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယက၊ ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးက ဒုတိယဆုရရှိသော ပြည်နယ်ရဲတပ်ဖွဲ့အသင်းအား လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က ပထမဆုရရှိသော ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအသင်းအား လည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

ပြည်နယ်(ပြန်/ဆက်)

# မကွေးတိုင်းဒေသကြီးအဆင့် ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ် အလွတ်ရွတ်ဆို ပူဇော်မှုပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

**မကွေး ဇူလိုင် ၉**

ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိတပ်ဖွဲ့/ဦးစီးဌာနများက မကွေးတိုင်းဒေသကြီးအဆင့် ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ် အလွတ်ရွတ်ဆို ပူဇော်မှုပြိုင်ပွဲ နှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့က မကွေးမြို့ မြသလွန်ဘုရား ရင်ပြင်တော်ရှိ မဟာဝိဇယရံသီ တန်ဆောင်း၌ ကျင်းပသည်။



### ပူဇော်ယှဉ်ပြိုင်

ဦးစွာ မကွေးတိုင်းဒေသကြီး အဆင့် ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ် အလွတ်ရွတ်ဆို ပူဇော်မှုပြိုင်ပွဲကို နံနက်ပိုင်းတွင် ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများ ဖြစ်သော တိုင်းဒေသကြီး အကျဉ်းဦးစီးဌာန၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့၊ တိုင်းဒေသကြီးအထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနနှင့် တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန ဝတ်ရွတ်အသင်းများက အဖွဲ့လိုက် အလွတ်ရွတ်ဆို ပူဇော်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဆုချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားကို ညနေပိုင်းတွင် ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်သည်။

### ဆုများ ပေးအပ်ချီးမြှင့်

အဆိုပါ အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ပထမဆုရရှိသော မကွေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ပုညကာရီ ဝတ်ရွတ်အသင်းအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်သည်။ ထို့နောက် ဒုတိယဆုရရှိသော မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဓမ္မသိဂီဝတ်ရွတ်အသင်းအား မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီးက လည်းကောင်း၊ တတိယဆုရရှိသော မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ သုခကာရီ ဝတ်ရွတ်အသင်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးသန့်ဇင်ကိုကိုက လည်းကောင်း၊ နှစ်သိမ့်ဆုရရှိသော မကွေးတိုင်းဒေသကြီး အကျဉ်းဦးစီးဌာနက ပုညဝဇ္ဇဝတ်ရွတ်အသင်းနှင့် မကွေးတိုင်းဒေသကြီး အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဓမ္မနန္ဒီဝတ်ရွတ်အသင်းတို့အား မကွေးတိုင်းဒေသကြီး တပ်ဖွဲ့/ဦးစီးဌာနအဆင့် ဝတ်ရွတ်ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဦးသန်းဆွေဝင်းနှင့်တိုင်းဒေသကြီး မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး၏ ဇနီးက လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မောင်ညီညာ**

## မုဒုံမြို့နယ် မြတ်ပညာငွေစုငွေချေးသမဝါယမအသင်း လီမိတတ်က ပညာသင်ထောက်ပံ့ကြေးချီးမြှင့်ပွဲ ကျင်းပ

**မုဒုံ ဇူလိုင် ၉**

မွန်ပြည်နယ် မုဒုံမြို့နယ် မြတ်ပညာငွေစုငွေချေးသမဝါယမအသင်း လီမိတတ်က ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် အသင်းသားများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေး ချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၉ ရက်က အဆိုပါအသင်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဦးသန်းတင်က အမှာစကား ပြောကြားပြီး အသင်းအတွင်းရေးမှူးက ပညာသင်ထောက်ပံ့ကြေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် သုံးဘာသာ၊ တစ်ဘာသာနှင့် ရိုးရိုးအောင်မြင်သူများအား မုဒုံမြို့နယ် သမဝါယမ ဦးစီးဌာနမှ ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းနှင့် ဆုငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တောင်ငူမြို့၌ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ခွင့်ပြုပေးအပ်

**တောင်ငူ ဇူလိုင် ၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် လူမှုဖူလုံရေးအဖွဲ့မှ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန နတ်သျှင်နောင်ခန်းမ၌ မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျုံးဝင် မှတ်ပုံတင်ထားသော အာမခံလုပ်သားတစ်ဦး၏ လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရ သေဆုံးခြင်းအတွက် ကျန်ရစ်သူမိသားစုသို့ ကျန်ရစ်သူ အကျိုးခံစားခွင့်နှင့် အခြားအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကို ပြုလုပ်သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး လူမှုဖူလုံရေး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းစိုးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး လူမှုဖူလုံရေးတာဝန်ခံအရာရှိက မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ အာမခံအလုပ်သမား ဦးကျော်မင်းဆန်း၏ လုပ်ငန်းခွင် ထိခိုက် သေဆုံးခြင်းအတွက် ကျန်ရစ်သူမိသားစုသို့ အကျိုးခံစားခွင့်ငွေကျပ် ၄၃၂၀၀၀၀ အား ဇနီးဖြစ်သူ ဒေါ်မူလီးဖောထံသို့ လည်းကောင်း၊ ခရိုင်အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ပွင့်ဖြူဇင်သက်က တောင်ငူဒေသ သစ်ထုတ်လုပ်ရေးမှ အာမခံအလုပ်သမားဦးအောင်ကျော်မိုး၏ နာရေးစရိတ်ခွင့်ပြုငွေကျပ် ၉၀၀၀၀၀ ကို ဇနီးဖြစ်သူ ဒေါ်အေးကြူထံသို့ လည်းကောင်း၊ ယာယီမသန်စွမ်းမှု၊ မီးဖွားမှု၊ ဖခင်ဘဝဖြစ်မှုနှင့် ဆိုင်သည့် အကျိုးခံစားခွင့်ရသူများအား တာဝန်ရှိသူများက ကာယကံရှင်များထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# ၁၃၈၅ (၂၀၂၃) ခုနှစ်၊ အကြိမ်(၃၀)မြောက် အစိုးရနိကာယ်စာမေးပွဲ အောင်စာရင်းထုတ်ပြန်ကြေညာချက်

(၉-၇-၂၀၂၃)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ၂၀၂၃ ခုနှစ်၊ အကြိမ် (၃၀) မြောက် အစိုးရနိကာယ်စာမေးပွဲကြီးကို တစ်ပြည်လုံးရှိ ခွင့်ပြုစာဖြေဌာန ၇၈ ဌာနတို့၌ ၁-၆-၂၀၂၃ (ကြာသပတေး)နေ့မှ ၅-၆-၂၀၂၃ (တနင်္လာ)နေ့အထိ ၅ ရက်တိုင်တိုင် ကျင်းပခဲ့ပါသည်။

၂။ ယင်းစာမေးပွဲတွင် ဝင်ရောက်ဖြေဆိုရန် စာရင်းသွင်းထားသည့် ပုဂ္ဂိုလ်ဦးရေ(၁၈၀၆၅)ပါးရှိပြီး ဖြေဆိုသည့်ပုဂ္ဂိုလ်ဦးရေမှာ(၁၃၀၀၁) ပါးဖြစ်၍ ကျမ်းစဉ်အလိုက် အောင်မြင်သူဦးရေ စုစုပေါင်းမှာ(၄၆၅၄) ပါး ဖြစ်ရာ (၃၅.၇၉ )ရာခိုင်နှုန်း အောင်မြင်ကြပါသည်။

၃။ အုပ်စု(၁) ခုဒ္ဒကနိကာယ(ဝိနယပိဋက) ဝိနည်းငါးကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် (၈၆၇)ပါး၊ လေးကျမ်းအောင် (၃၆၁)ပါး၊ သုံးကျမ်းအောင် (၄၆၂)ပါး၊ နှစ်ကျမ်းအောင် (၅၅၄)ပါး၊ တစ်ကျမ်းအောင် (၅၉၇)ပါးတို့ဖြစ်ပါသည်။ ဝိနည်းငါးကျမ်းအောင် (၈၆၇)ပါးအနက် ပထမ၊ ဒုတိယ၊ တတိယ၊ သီလရှင် ပထမရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခုံအမှတ် ဒဂရ/၉ အရှင်ဝိညာဏဇောတ၊ အသက်(၃၁) နှစ်၊ အဘ ဦးကြင်ငွေ၊ ထီးဆောင်းရွာ၊ မြင်းမူမြို့၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **(ပထမ)**

(ခ) ခုံအမှတ် သဆ/၅၂ အရှင်ကုသလ၊ အသက်(၄၁)နှစ်၊ အဘ ဦးလှဝေ၊ ဇီးဖြူကုန်းရွာ၊ ဒက္ခိဏသီရိမြို့၊ ဝေဠုဝန်ပရိယတ္တိစာသင်တိုက်၊ မင်းလှမြို့၊ ပဲခူးတိုင်းဒေသကြီး။ **(ဒုတိယ)**

(ဂ) ခုံအမှတ် စက/၁၈၈ အရှင်ဝေသာရဇ္ဇ၊ အသက်(၂၀)နှစ်၊ အဘ ဦးမင်းဆောင်၊ ကွမ်းတောရွာ၊ မြိုင်မြို့၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ **(တတိယ)**

(ဃ) သီလရှင် **ပထမ** စက/၁၆၉၀ မဇဝနညာဏီ၊ အသက်(၂၅) နှစ်၊ အဘ ဦးစိုင်းတင်ဝင်း၊ နောင်မရွာ၊ နမ့်ခမ်းမြို့၊ သကျဓီတာသီလရှင်စာသင်တိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၄။ အုပ်စု(၂) ဒီဃနိကာယ(သုတ္တန္တပိဋက)သုံးကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၄၈၅)ပါး၊ နှစ်ကျမ်းအောင်(၇၃)ပါး၊ တစ်ကျမ်းအောင်(၆၃)ပါးတို့ဖြစ်ပါသည်။ သုံးကျမ်းအောင် (၄၈၅)ပါးအနက် ပထမ၊ ဒုတိယ၊ တတိယ ရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခုံအမှတ် သိမ်/၂ အရှင်ပညာဇောတ၊ အသက်(၂၉)နှစ်၊ အဘ ဦးဖိုးဆန်း၊ ဝက်ပုတ်ကျေးရွာ၊ ဘုတလင်မြို့၊ အောင်မြေဘုံသာကျောင်းတိုက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ **(ပထမ)**

(ခ) ခုံအမှတ် ပ/၁၅ အရှင်အဂ္ဂဝံသ၊ အသက်(၂၇)နှစ်၊ အဘ ဦးအောင်၊ နှောပင်ရွာ၊ ရေစကြိုမြို့၊ သီတဂူဗုဒ္ဓကောလိပ်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး။ **(ဒုတိယ)**

(ဂ) ခုံအမှတ် သဆ/၂၁ အရှင်စန္ဒာဝရ၊ အသက်(၃၄)နှစ်၊ အဘ ဦးသိန်းဝင်း၊ ကသာရွာ၊ တောင်တွင်းကြီးမြို့၊ ကဝိန္ဒာရာမကျောင်း၊ မိုးညိုမြို့၊ ပဲခူးတိုင်းဒေသကြီး။ **(တတိယ)**

၅။ အုပ်စု(၃) မဇ္ဈိမနိကာယ(သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၅၁)ပါး၊ နှစ်ကျမ်းအောင်(၂၉)ပါး၊ တစ်ကျမ်းအောင်(၄၇)ပါးတို့ဖြစ်ပါသည်။

၆။ အုပ်စု(၄) သံယုတ္တနိကာယ(သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၄၁)ပါး၊ နှစ်ကျမ်းအောင်(၁၈) ပါး၊ တစ်ကျမ်းအောင်(၁၂)ပါးတို့ဖြစ်ပါသည်။

၇။ အုပ်စု(၅) အင်္ဂုတ္တရနိကာယ(သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၂၅၃)ပါး၊ နှစ်ကျမ်းအောင် (၁၈၉) ပါး၊ တစ်ကျမ်းအောင် (၁၆၅)ပါးတို့ဖြစ်ပါသည်။ သုံးကျမ်းအောင် (၂၅၃) ပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခုံအမှတ် ပူရ/၄ အရှင်ကေလာသ၊ အသက်(၂၃)နှစ်၊ အဘ ဦးပေါ၊ မင်းရွာ၊ မလှိုင်မြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ **(ပထမ)**

(ခ) ခုံအမှတ် ပူရ/၁ အရှင်အဂ္ဂါစာရ၊ အသက်(၂၆)နှစ်၊ အဘ ဦးမော်သိန်း၊ ပေါက်တောကျွန်းရွာ၊ ရေစကြိုမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ **(ဒုတိယ)**

(ဂ) ခုံအမှတ် စက/၉၆ ရှင်တေဇောဘာသာလင်္ကာရ အသက် (၂၀)နှစ်၊ အဘ ဦးခွန်ဝင်းအောင်၊ တောင်လေးရွာ၊ ပင်လောင်းမြို့၊ မဟာသုဗောဓာရုံကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ **(တတိယ)**

၈။ အုပ်စု(၆) ခုဒ္ဒကနိကာယ(၁)(သုတ္တန္တပိဋက)ဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် (၅)ပါး၊ လေးကျမ်းအောင် (၁)ပါး၊ သုံးကျမ်းအောင် (၁)ပါး၊ နှစ်ကျမ်းအောင် (-)ပါး၊ တစ်ကျမ်းအောင် (-) ပါးတို့ ဖြစ်ပါသည်။

၉။ အုပ်စု(၇) ခုဒ္ဒကနိကာယ(၂) (သုတ္တန္တပိဋက) ဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် (၃)ပါး၊ လေးကျမ်းအောင် (-)ပါး၊ သုံးကျမ်းအောင် (-)ပါး၊ နှစ်ကျမ်းအောင် (၄)ပါး၊ တစ်ကျမ်းအောင် (၂)ပါးတို့ ဖြစ်ပါသည်။

၁၀။ အုပ်စု(၈) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက)(ပထမပိုင်း) နှစ်ကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင်(၂၁၈)ပါး၊ တစ်ကျမ်းအောင်(၉၄)ပါးတို့ဖြစ်ပါသည်။ နှစ်ကျမ်းအောင် (၂၁၈)ပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခုံအမှတ် ပူရ/၉ အရှင်ဉာဏဓ၊ အသက်(၂၈)နှစ်၊ အဘ ဦးခင်အေး၊ ကျားတိုင်းရွာ၊ မြင်းခြံမြို့၊ မြရတနာရာမပရိယတ္တိစာသင်တိုက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ **(ပထမ)**

(ခ) ခုံအမှတ်၊ ဒဂရ/၂၂ အရှင်အဂ္ဂဉာဏာလင်္ကာရ၊ အသက် (၂၉)နှစ်၊ အဘ ဦးမြင့်ဝေ၊ အမှတ်(၆) ရပ်ကွက်၊ မြင်းခြံမြို့၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **(ဒုတိယ)**

(ဂ) ခုံအမှတ် ပခ/၁၆ အရှင်သီဟဉာဏ၊ အသက်(၃၄)နှစ်၊ အဘ ဦးပိုက်၊ သနပ္ပင်မြို့၊ ဥဿာတောရကျောင်း၊ ဥဿာမြို့သစ်၊ ပဲခူးတိုင်းဒေသကြီး။ **(တတိယ)**

၁၁။ အုပ်စု(၉) ခုဒ္ဒကနိကာယ (အဘိဓမ္မပိဋက) (ဒုတိယပိုင်း) လေးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် လေးကျမ်းအောင် (၁)ပါး၊ သုံးကျမ်းအောင် (၁)ပါး၊ နှစ်ကျမ်းအောင် (၁)ပါး၊ တစ်ကျမ်းအောင် (၂)ပါးတို့ ဖြစ်ပါသည်။

၁၂။ အုပ်စု(၁) ခုဒ္ဒကနိကာယ(ဝိနယပိဋက) ဝိနည်းအဋ္ဌကထာ (မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၁၅) ပါး၊ နှစ်ကျမ်းအောင် (၁၁)ပါး၊ တစ်ကျမ်းအောင် (၁၀)ပါးတို့ဖြစ်ပါသည်။

၁၃။ အုပ်စု(၂) ဒီဃနိကာယ(သုတ္တန္တပိဋက)ဒီဃနိကာယ်အဋ္ဌကထာ (မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (-)ပါး၊ နှစ်ကျမ်းအောင် (၅)ပါး၊ တစ်ကျမ်းအောင် (၅)ပါးတို့ ဖြစ်ပါသည်။

၁၄။ အုပ်စု(၃)မဇ္ဈိမနိကာယ(သုတ္တန္တပိဋက) မဇ္ဈိမနိကာယ်အဋ္ဌကထာ (မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင်(-)ပါး၊ နှစ်ကျမ်းအောင်(-)ပါး၊ တစ်ကျမ်းအောင်(၁)ပါးတို့ ဖြစ်ပါသည်။

၁၅။ အုပ်စု(၄) သံယုတ္တနိကာယ(သုတ္တန္တပိဋက) သံယုတ္တနိကာယ်အဋ္ဌကထာ(မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (-) ပါး၊ နှစ်ကျမ်းအောင် (၁)ပါး၊ တစ်ကျမ်းအောင် (-) ပါးတို့ ဖြစ်ပါသည်။

၁၆။ အုပ်စု(၅) အင်္ဂုတ္တရနိကာယ(သုတ္တန္တပိဋက)အင်္ဂုတ္တိုရ်အဋ္ဌကထာ (မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင်(-)ပါး၊ နှစ်ကျမ်းအောင်(၃)ပါး၊ တစ်ကျမ်းအောင်(-)ပါးတို့ ဖြစ်ပါသည်။

၁၇။ အုပ်စု(၈) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက)အဋ္ဌကထာ(မဟာဝိဒူတန်း) နှစ်ကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင် (၁)ပါး၊ တစ်ကျမ်းအောင် (၂)ပါးတို့ဖြစ်ပါသည်။

၁၈။ အုပ်စု(၉) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက) အဋ္ဌကထာ (မဟာဝိဒူတန်း) ဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် အောင်မြင်သူ မရှိပါ။

၁၉။ ၁၃၈၅ ခုနှစ်(၂၀၂၃ ခုနှစ်)၊ အကြိမ်(၃၀)မြောက် နိကာယ်စာမေးပွဲ အောင်စာရင်းကို ဝိဒူတန်းအုပ်စု (၉)အုပ်စုနှင့် မဟာဝိဒူတန်းအုပ်စု (၇)အုပ်စုတို့တွင် ကျမ်းစဉ်အလိုက် အောင်မြင်ကြသူပေါင်း (၄၆၅၄) ပါး ဖြစ်ပါသည်။

၂၀။ ၁၃၈၅ ခုနှစ်(၂၀၂၃ ခုနှစ်)၊ အကြိမ်(၃၀)မြောက် နိကာယ်စာမေးပွဲ အောင်စာရင်းအပြည့်အစုံကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၉**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများသည် မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။



ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းကန်ဦး ကျောင်းတိုက်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ ဇောတိကာရုံကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဆင်ဖြူပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ရှိ သုံးပါးရတနာကျောင်းတိုက်နှင့် ရန်ကင်းမြို့နယ်ရှိ ပဋ္ဌနိကာယသာသနဝ္ဗိမာန် ကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ဇေတဝန်(ဘ/က) ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ကြခက်ဝိုင်းကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မြောက်ဥယျာဉ်တိုက်သစ်ကျောင်းတိုက်နှင့် မဟာအောင်မြေမြို့နယ်ရှိ ပုဂံအတွင်းဝန်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး သဃၤန်းကျွန်းမြို့နယ်ရှိ ဓမ္မဝိဟာရပထမကျော်ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဖရဲငွေတောင် ကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ မန်ဆူဘုရားကြီးကျောင်းတိုက်များသို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုင်းဖြတ်မြို့နယ်ရှိ အောင်ဇမ္ဗူဆုတောင်းပြည့်စေတီတော်မြတ်ကြီး အသစ်ပြန်လည်တည်ထားကိုးကွယ်ရန် အလှူငွေများဆက်ကပ်လှူဒါန်း

**မိုင်းဖြတ် ဇူလိုင် ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်ရှိ အောင်ဇမ္ဗူဆုတောင်းပြည့်စေတီတော်မြတ်ကြီးကို ရွှေစည်းခုံပုံတူအသစ်ပြန်လည် ပြုပြင်တည်ထားကိုးကွယ်သွားမည်ဖြစ်ရာ အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့ မွန်းလွဲပိုင်းက ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းတိုက်ရှိ မင်္ဂလာသီရိဓမ္မာရုံ၌ ကျင်းပသည်။ အခမ်းအနားတွင် ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တနန္ဒောဘာသထံ နယ်မြေခံတပ်မှ စစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် ကျော်လင်းမောင်နှင့် ဇနီးတို့က အလှူငွေကျပ် ၄၅၀၀၀၀၀၊ ဒုတိယဗိုလ်မှူးကြီး ဇင်အောင်က ငွေကျပ် ၃၀၀၀၀၀၊ ဒုတိယဗိုလ်မှူးကြီး အောင်ကိုစိုးနှင့် တပ်ရင်းတပ်ဖွဲ့များက လှူဒါန်းသည့် ငွေကျပ် ၅၀၀၀၀၀ ကိုလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်အောင်၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များက လှူဒါန်းသည့် အလှူငွေကျပ် ၃၅၀၀၀၀၀ ကို လည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သန်းထွန်းအေး(မိုင်းဖြတ်)**

# လှိုင်ကော်မြို့ရှိ မဟာရဋ္ဌပါလ ပြည်ငြိမ်းအေးနဂါးရုံမြတ်စွာဘုရား၊ ဗောဓိညောင်ပင်နှင့် ရှစ်မျက်နှာမြတ်စွာဘုရားနှင့် ဓမ္မာရုံအတွင်း၌ ကိုးကွယ်ထားသော ဥဒိသမြတ်စွာဘုရားကြီးတို့အား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူ မဟာမင်္ဂလာအခမ်းအနား ကျင်းပ



**နေပြည်တော် ဇူလိုင် ၉**

ကယားပြည်နယ် လှိုင်ကော်မြို့ရှိ မဟာရဋ္ဌပါလ ပြည်ငြိမ်းအေးနဂါးရုံမြတ်စွာဘုရား၊ ဗောဓိညောင်ပင်နှင့် ရှစ်မျက်နှာမြတ်စွာဘုရားနှင့် ဓမ္မာရုံအတွင်း၌ ကိုးကွယ်ထားသော ဥဒိသမြတ်စွာဘုရားကြီးတို့အား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူ မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းက လှိုင်ကော်တပ်နယ်ရှိဓမ္မာရုံ၌ ကျင်းပရာ လှိုင်ကော်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ရတနာသီရိတောင်ပေါ်ကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှမိုးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ရတနာသီရိတောင်ပေါ်ကျောင်းဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များက မဟာရဋ္ဌပါလ ပြည်ငြိမ်းအေး နဂါးရုံမြတ်စွာဘုရားနှင့် ဗောဓိညောင်ပင်နှင့် ရှစ်မျက်နှာမြတ်စွာဘုရားနှင့် ဓမ္မာရုံအတွင်း၌ ကိုးကွယ်ထားသော ဥဒိသမြတ်စွာဘုရားကြီးတို့အား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက လှိုင်ကော်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ရတနာသီရိတောင်ပေါ်ကျောင်းဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး(ဝဲပုံ) ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်း မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသင်္ဘောများဖြင့် ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်းမိုခါ ဘေးသင့်မြို့နယ်များသို့ ပြန်လည်ထူထောင်ရေးပစ္စည်းများ ပို့ဆောင်ပေးလျက်ရှိ

**စစ်တွေ ဇူလိုင် ၉**

ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်ပြီးနောက် မုန်တိုင်းဒဏ်သင့် မြို့နယ်များသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနပိုင် ရခိုင်ဌာနခွဲမှ သင်္ဘောများဖြင့် ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးပစ္စည်းများကို မေ ၂၃ ရက်မှ ဇူလိုင် ၈ ရက်အထိ တန်ချိန် ၃၈၁၇ ဒသမ ၂၁ တန်ကို ပို့ဆောင်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနပိုင် ရခိုင်ဌာနခွဲမှ သင်္ဘောများဖြစ်သော ကုလားတန်(၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆) ရေယာဉ်များဖြင့် မုန်တိုင်းသင့်ဒေသများဖြစ်သော ဘူးသီးတောင်၊ ရသေ့တောင်၊ မောင်တော၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ ပလက်ဝ၊ ပေါက်တော၊ မင်းပြား၊ မြောက်ဦး၊ မြေပုံမြို့များသို့ စားနပ်ရိက္ခာများ၊ ထောက်ပံ့ရေးကုန်ပစ္စည်းများ၊ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ဆောက်လုပ်ရေးပစ္စည်းများကို ပို့ဆောင်ပေးလျက်ရှိသည်။

အဆိုပါ ကုလားတန်သင်္ဘောများသည် ဆိုင်ကလုန်းမုန်တိုင်း မိုခါ လေဘေးသင့်ဒေသများသို့ ပို့ဆောင်ပေးခဲ့ရာတွင် အခေါက်ရေ ၁၇ ခေါက် စုစုပေါင်း တန်ချိန် ၃၈၁၇ ဒသမ ၂၁ တန်ကို ပို့ဆောင်ပေးခဲ့ပြီး ဖြစ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာန ရခိုင်ဌာနခွဲမှ သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇူလိုင် ၉**

ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့ အလိုရှိရာ စားသောက်ကုန် ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေး အတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ နယ်မြေခံ တပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင် စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှျစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်း မိသားစုများက တစ်ခဲနက်ဝယ်ယူ အားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ခန္တီးမြို့နယ် နန်မုံကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် နန်မုံကျေးရွာရှိ ဒေသခံပြည်သူများအား ယနေ့တွင် အနောက် မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မက်သဒစ်အသင်းတော် ဘုရားကျောင်း၌ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာ ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၀၂ ဦးတို့ကို သွေးတိုးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ နှလုံးရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ အသည်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။



ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ခန္တီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး(ဝဲပုံ) လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပူတာအိုမြို့နယ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်

**ပူတာအို ဇူလိုင် ၉**

ကချင်ပြည်နယ် ပူတာအိုမြို့၌ မြို့နယ်ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်းက ကြီးမှူး၍ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပူတာအိုစာစစ်ဌာနမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ဇူလိုင် ၈ ရက်က ပူတာအိုမြို့ ဒုတ္ထန်ရပ်ကွက်ရှိ ရဝမ်အမျိုးသားဥယျာဉ် ခါကာဘိုရာဇီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ဝင် ဦးဒွခမ်စိန်က အမှာစကားပြောကြားပြီး အထက(မူလာရှီးဒီ) ကျောင်းအုပ်ဆရာကြီး ဦးခေါင်ဖုန်၊ အမှတ်(၂) အေဂျီသာသနာခရိုင်လက်အောက်ရှိ အိုင်စီလဲန်းကျမ်းစာကျောင်း ကျောင်းအုပ်ဆရာကြီး သိက္ခာတော်ရရှိထဲလ်ဒီနှင့် Snowland Star Co.,Ltd မှ MD ဦးချန်းဂျောင်ဆားရ်တို့က ဂုဏ်ပြုအားပေးစကားများ ပြောကြားကြသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခေါင်လန်ဒီး၊ အဖွဲ့ဝင် ဦးမယစ်ယောရှု၊ မြန်မာနိုင်ငံရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးထုံဖူးဒဂုဏ်၊ မြို့နယ်ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးမဖန်းဆင်ဆုန်းတို့က ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် သုံးဘာသာဂုဏ်ထူးရှင် ၁၇ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၁ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၃၆ ဦးနှင့် ရိုးရိုးအောင်မြင်သူ ၅၆ ဦးတို့အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## ပုသိမ်မြို့ နိဂြောဓာရုံညောင်ပင်သာပရိယတ္တိစာသင်တိုက်ဝင်းအတွင်းရှိ မာတာပိတုပကာရကျောင်းတော်ကြီး ရေစက်ချအလှူမင်္ဂလာနှင့် သိက္ခာတော်ထပ်အလှူတော်မင်္ဂလာအခမ်းအနားကျင်းပ



**ပုသိမ် ဇူလိုင် ၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ နိဂြောဓာရုံ ညောင်ပင်သာပရိယတ္တိစာသင်တိုက်၌ မတည်အလှူရှင်များနှင့် အများစုပေါင်း တည်ဆောက်လှူဒါန်းခဲ့ကြသော မာတာပိတုပကာရကျောင်းတော်ကြီး ရေစက်ချအလှူမင်္ဂလာတော်နှင့် သိက္ခာတော်ထပ်အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါကျောင်း၌ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ပုသိမ်မြို့ ညောင်ပင်သာပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်၊ ဆရာတော် သံဃာတော်အရှင်သူမြတ်များ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ညောင်ပင်သာပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်အမှူးပြုသော သိက္ခာတော်ထပ် ဆရာတော် သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် သိမ်ဆင်းလောင်းလှူသည်။ ထို့နောက် အခမ်းအနားအား "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်ဩဝါဒါစရိယ ပုသိမ်မြို့ နိဂြောဓာရုံ ညောင်ပင်သာပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်(အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဘဒ္ဒန္တဝိသုတ မဟာထေရ်မြတ်ထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်အရှင်သူမြတ်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး (ဝဲပုံ)၊ တိုင်းဒေသကြီးဝန်ကြီးများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များတွင် အပတ်စဉ်စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မကွေး ဇူလိုင် ၉**

မကွေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်/ မြို့နယ်အသီးသီးတွင် အပတ်စဉ် စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၈ ရက် နံနက် ၇ နာရီက တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များရှိ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအဖွဲ့အစည်းများစုပေါင်း၍ မြို့အင်္ဂါရပ်နှင့် လျော်ညီစွာ မြို့ပတ်ဝန်းကျင် သန့်ရှင်းသာယာ လှပရေးအတွက် ဘုရားစေတီများ၊ မြို့တွင်း အဓိကလမ်းမကြီးများ၊ ဆေးရုံများ၊ ဈေးများ၊ ပန်းခြံများနှင့် အထင်ကရ နေရာများ၌ မြက်ပင်များနှင့် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များကို အမှိုက်ကားများဖြင့် စနစ်တကျ သိမ်းဆည်းခြင်း စသည့်စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများကို တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၅ မြို့နယ်လုံး၌ စုစုပေါင်းအင်အား ၂၀၀၀ ဖြင့် ဆောင်ရွက်ကြသည်။



ထို့ပြင် မကွေးတိုင်းဒေသကြီး အတွင်း မြို့နယ်အသီးသီးရှိ ရုံးဌာနများတွင် ရုံးအတွင်း၊ ရုံးအပြင် သန့်ရှင်းသပ်ရပ်မှုရှိပြီး ရုံးဌာန အဆောက်အအုံများ ဥပမိရုပ် ကောင်းမွန်စေရေးအတွက် ဌာနဆိုင်ရာ ဝန်ထမ်းများက အပတ်စဉ် သောကြာနေ့တိုင်း စုပေါင်းသန့်ရှင်းရေးကို တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၅ မြို့နယ်လုံးတွင် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ဟုမ္မလင်းမြို့နယ်၌ ငါးသားပေါက်များ ဖြန့်ဝေပေး

**နေပြည်တော် ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ကြီးကြပ်၍ ဟုမ္မလင်းခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဟုမ္မလင်းငါးလုပ်ငန်းစခန်းမှ ငါးမွေးတောင်သူ ၂၄ ဦးအား ငါးသားပေါက်များ ဖြန့်ဝေပေးခြင်းအခမ်းအနားကို ဇွန် ၂၆ ရက်က ဟုမ္မလင်းမြို့နယ် ကွန်းတောင်းကျေးရွာအုပ်စု အောင်သာငြိမ်းကျေးရွာ ဟုမ္မလင်းငါးလုပ်စခန်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးမှူး ဒေါက်တာစုမျိုးသွယ်က ငါးသားပေါက်များ ပေးအပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ငါးမွေးတောင်သူ ၂၄ ဦးတို့၏ မြေဧရိယာ ၅၈ ဒသမ ၈၅ ဧကအတွက် ဟုမ္မလင်းငါးသားပေါက်စခန်းမှ ထုတ်လုပ်သော နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ၁၀၂၇၀၀ ကို တာဝန်ရှိသူများက ပေးအပ်ရာ ငါးမွေးတောင်သူများက လက်ခံသည်။

အခမ်းအနားတွင် ဟုမ္မလင်းလေတပ်စခန်းဌာနချုပ် တပ်နယ်မှူး ဗိုလ်မှူးချုပ် သိန်းထွန်းဦး၊ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး သန်းဇော်ထွေး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ငါးမွေးမြူရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❒ *ကျောဖုံးမှ*

ရာသီချိန်ဖြစ်၍ ၂၀၂၃ - ၂၀၂၄ ခုနှစ်တွင် တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း၊ ရောင်းချနိုင်ရေးအတွက် အိန္ဒိယနိုင်ငံ သစ်သီးကုန်သည်အဖွဲ့အစည်းမှ လာမည့်ထောပတ်ရာသီတွင် တန်ချိန် ၁၀၀၀ ကမ်းလှမ်းထား၍ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

"အိန္ဒိယကို လာမယ့်ထောပတ်ရာသီမှာ တင်ပို့ရောင်းချသွားမှာပါ။ အိန္ဒိယကုန်သည်တွေက မြန်မာထောပတ်သီးကို ၂၀၁၉ ခုနှစ်ကနေစပြီးတော့ ရှမ်းပြည်နယ် တောင်ကြီးမြို့အထိ လာရောက်ဝယ်ယူတာရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အိန္ဒိယနိုင်ငံ သစ်သီးဝလံပြပွဲမှာ မြန်မာထောပတ်သီးကို သွားရောက်ပြသခဲ့ပါတယ်။ မြန်မာထောပတ်သီးကို ကြိုက်နှစ်သက်ကြပါတယ်။ ထောပတ်သီးတွေကတော့ အရည်အသွေးကောင်းဆိုဒ်တွေမီဖို့လိုပါတယ်။ တင်ပို့သွားမှာကတော့ Hass မျိုး ထောပတ်သီးကို အဓိကထားတင်ပို့သွားမှာပါ။ တမူးနယ်စပ်ကုန်သွယ်ရေးစခန်းကနေ Border Trade တင်ပို့မှာပါ။ ဥရောပနိုင်ငံတွေကလည်း ချိတ်ဆက်လာတာရှိပေမယ့် သယ်ယူစရိတ်ကြီးမြင့်လို့ အဲဒီဘက်ဈေးကွက်ကို လက်လွှတ်ထားပြီး အာရှဈေးကွက်ကို အာရုံစိုက်ပြီးတော့ ဆောင်ရွက်နေပါတယ်" ဟု ၎င်းက ရှင်းပြသည်။

ပြည်တွင်း၌ ထောပတ်သီးစိုက်ဧကမှာ ၂၀၂၀ ပြည့်နှစ် စာရင်းများအရ ဧက ၂၀၀၀၀ ခန့်ရှိ၍ ချင်းပြည်နယ်ဘက်တွင် စိုက်ပျိုးနိုင်ခြင်းမရှိသော်လည်း အခြားဒေသများ၌ စိုက်ပျိုးထုတ်လုပ်သူတိုးလာနေပြီး တစ်ဧကလျှင် Export Quality ထောပတ်သီးတန်ချိန် ၅၀၀၀ မှ ၁၀၀၀၀ ကြား ထွက်ရှိကြောင်း သိရသည်။

**မောင်အေးချမ်း**

# ပင်လယ်ပျော်တို့ဒေသသို့ ဖွံ့ဖြိုးရေးဖြင့် ပွေ့ဖက်ခြင်း

**ဝထကလသ(နတလ)**



နယ်စပ်ရေးရာဝန်ကြီးဌာနက ဆလုံတိုင်းရင်းသားများအတွက် ဆောက်လုပ်ပေးထားသည့် တန်ဖိုးနည်းအိမ်ရာများ။

**လှလိုက်တဲ့ "တနင်္သာရီ"**

ဤလှပသောမြင်ကွင်းကို ငေးကြည့်ရင်း "အမိမြန်မာပြည်၏တောတောင်များ အစဉ်စိမ်းလန်းပြီး တောင်တန်းများ အမြဲခိုင်ခံ့တည်တံ့ကာ ပင်လယ်ပြင်ကြီးများ ထာဝရရှင်သန်ပါစေ" ဟု ဆုတောင်းနေမိပါသည်။ စာရေးသူတို့စစ်ကြောင်း ရောက်ရှိနေသောတောင်ထိပ်မှ မြောက်စွန်းသို့ လှမ်းကြည့်လျှင် ထင်ထင်ရှားရှားမြင်ရသည်က တနင်္သာရီဒေသအတွင်း အမြင့်ဆုံး မိုးထိနေသည့် မြင့်မိုရ်လက်ခတ်တောင်။ ကျန်သည့် အရပ်လေးမျက်နှာတွင်လည်း တောင်ပင်လယ် အနိမ့် အမြင့်များက မျက်စိတစ်ဆုံး။

တောင်များကို ရစ်သိုင်းနေသည့် မြူနှင်းတိမ်စိုင်ကြားမှ တောင်တန်းများ၏အလှက အံ့ဖွယ်ပန်းချီကားတစ်ချပ်လိုပင်။ ကြီးထွားမင်းမူနေသည့် မြက်ရိုင်းပင်များက တောင်အောက်မှ ဇွဲယမ်းပင့်တိုက်နေသည့် လေတဟူးဟူးနှင့်အတူ ဘယ်ညာယိမ်းနွဲ့နေကြသည်။ တောင်ထိပ်မှနေ၍ နိမ့်ဆင်းသွားသော တောင်စွယ်များကိုကျော်ကာ အန်ဒမန် (Andaman Sea) ပင်လယ်ပြင်ကြီးကို ကြည့်ရသည်မှာလည်း အလွန်အရသာရှိလှပေသည်။ ပင်လယ်ပြင်တွင် ကျွန်းငယ်လေးများက ဟိုသည်အစုအစုရှိနေကြသည်။ ထိုကျွန်းများကား မြိတ်ကျွန်းစုများဖြစ်ကြပေသည်။ စိမ်းပြာသောပင်လယ်နောက်ခံတွင် မျက်စိတစ်ဆုံး ထင်ရှားလှပစွာတွေ့မြင်နေရသည်။

**မုတ္တမကိုဖြတ်သန်းလျက်**

တနင်္သာရီဒေသသို့ စာရေးသူတပ်မတော်သားဘဝ ၁၉၉၆- ၁၉၉၇ ခုနှစ်လောက်က ရောက်ခဲ့ပါသည်။ ပြည်မြို့အခြေစိုက် ခြေမြန်တပ်မ၏ စစ်ကြောင်းများနှင့်အတူ ထားဝယ်၊ မြိတ်၊ ပုလော၊ ပလောက်၊ မေတ္တာ၊ ကျောက်လုံးကြီး၊ ဘန်းချောင်း၊ တနင်္သာရီ၊ ထီးထ၊ ကထောင်းနီ၊ ကွမ်းချောင်းလေး၊ ကွမ်းချောင်းကြီး၊ ကျောက်ထု၊ မြင့်မိုရ်လက်ခတ်တောင်၊ အောင်သာဝရဒေသတို့တွင် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးအတွက် စစ်ဆင်ရေးတာဝန်ထမ်းဆောင်ခဲ့ချိန်ဖြစ်ပါသည်။

စာရေးသူအပါအဝင် တပ်မတော်သားများ ပြည်မှ ထားဝယ်သို့ ယာဉ်တန်းများဖြင့် ချီတက်ခဲ့ကြသည်။ ထိုအချိန်က သံလွင်မြစ်ကူးတံတား (မော်လမြိုင်) မတည်ဆောက်ရသေးပေ။

၁၆ ရာစု၊ ၁၇ ရာစုမှ ၁၉ ရာစုအထိ မြန်မာနိုင်ငံ၏ အရေးကြီးဒေသတစ်ခု ဖြစ်ခဲ့ဖူးသည့် "မုတ္တမမြို့" ဆိပ်ကမ်းတွင် စစ်ကြောင်းကားများ ရပ်ကြရသည်။ ထိုမှမော်တော်ယာဉ်များကို "ဇက်သင်္ဘော" များဖြင့် သံလွင်မြစ်ကိုဖြတ်၍ မော်လမြိုင်ဘက်ကမ်းသို့ ကူးကြရသည်။ ထိုမှ ကားပေါ်ပြန်တက်၍ မုဒုံ၊ သံဖြူဇရပ်၊ လမိုင်း၊ ရေး၊ မလွဲတောင်၊ ကလိန်အောင်၊ ရေဖြူ၊ ထားဝယ်၊ သရက်ချောင်း၊ ဝင်းဝ၊ ပလောက်၊ ပုလော၊ ပလတို့ကိုဖြတ်ကာ မြိတ်ဒေသသို့ ခရီးဆက်ခဲ့ရသည်။ တောတောင်လမ်းများဖြစ်သဖြင့် လမ်းတစ်လျှောက် တောအုပ်စိမ်းစိမ်း၊ တောင်တန်းညိုညို့တို့က မြင်ကွင်း၌ ကပ်ပါလာကြသည်။

ကားလမ်းများရှိသော်လည်း တောက်လျှောက်သွား၍မရသေး။ ချောင်းကူး၊ မြစ်ကူးတံတားများ မတည်ဆောက်ရသေး။ မိုးများသောဒေသ၊ မြစ်ချောင်းများပေါများသောဒေသ ဖြစ်သည်နှင့်အညီ မြစ်များ၊ ချောင်းများ ပေါများလှသည်။ ဝင်းဝရွာ၊ ပလောက်ရွာ၊ ပုလောအဝင်၊ သမုတ်၊ လော့လော့ချောင်း၊ ကျွဲကူး၊ ကျောက်ဖျာရွာတို့တွင် ကားများကို ဇက်များ၊ ဖောင်များဖြင့်တင်၍ ဖြတ်ကူးခဲ့ရသည့်အချိန်ဖြစ်သည်။ အချို့နေရာများမှာ ကျောက်ကြမ်းလမ်းဖြစ်ပြီး မြို့များနှင့်အနီးတစ်ဝိုက်တွင်မှ ကတ္တရာလမ်းများကို ဖြတ်သန်းရသည်။ ကျောက်ကြမ်းလမ်း၊ သဲကြမ်းလမ်း၊ ရွှံ့တန်း၊ ဗွက်တန်း၊ လှည်းလမ်း အနေအထားမျိုးစုံကို ဖြတ်သန်းသွားရခြင်းဖြစ်ပါသည်။ ခရီးသည်ကားများ သွားလာနိုင်မှုအနည်းငယ်သာရှိသောကာလဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုမရှိသေးသဖြင့် အချိန်ကြာခဲ့သည်။

**အလောင်းမင်းတရားကြီး၏ စစ်ချီရာလမ်းကြောင်း**

"ကုန်းဘောင်ခေတ် မဟာရာဇဝင်တော်ကြီး" ၌ **"မြန်မာသက္ကရာဇ် ၁၁၂၁ ခုနှစ်တွင် ယိုးဒယားတို့က ထားဝယ်ကို ထိပါးခဲ့သည်။ အလောင်းမင်းတရားကြီးသည် ကုန်းကြောင်းဖြင့် စစ်ချီခဲ့သည်။ ဘဝရှင်မင်းတရားကြီးဘုရားသည် ထားဝယ်မြို့က ချီတော်မူသည်။ ထိုကချီတော်မူသည့်နေ့ ကျောက်မြောင်းတွင် ချတော်မူသည်။ ထိုကမှ တောင်ပျောက်တွင် ချတော်မူသည်။ ထိုကမှ တိန်ညင်ချောင်း(ကညင်ချောင်း)တွင် ချတော်မူသည်။ ထိုကမှ ပလောင်ရွာ(ပလောက်ရွာ)တွင် ချတော်မူသည်။ ထိုကမှ ပုလောရွာတွင် ချတော်မူသည်။ ထိုကမှ ပုလောချောင်းတွင် ချတော်မူသည်။ ထိုကမှ ဘဝတ်ရွာ (ပဝတ်ကုန်း) တွင် ချတော်မူသည်။ ထိုကမှ သကောရွာတွင် ချတော်မူသည်။ ထိုကမှ တမုတ်ရွာတွင် ချတော်မူသည်။ ထိုက ချီတော်မူသည့်နေ့ မြိတ်မြို့ကို သိမ်းယူတော်မူပါသည်။"** ဟု ဖော်ပြထားကြောင်း လေ့လာတွေ့ရှိရပါသည်။ ထိုစဉ်က စစ်ချီစစ်တက် စစ်ကြောင်းကြီးများသည် တောရှင်း၊ တောနင်း၍ ချီတက်ခဲ့ကြဟန်တူသည်။ လမ်းဟူ၍ ပီပီပြင်ပြင်ဖောက်ခဲ့ဟန်မတူ။ ကျွန်တော်တို့ စစ်ကြောင်းယာဉ်များ ဖြတ်သန်းနေသည့် ကားလမ်းများသည်ပင်လျှင် ရှေးမြန်မာမင်းများ၏ စစ်ချီရာလမ်းကို အခြေခံ၍ ဖောက်ခဲ့ကြခြင်းပင် ဖြစ်ပေလိမ့်မည်။

> **နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းရေး (Peace and Stability) သည် အရေးအကြီးဆုံးဖြစ်ပါသည်။ တည်ငြိမ်အေးချမ်းရေးဆိုသည်မှာလည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုအခြေခံ၍ ဆောင်ရွက်ရန်လိုပေသည်။ နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့သည် အပြန်အလှန်ဆက်စပ်နေပါသည်။ အလားတူ တိုင်းရင်းသားအချင်းချင်း အပြန်အလှန်ယုံကြည်မှု၊ ချစ်ခင်ရင်းနှီးမှု တိုးတက်ဖြစ်ထွန်းရန်အတွက်မှာလည်း လမ်းပန်းဆက်သွယ်ရေးကဏ္ဍသည် အလွန်အရေးကြီးသည့် အစိတ်အပိုင်းတွင် ပါဝင်နေသည်**

**လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး**

ဤဒေသ၏ နယ်မြေအခြေအနေကြောင့် ယခင်က ဤကားလမ်းကို ဆယ်စုနှစ်တစ်စုနီးပါး ပိတ်ထားသော မှတ်တမ်းများရှိခဲ့ပါသည်။ ကမ်းရိုးတန်းဒေသဖြစ်သဖြင့် ဒေသခံတို့သည် ပင်လယ်ရေလမ်းခရီးကို အားကိုးအားထားပြုခဲ့ကြသည်။ ဒေသခံတို့သည်သာ နယ်မြေမအေးချမ်းမှုဒဏ်၊ မိသားစုဘဝလုံခြုံမှုမရှိသည့်ဒဏ်ကို ခါးစည်းခံခဲ့ရသည်။ နယ်မြေမတည်ငြိမ် မအေးချမ်းမှုနှင့်အတူ ဤဒေသတို့သည် ဖွံ့ဖြိုးမှုများ နောက်ကျခဲ့ရပါသည်။

၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က တာဝန်ယူခဲ့ရာ အဓိကတာဝန်ကြီး လေးရပ်အနက် "လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေး" ဟူသော တာဝန်နှင့်အညီ နိုင်ငံအနှံ့အပြားလမ်းများဖောက်ခြင်း၊ တံတားများ တည်ဆောက်ခြင်းများကို ဆောင်ရွက်ပေးခဲ့သည်။ တနင်္သာရီဒေသတွင်မူ နယ်မြေအခြေအနေများအရ မြို့နယ်များအလိုက် အပိုင်းလိုက်ရွေးချယ်၍သာ လမ်းဖောက်၊ တံတားဆောက်နိုင်ခဲ့ပါသည်။ ထို့ကြောင့် ထားဝယ်မှမြိတ်သို့ ကားဖြင့် တောက်လျှောက် မသွားနိုင်ခဲ့သေးပေ။

၁၉၉၆ ခုနှစ်တွင် တနင်္သာရီတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌအဖြစ် ဗိုလ်ချုပ်သူရသီဟသူရစစ်မောင် တာဝန်ယူခဲ့ပါသည်။ သူသည် ဤထားဝယ်-မြိတ်ကားလမ်းကို ပီပီပြင်ပြင် အသုံးပြုနိုင်ရေး လမ်းဖောက်ရန်စီစဉ်ခဲ့သည်။ ထို့ကြောင့် ထားဝယ်မှ မြိတ်အထိ ၁၅၆ မိုင် ၆ ဖာလုံ ရှည်လျားသောလမ်းပျက်ကြီးမှာ ကောင်းမွန်သွားပြီး ရာသီမရွေးသွားနိုင်သော လမ်းမကြီးအဆင့်ဖြစ်ခဲ့ပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုနှင့်အတူ တနင်္သာရီဒေသကား လှပဝေစည်ဖွံ့ဖြိုးတိုးတက်ခဲ့ပါသည်။

ယခုကာလတွင်မူ နယ်မြေမအေးချမ်း၊ မတည်ငြိမ်မှုကြောင့် ဤလမ်းမကြီးအား အသုံးပြုနိုင်မှုနည်းပါးနေကြောင်းသိရှိရပါသည်။ ဤဒေသတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသအနှံ့ဆောင်ရွက်ပေးလိုသော်လည်း လွတ်လပ်စွာ သွားလာရန်မလွယ်ကူသည့်အခါ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် နှောင့်နှေးပေတော့သည်။ ဆိုရလျှင် နယ်စပ်ဒေသများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများအား နယ်မြေအခြေအနေ၊ ရာသီဥတုအခြေအနေနှင့် လမ်းပန်းဆက်သွယ်ရေးအခြေအနေ ကန့်သတ်ချက်များအပေါ် မူတည်၍ ခက်ခက်ခဲခဲဆောင်ရွက်နေရခြင်းများ ရှိနေပါသည်။

**တည်ငြိမ်အေးချမ်းရေးကိုအခြေခံ၍**

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းရေး (Peace and Stability) သည် အရေးအကြီးဆုံးဖြစ်ပါသည်။ တည်ငြိမ်အေးချမ်းရေးဆိုသည်မှာလည်း တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံ၍ဆောင်ရွက်ရန် လိုပေသည်။ နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့သည် အပြန်အလှန်ဆက်စပ်နေပါသည်။ အလားတူ တိုင်းရင်းသားအချင်းချင်း အပြန်အလှန်ယုံကြည်မှု၊ ချစ်ခင်ရင်းနှီးမှု တိုးတက်

*စာမျက်နှာ ၁၁ သို့*



နယ်စပ်ရေးရာဝန်ကြီးဌာနက ဆလုံတိုင်းရင်းသားများအတွက် ဆောက်လုပ်လှူဒါန်းထားသည့် စာသင်ကျောင်းဆောင်သစ်။



နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပေးခဲ့သည့် ရေဖြူမြို့နယ် အိန္ဒရာဇာ-စိန်ဘုံ လမ်းပိုင်းတစ်နေရာ။

*စာမျက်နှာ ၁၀ မှ*

ဖြစ်ထွန်းရန်အတွက်မှာလည်း လမ်းပန်းဆက်သွယ်ရေးကဏ္ဍသည် အလွန်အရေးကြီးသည့် အစိတ်အပိုင်းတွင် ပါဝင်နေသည်။

နယ်စပ်ဒေသအသီးသီး၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုး/မွေးမြူရေးစသည့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့် ကဏ္ဍအသီးသီးသည်လည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်ပေသည်။ အဆိုပါလုပ်ငန်းစဉ်များအားလုံးကို ဌာနတစ်ခုတည်းက ဆောင်ရွက်ခြင်းထက် သက်ဆိုင်သည့်ဌာနအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

ယခုအခါ **"နယ်စပ်ဒေသများအပါအဝင် နယ်မြေအားလုံး အကြားအလပ်မရှိ ဆူကြံ့နိမ့်မြင့်ကွာဟနေမှုများ လျော့နည်းကျဆင်းပြီး ပြည်ထောင်စုကြီးတစ်ခုလုံး တစ်စည်းတစ်လုံးတည်း မကွဲမပြား ညီညီညွတ်ညွတ် ဖွံ့ဖြိုးတိုးတက်ရမည်"** ဆိုသည့် မွန်မြတ်သောရည်မှန်းချက်ကြောင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကဏ္ဍအသီးသီး၌ အောင်မြင်မှုတိုးတက်မှုရရှိနေသည်ကိုလည်း တွေ့မြင်ကြရမည်ဖြစ်ပါသည်။

**တနင်္သာရီတိုင်းဒေသကြီးဖွံ့ဖြိုးရေး**

ယခုအချိန်တွင် စာရေးသူရောက်ခဲ့အခြေချခဲ့ဖူးသည့် ဤတနင်္သာရီဒေသသည်ကား နှစ်ပေါင်း ၂၅ နှစ်ကျော်ကာလအတွင်း များစွာဖွံ့ဖြိုးတိုးတက်ခဲ့လေပြီ။ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ၁၉၈၉-၁၉၉၀ ဘဏ္ဍာရေးနှစ်မှစတင်၍ ဆောင်ရွက်ပေးခဲ့ပါသည်။ ဤဒေသအတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အထိ လမ်းတံတားလုပ်ငန်းကဏ္ဍတွင် မြေလမ်း ၄၆၂ မိုင် ငါးဖာလုံ၊ ကျောက်ခင်းလမ်း ၃၃၁ မိုင် ခြောက်ဖာလုံ၊ ကျောက်ရောမြေလမ်း ၂၄ မိုင် ငါးဖာလုံ၊ ကတ္တရာလမ်း ၃၈ မိုင် ငါးဖာလုံ၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း လေးမိုင်၊ ကွန်ကရစ်လမ်း လေးမိုင် တစ်ဖာလုံ၊ လမ်းတာချဲ့ခြင်း ၂၂ မိုင်၊ လမ်းပြုပြင်ထိန်းသိမ်းခြင်း ၂၄၇ မိုင် သုံးဖာလုံ၊ တံတားပြုပြင်ထိန်းသိမ်းခြင်း ငါးစင်း၊ မြေထိန်းနံရံနှင့် လှိုင်းကာနံရံတည်ဆောက်ပေးခြင်း ပေ ၁၈၇၀၊ ကျောက်စီ၊ အုတ်စီနှင့် ကွန်ကရစ်ရေမြောင်း ပေ ၁၃၂၀၊ တံတားကြီး ၃၃ စင်း၊ တံတားငယ် ၂၀၁ စင်း၊ Box Culvert ၄၀၈ စင်း၊ ရေပြွန် ၂၄၈ ခု ဖြစ်ပါသည်။ ထို့ကြောင့် ဒေသ၏လမ်းပန်းဆက်သွယ်ရေးကွန်ရက်များ ပိုမိုကောင်းမွန်လာခဲ့ပေပြီ။

ကျန်းမာရေးကဏ္ဍတွင် ဆေးရုံ နှစ်ရုံ၊ ဆေးပေးခန်း သုံးခန်း၊ ကျေးလက်ကျန်းမာရေးဌာန နှစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၃ ခု တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ပညာရေးကဏ္ဍတွင် အထက်တန်းကျောင်း ခုနစ်ကျောင်း၊ အလယ်တန်းကျောင်း ခုနစ်ကျောင်း၊ မူလတန်းကျောင်း ၅၀ တည်ဆောက်ပေးခဲ့ပါသည်။ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍတွင် စိုက်ပျိုးရေးစခန်း တစ်ခု၊ စိုက်ပျိုးမြေဖော်ထုတ်ခြင်း ဧက ၂၀၀၊ စိုက်ပျိုးရေသွယ်ယူခြင်းလုပ်ငန်း ၁၂ မိုင်၊ မီးလင်းရေးကဏ္ဍတွင် မီးရရှိရေးဆောင်ရွက်ပေးခဲ့သည့်မြို့နှစ်မြို့၊ ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးခြင်း ၃၁၇၂ စုံ ဖြစ်ပါသည်။

ပြည်သူ့ဆက်ဆံရေးကဏ္ဍတွင် ရုပ်မြင်သံကြားထပ်ဆင့်ထုတ်လွှင့်စက်ရုံ ၁၀ ရုံ၊ စာကြည့်တိုက်နှစ်လုံး၊ တည်ဆောက်ရေးကဏ္ဍတွင် မြို့တည်ဆောက်ရေး ခြောက်မြို့၊ သောက်သုံးရေရရှိရေးလုပ်ငန်း ၇၁ ခု၊ တန်ဖိုးနည်းအိမ်ရာ ၂၂ လုံး၊ ဝန်ထမ်းအိမ်ရာလုံးချင်း တစ်လုံး၊ နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာ ၂၂ လုံး၊ ခြောက်ခန်းတွဲဝန်ထမ်းအိမ်ရာ တစ်လုံးနှင့် သာသနာရေးကဏ္ဍတွင် ဘုန်းတော်ကြီးကျောင်း ၁၇ ကျောင်း ဆောက်လုပ်ခြင်း၊ အခြားသာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံခြင်း ငါးခုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေအားဖြင့် ငွေကျပ်သန်းပေါင်း ၄၆၆၁၄ ဒသမ ၅၆ သန်း ကျခံသုံးစွဲပေးခဲ့ပြီးဖြစ်သည်။ ဆက်လက်ဆောင်ရွက်ပေးရန်ကဏ္ဍများလည်း များစွာကျန်ရှိနေသေးသည်။

**ဆလုံကျေးရွာများ**

ဤဒေသ၏ ထူးခြားမှုတစ်ခု၌ "ပင်လယ်ပျော်ဆလုံတိုင်းရင်းသား"တို့ ပါဝင်ပါသည်။ မြိတ်ကျွန်းစုများတွင် ဆလုံတိုင်းရင်းသားများ နေထိုင်သည်ဆိုသောအသိအမြင်ကို ကလေးအရွယ်ကပင် ကျောင်းစာအုပ်ထဲ၌ ဖတ်ခဲ့မှတ်ခဲ့ရသည်။ မြန်မာတိုင်းရင်းသားအစ "ပျူ၊ မွန်၊ မြန်မာ၊ သက်" ဟူသော လူမျိုးကြီးလေးစုအနက် ဆလုံတိုင်းရင်းသားတို့မှာ "သက်" လူမျိုးတို့မှတစ်ဆင့် ဆင်းသက်လာခဲ့သည်ဟု မှတ်သားခဲ့ဖူးပါသည်။ ဆလုံတိုင်းရင်းသားတို့ကို "မော်ကင်း"ဟုလည်း ခေါ်ကြသည်။ ပင်လယ်နှင့်အနီးနားတွင်နေ၍လားမသိ၊ ပင်လယ်ပျော်တို့၏ အသားအရောင်မှာ အညိုရောင်သန်းနေကြသည်။ သစ်ထွင်းလှေတွေထဲ၌ သူတို့မိသားစုများက အိမ်အဖြစ်နေထိုင်ကြသည်။ လွတ်လပ်မှုကို မြတ်နိုးကြ၏။ တစ်လင်တစ်မယားစနစ်ကိုသာ ကျင့်သုံးကြသည်။ အိမ်ထောင်ရေးဖောက်ပြန်မှုကို လုံးဝလက်မခံပေ။ လူကြီးလူငယ်မရွေး အအားမနေဘဲ အမြဲအလုပ်လုပ်နေသော တိုင်းရင်းသားများပင်။ အားလုံးစုပေါင်းဝိုင်းဝန်း၍ ညီညွတ်စွာလုပ်ဆောင်လေ့ရှိကြသည်။ သို့သော် စာတတ်မြောက်မှုတော့ နည်းပါးနေပါသေးသည်။

ဆလုံလူမျိုးတို့သည်ကား မြိတ်ကျွန်းစု၏ အဖိုးမဖြတ်နိုင်သော ပြယုဂ်တစ်ခုပင်။ သူတို့၏ ဓလေ့စရိုက်၊ ရိုးသားဖြောင့်မတ်မှုကို တုနှိုင်းရန်အရာမရှိပါ။ ထို့ကြောင့် ၎င်းလူမျိုးတို့မှာ လူသိများထင်ရှားနေခြင်းဖြစ်ပါသည်။ ဆလုံလူမျိုးတို့သည် နေရာအတည်တကျမရှိ၊ ပင်လယ်ပြင်တစ်ခွင် ဝမ်းစာအတွက် လှည့်လည်ကျက်စားကြသည်။ ရေကူး၊ ရေငုပ်ရာတွင် ကျွမ်းကျင်ကြသည်။ ပင်လယ်ခရု၊ ကမာ(မုတ်)ကောင်များ၊ ငါးကြီးအန်ဖတ်၊ ပင်လယ်ရေမှော်ပင်၊ ပုလဲ၊ ငှက်သိုက်၊ ပျားရည်၊ ပရဆေးပင်များကို ရှာဖွေစုဆောင်း ရောင်းချလေ့ရှိသည်။ ထို့ကြောင့် Men of the Sea ဟုပင် ခေါ်ဆိုနိုင်ပါသည်။

ဆလုံလူမျိုးများကို ကော့သောင်းမြို့အနီးရှိ ကျွန်းစုများတွင်လည်းမြင်တွေ့နိုင်ပါသည်။ ထားဝယ်၊ လောင်းလုံး၊ သရက်ချောင်းမြို့နယ်ရှိ ကျွန်းများ၊ မြိတ်ကျွန်းစု၊ ပုလော၊ တနင်္သာရီမြို့နယ်တို့ရှိ ကတန်ကျွန်း၊ ဒုံးကျွန်း၊ တနင်္သာရီကျွန်း၊ ကော့သောင်းမြို့နယ်ရှိ ဆလုံကျွန်းစု၊ ဇာဒက်ကြီး၊ ဇာဒက်လေး၊ ဂျလန်းကျွန်း၊ မကြံ့ဂုလက်ကျေးရွာတို့တွင် ဆလုံတို့ စုစုခဲခဲနေထိုင်လျက်ရှိကြသည်။

**ပင်လယ်ပျော်တို့ဒေသဖွံ့ဖြိုးရေး**

ထိုဆလုံကျေးရွာများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်ကိုလည်း နယ်စပ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်ပေးခဲ့သည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဇာဒက်ကြီးကျွန်းရှိ ဆလုံတိုင်းရင်းသားများအတွက် အခြေခံပညာမူလတန်းကျောင်းနှင့် ကျောင်းဆောင်များဆောက်လုပ်ပေးခြင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆလုံကျေးရွာရှိ အိမ်ခြေ ၂၂၀ မီးလင်းရေးအတွက် ဆိုလာနှင့် ဆက်စပ်ပစ္စည်းများတပ်ဆင်ပေးခြင်း၊ ဇာဒက်ကြီးကျွန်းရှိ ဆလုံကျေးရွာ ရေရရှိရေးအတွက် ရေသွယ်တန်းပေးခြင်း၊ ၂၀၂၁-၂၀၂၂ တွင် မကြံ့ဂုလက်ရွာနှင့် ညောင်ဝိရွာတို့အတွက် ဆိုလာ ၁၄၁ စုံနှင့် ဆက်စပ်ပစ္စည်းများတပ်ဆင်ပေးခြင်း၊ ၂၀၂၂-၂၀၂၃ တွင် ဆလုံကျေးရွာများဖြစ်သည့် မကြံ့ဂုလက်၊ ညောင်ဝိ၊ ဇာဒက်ကြီးနှင့် ဂျလန်းစသည့်ကျေးရွာများတွင် တန်ဖိုးနည်းအိမ်ရာ အလုံး ၈၀ တည်ဆောက်ပေးခြင်းနှင့် Aluzinc သွပ်၊ ရိုးရိုးသွပ်များ ထောက်ပံ့လှူဒါန်းခြင်းတို့အပြင် ဇာဒက်ကြီးကျွန်းပေါ်ရှိ ဆလုံကျေးရွာများ ရာသီမရွေး သောက်သုံးရေ ဖူလုံစွာရရှိစေရေးအတွက် စမ်းကြီးချောင်းအားပိတ်ပြီး ရေတားတမံတည်ဆောက်ကာ လေးမိုင် ရေသွယ်ယူခြင်းလုပ်ငန်းတို့ကို တည်ဆောက်ပေးခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ဆလုံတိုင်းရင်းသားကျေးရွာများ ဖွံ့ဖြိုးရေးအတွက် ငွေကျပ်သန်းပေါင်း ၄၁၆ ဒသမ ၃၆၉ သန်း သုံးစွဲဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအပြင် ဒေသ၏လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကိုလည်း ဆောင်ရွက်ပေးခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီး၏ တိုင်းဒေသကြီးအတွင်းရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးခဲ့သည့် ခရီးစဉ်များတွင် ဇာဒက်ကြီးကျွန်းပေါ်ရှိ ဆလုံတိုင်းရင်းသား ကျောင်းသားကျောင်းသူကလေးများအတွက် ကျောင်းဝတ်စုံ၊ ဗလာစာအုပ်နှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးခဲ့ပါသည်။ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၉ ခုနှစ်အထိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်များသို့ ဆလုံတိုင်းရင်းသား သုံးဦး၊ တိုင်းရင်းသူ လေးဦး စုစုပေါင်း ခုနစ်ဦး တက်ရောက်ပညာသင်ယူခဲ့ပြီး ဘွဲ့များအသီးသီးရရှိကာ ဝန်ကြီးဌာနအသီးသီးတွင် နိုင်ငံ့တာဝန်ထမ်းဆောင်နေကြလေပြီ။ ယခင်က စာတတ်မြောက်မှုနည်းပါးခဲ့သော်လည်း နိုင်ငံတော်၏စီစဉ်ပေးမှုဖြင့် ယခုအခါ ဆလုံတိုင်းရင်းသားပညာတတ်များ ပေါ်ပေါက်ခဲ့လေပြီ။

**အကောင်းဆုံးခရီးသွားလုပ်ငန်း**

တနင်္သာရီကမ်းရိုးတန်း၌ ထူးခြားထင်ရှားသောကျွန်းကြီး၊ ကျွန်းငယ်များ အမြောက်အမြားရှိနေသည်။ အချို့ကျွန်းများမှာ မူလသဘာဝအတိုင်းရှိနေဆဲပင်ဖြစ်သည်။ ကျွန်းစုများ သဘာဝအတိုင်းတည်ရှိနေကြသည်။ သန္တာကျောက်တန်းများရှင်သန်ဖွံ့ဖြိုးနေကြသည်၊ သဘာဝမျိုးကွဲ၊ မျိုးစိတ်များ၊ ရေနေသတ္တဝါများ ပေါများစွာတည်ရှိနေကြသည်။ ထိုကဲ့သို့ တနင်္သာရီကမ်းရိုးတန်းရှိ ကျွန်းများ သဘာဝအတိုင်း တည်ရှိနေခြင်းသည်ပင် မြန်မာနိုင်ငံအတွက်သာမက ကမ္ဘာအတွက်ပါ မပျက်စီးသေးသော သဘာဝအမွေအနှစ်များဖြစ်သည်ဟု ဆိုရပေမည်။ ထို့ကြောင့် တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများတွင် အကောင်းဆုံးခရီးစဉ်တစ်ခု ဖြစ်လျက်ရှိနေပါသည်။

သဘာဝအတိုင်းတည်ရှိသော တနင်္သာရီကမ်းရိုးတန်းခရီးစဉ် ဖွံ့ဖြိုးတိုးတက်လာရေးတွင် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့ကောင်းမွန်မှုနှင့် ပြည်တွင်းပြည်ပခရီးသွားများ ဆက်သွယ်သွားလာရာတွင် လမ်းပိုင်းများ အဆင့်မြင့်မြင့်ဖြင့် ဖြောင့်ဖြူးကောင်းမွန်ရန် လိုအပ်ပါသည်။

**စိမ်းလန်းခိုင်ခံ့ ရှင်သန်စေရန်**

ထိုသို့ဖြစ်စေရန် နယ်မြေတည်ငြိမ်အေးချမ်းရန်တော့ အထူးလိုအပ်လှပါသည်။ အဘယ့်ကြောင့်နည်း။ ဆိုရသော် ငြိမ်းချမ်းသောရပ်ရွာများ၌သာ သဘာဝပတ်ဝန်းကျင်ကို ပြုပြင်ခွင့်ရရှိနိုင်ပါလိမ့်မည်။ ဒေသတွင်းနယ်မြေဝန်းကျင်မှာ ညီညွတ်ခြင်းတေးသံများ ပျံ့နှံ့နေရန်လိုသည်။ သို့မှသာ ညီညွတ်ခြင်း၏အသီးအပွင့်ကို ဒေသခံများ ခံစားခွင့်ရကြပါလိမ့်မည်။ အချင်းချင်း မညီမညွတ် မငြိမ်းချမ်းသရွေ့ သဘာဝပတ်ဝန်းကျင်ကို ပြုပြင်၍မရ၊ ဖွံ့ဖြိုးရေးကို ဖော်ဆောင်၍မရပေ။

အချင်းချင်း မေတ္တာတရားရှိမှသာလျှင် သဘာဝအလှတရားများကို ခံစားနိုင်ပါလိမ့်မည်။ ငြိမ်းချမ်းနိုင်ပါလိမ့်မည်။ အမုန်းတရားတို့သည် အလုံးစုံပျက်စီးခြင်းသို့သာ ဦးတည်စေပါသည်။ အမှောင်တံတိုင်းထဲမှ လွတ်မြောက်၍ အလင်းရောင်အောက်ရောက်ပြီးမှ အမှောင်တံတိုင်းနောက်သို့ ပြန်ရောက်သွားသည့်ဒေသများစွာလည်းရှိနေသည်။ အတိတ်ဖြစ်စဉ်တို့ကိုသင်ခန်းစာရယူ၍ ပစ္စုပ္ပန်တွင် သိရှိနားလည်ပြုပြင်မှသာ နောင်အနာဂတ်ကာလ သားစဉ်မြေးဆက် သာယာအေးချမ်းဖွံ့ဖြိုးသည့်အကျိုးကို ခံစားရပေမည်။

လှပသော တနင်္သာရီတိုင်းဒေသကြီး၏ ဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ "အမိမြန်မာပြည်၏ သစ်ပင်သစ်တောများ အစဉ်စိမ်းလန်းပြီး တောင်တန်းကြီးများ အမြဲခိုင်ခံ့တည်တံ့ကာ ပင်လယ်ပြင်ကြီးများ ထာဝရရှင်သန်ပါစေ"။ ။

# ကျွမ်းကျင်စွာမောင်းနှင်နိုင်မှ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်

**ရန်ကုန် ဇူလိုင် ၉**

ရန်ကုန်တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီနှင့်ဆပ်ကော်မတီ လေးခု၏ ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၇ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၃)၌ ပြုလုပ်သည်။



ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားရာ National Road Safety Committee (NRSC)အနေဖြင့် Road Safety ကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး ပထမအကြိမ် NRSC အစည်းအဝေးကို ကျင်းပခဲ့ပြီး ကောင်စီဝင်များ၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ၂၀၂၂ ခုနှစ် ကာလနှင့်နှိုင်းယှဉ်ပါက ယာဉ်တိုက်မှုနှင့်သေဆုံး၊ ဒဏ်ရာရရှိသူများ လျော့နည်းကျဆင်းခဲ့ကြောင်း၊ ထပ်မံလျော့နည်းကျဆင်းစေမည့် NRSC ၏ ရှေ့လုပ်ငန်းစဉ်များ၊ အစီအမံများ ဖော်ဆောင်နိုင်ရန်နှင့် ထိရောက်သောပံ့ပိုးမှုများ ပေးနိုင်ရန် ဒုတိယအကြိမ် အစည်းအဝေးကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီအတွင်းရေးမှူး ဦးသိန်းထွဋ်က တိုင်းဒေသကြီးအတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြီး စီမံခန့်ခွဲရေး ဆပ်ကော်မတီ၊ ပညာပေးရေးနှင့် စစ်ဆေးအရေးယူရေး ဆပ်ကော်မတီ၊သုတေသနပြုရေးနှင့် ကျန်းမာရေး ဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက ကော်မတီအလိုက်လုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မူးယစ်ပြီးမမောင်းကြရန်၊ အရှိန်ပြင်းစွာ မောင်းနှင်ခြင်းမပြုရန်၊ ကျွမ်းကျင်စွာ မောင်းနှင်နိုင်မှ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန်တို့ကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားကြရန်နှင့် NRSC ၏ လုပ်ငန်းတာဝန်များ၊ ဆပ်ကော်မတီ လေးခု၏ လုပ်ငန်းတာဝန်များ၊ ခရိုင်/မြို့နယ် NRSC များ၏လုပ်ငန်းတာဝန်များ သတ်မှတ်ပေးပြီး ဖြစ်သဖြင့် ယာဉ်တိုက်မှုနှုန်းလျော့နည်းအောင် လက်တွေ့ကျကျပိုမိုတိုးမြှင့်ကာ ပူးပေါင်းညှိနှိုင်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်နှင့် မြေပြင်တွင် လုပ်ငန်းတာဝန်ထမ်းဆောင်နေသော ယာဉ်ထိန်းရဲများက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး ယခင်ကထက် ပိုမိုကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။ **ဆန်းကျော်ဦး(ပြန်/ဆက်)**

# မြစ်ကြီးနားမြို့၌ ဒေသခံတိုင်းရင်းသူများအတွက် ပန်းအလှဆင်သင်တန်းဖွင့်

**မြစ်ကြီးနား ဇူလိုင် ၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ဒေသခံတိုင်းရင်းသူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး တစ်ဖက်တစ်လမ်းမှ မိသားစုအပိုဝင်ငွေ ရရှိစေရန် ရည်ရွယ်၍ စတုတ္ထအကြိမ်မြောက် ပန်းအလှဆင်၊ ပန်းအလှပြင် သင်တန်းကို လူထုအခြေပြုဇဟိုပြဋ္ဌာန ဘက်စုံသုံးခန်းမ၌ ဇူလိုင် ၈ ရက်က စတင်ဖွင့်လှစ်သည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ထက်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ပြောကြားပြီး သင်တန်းနည်းပြဆရာ ဦးသန်းမင်းဦးက ပန်းအလှဆင်၊ ပန်းအလှပြင်ပညာသည် မိသားစုစားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရရှိသည့် အလုပ်တစ်ခုဖြစ်၍ သင်တန်းသား သင်တန်းသူများအနေဖြင့် စိတ်ပါဝင်စားစွာ သင်ယူကြရန် ပြောကြားသည်။

အဆိုပါသင်တန်းတွင် သတို့သမီးလက်ကိုင်ပန်း၊ရင်ကပ်ပန်း၊အမှတ်တရလက်ဆောင်ပန်းစည်း၊ မွေးနေ့ပန်းစည်း၊ ပန်းခြင်းပြုလုပ်နည်း အမျိုးမျိုးကို မြစ်ကြီးနားမြို့ရှိ ပန်းအလှဆင်၊ ပန်းအလှပြင်နည်း စိတ်ပါဝင်စားသူ ၂၆ ဦးတို့ကို ဇူလိုင် ၈ ရက်မှ ၉ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တောင်သူများ၏ အကျိုးစီးပွားအတွက် ဝန်ထမ်းများအနေဖြင့်ကွင်းဆင်းကာ တောင်သူပညာပေးကြရန်လို

**မြို့သစ် ဇူလိုင် ၉**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်သည် တိုင်းဒေသကြီး၊ ခရိုင်အဆင့်တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၈ ရက်က မြို့သစ်မြို့နယ် ပုလင်းကြီးကျေးရွာအုပ်စု သီးပင်ကျေးရွာရှိ ကွင်းအမှတ် (၁၃၀၄) တောင်သူ ဦးဇော်မိုးခိုင်၏ လယ်မြေသုံးကေ၌ မျိုးစေ့ချကိရိယာဖြင့် ဆာဖိုးသာစပါး တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးခြင်း သရုပ်ပြစိုက်ကွင်းကို ကြည့်ရှုအားပေး၍ တောင်သူများနှင့် တွေ့ဆုံသည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ မြို့သစ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနဝန်ထမ်းများ၊ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းထက်က အုပ်ချုပ်ရေး၊လူမှုရေး၊ စီးပွားရေးကဏ္ဍများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့သစ်မြို့နယ်အတွင်း လယ်ယာကဏ္ဍကုန်ထုတ်စွမ်းအားမြှင့်မားရေး၊ လယ်ယာကဏ္ဍနှင့် ပတ်သက်၍ တောင်သူများ၏ လိုအပ်ချက်၊ လယ်ယာကဏ္ဍစိုက်ပျိုးရာတွင် သီးနှံများအားလုံး ပန်းတိုင်အထွက်နှုန်းရရှိရေး၊ တောင်သူများအနေဖြင့် မြေပဲသီးနှံတိုးချဲ့စိုက်ပျိုးရေး၊ စိုက်ပျိုးရေးတွင် တစ်သီးမှနှစ်သီး၊ နှစ်သီးမှ သုံးသီးစိုက်ပျိုး၍ သီးညှပ်စိုက်ပျိုးကြရန်လိုကြောင်း၊ သီးနှံများစိုက်ပျိုးရာတွင်လည်း မြေမှန်၊ မျိုးမှန်၊ စိုက်နည်းမှန်၊ ရာသီမှန်အောင် စိုက်ပျိုးကြရန်လိုကြောင်း၊ တောင်သူများ၏ အကျိုးစီးပွားအတွက် ဝန်ထမ်းများအနေဖြင့် ကွင်းဆင်း၍ တောင်သူပညာပေးကြရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက စိုက်ပျိုးရေးတွင် ရေလိုအပ်မှုအခြေအနေနှင့် အခြားကဏ္ဍများကို ဆွေးနွေးတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သန်းဝင်းထွန်း (ပြန်/ဆက်)**

**သစ်ပင်စိုက်ပါတို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ၂၀၂၃ ခုနှစ် ကလပ်ပေါင်းစုံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု ဆုချီးမြှင့်ပွဲတက်ရောက်

**မြစ်ကြီးနား ဇူလိုင် ၉**

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်၏ မြို့တော်သန့်ရှင်းသာယာလှပရေးနှင့် စနစ်ကျသော လူနေမှုပတ်ဝန်းကျင်ကောင်းများ ပေါ်ထွန်းလာစေရေးအတွက် အပတ်စဉ်စနေနေ့တိုင်း ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၈ ရက်က မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း(စီတာပူ)၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်သည်။



ထိုသို့ သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်ရာတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့်အတူ အခြေခံပညာအထက်တန်းကျောင်း(စီတာပူ) ကျောင်းဝင်းအတွင်း သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ကောက်ယူခြင်း၊ စာသင်ခုံအဟောင်းများ ကောက်ယူစွန့်ပစ်ခြင်းများကို စုပေါင်းဆောင်ရွက်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ ပြည်ထောင်စုလမ်းမမှတစ်ဆင့် အနော်ရထာလမ်းမတစ်လျှောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက မြစ်ကြီးနားမြို့ သန့်ရှင်းသာယာလှပစေရေးအတွက် စီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် လမ်းဘေး ဝဲ/ယာ သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပလတ်စတစ်အမှိုက်များ ကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်သည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ တာဝန်ရှိသူများနှင့်အတူ ပြည်နယ်အားကစားကွင်းအတွင်း မိုးလုံလေလုံအားကစားခန်းမ၌ ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ် မှုဖြင့် ၂၀၂၃ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲအတွက် ပြည်နယ်လက်ရွေးစင်အားကစားသမားများ ရွေးချယ်နိုင်ရေးနှင့် မျိုးဆက်သစ်လူငယ်ကစားသမားများ မွေးထုတ်ပေးနိုင်ရေး ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပြည်နယ်ကာယဗလနှင့်ကာယကြံ့ခိုင်မှု ဆပ်ကော်မတီတို့ ပူးပေါင်းကျင်းပသည့် ၂၀၂၃ ခုနှစ် ကလပ်ပေါင်းစုံ ကာယဗလနှင့်ကာယကြံ့ခိုင်မှု လူရွေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။ **ပြည်နယ်(ပြန်/ဆက်)**

## သန့်စင်ပြီးပြုပြင်ထားသော ရေများထုတ်လွှတ်မည့် ဂျပန်၏ အစီအစဉ်နှင့်ပတ်သက်ပြီး အိုင်အေအီးအေညွှန်ကြားရေးမှူးချုပ်နှင့် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးတို့ ဆွေးနွေး

**ဆိုးလ် ဇူလိုင် ၉**

ကုလသမဂ္ဂ နျူကလီးယားစောင့်ကြည့်လေ့လာရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်နှင့် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးတို့သည် ပျက်စီးမှုဖြစ်ပွားခဲ့သော ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားဓာတ်အားပေးစက်ရုံမှသန့်စင်ပြီး ပြုပြင်ထားသော ရေများကို သမုဒ္ဒရာထဲသို့ ထုတ်လွှတ်မည့် ဂျပန်နိုင်ငံ၏ အစီအစဉ်နှင့်ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ) ညွှန်ကြားရေးမှူးချုပ် ရာဖေးလ်မာရီယာနိုဂရော့ဆီသည် တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ပွဲတ်ခ်ဂျင်နှင့် တောင်ကိုရီးယားနိုင်ငံ၏ မြို့တော်ဆိုးလ်တွင် ဇူလိုင် ၈ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ ထိုကဲ့သို့ တွေ့ဆုံမှုအတွင်း အိုင်အေအီးအေ၏ ချင့်တွက် အကဲဖြတ်မှုများနှင့်ပတ်သက်ပြီး ပွဲတ်ခ်ကို ပြောကြားခဲ့ကြောင်း ဝန်ကြီးဌာန သတင်းရင်းမြစ်များက ပြောသည်။

ဂျပန်နိုင်ငံက စီစဉ်ထားသော သမုဒ္ဒရာထဲသို့ ထုတ်လွှတ်မည့် သန့်စင်ပြီး ပြုပြင်ထားသော ရေများမှာ နိုင်ငံတကာဘေးကင်းလုံခြုံမှု စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိကြောင်း အိုင်အေအီးအေ၏ သုံးသပ်ချက်တွင် ကောက်ချက်ချဖော်ပြထားသည်။ တောင်ကိုရီးယားနိုင်ငံရှိ ပြည်သူများအနေဖြင့် သန့်စင်ထားသောရေ၏ ဘေးကင်းလုံခြုံမှုနှင့် ပတ်သက်ပြီး စိတ်အေးချမ်းမှုကို ခံစားနိုင်စေရန်အတွက် ပါတ့်ခ်ဂျင်သည် ဂရော့ဆီအား ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် တောင်းဆိုခဲ့သည်။

တွေ့ဆုံဆွေးနွေးပြီးနောက်တွင် အိုင်အေအီးအေနှင့် တောင်ကိုရီးယားအစိုးရတို့သည် ရေ၏ အန္တရာယ် ကင်းရှင်းမှု ရှိ/မရှိကို ကြည့်ရှုစစ်ဆေးရန် အတူတကွလုပ်ဆောင်သွားနိုင်ရေး နည်းလမ်းများနှင့်ပတ်သက်ပြီးလည်း ၎င်းနှင့် ဂရော့ဆီတို့ လေးလေးနက်နက် ဆွေးနွေးခဲ့ကြကြောင်း သတင်းထောက်များကို ပွဲတ်ခ်က ပြောသည်။ တောင်ကိုရီးယားအစိုးရသည် အိုင်အေအီးအေ၏ အစီရင်ခံမှုကို လက်ခံသွားဖွယ်ရှိသည်။

**အင်န်အိတ်ချ်ကေ**



နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ ညွှန်ကြားရေးမှူးချုပ် ရာဖေးလ်မာရီယာနိုဂရော့ဆီနှင့် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ပွဲတ်ခ်ဂျင်တို့ တွေ့ဆုံနှုတ်ဆက်စဉ်။

## ဆူဒန်နိုင်ငံ အွန်ဒူမန်မြို့၌ လေကြောင်းတိုက်ခိုက်မှုကြောင့် ၂၂ ဦးထက်မနည်း သေဆုံး

**ခါတွန် ဇူလိုင် ၉**

ဆူဒန်နိုင်ငံ အွန်ဒူမန်မြို့၌ ဇူလိုင် ၈ ရက်က လေကြောင်းတိုက်ခိုက်မှုကြောင့် ၂၂ ဦးထက် မနည်း သေဆုံးကြောင်း ခါတွန်ပြည်နယ်၏ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အွန်ဒူမန်မြို့ အနောက်ဘက် ဒါအက်လ်ဆလမ် အယ်လ်အမ်ရီယာဒေသ၌ ဇူလိုင် ၈ ရက်က လေကြောင်းတိုက်ခိုက်မှုကြောင့် နိုင်ငံသား ၂၂ ဦးထက် မနည်းသေဆုံးပြီး အခြားအများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ဝန်ကြီးဌာနက ၎င်း၏ ဖေ့စ်ဘုတ်စာမျက်နှာတွင် ဖော်ပြထားသည်။

အွန်ဒူမန်မြောက်ဘက် လူနေအိမ်အတော်များများရှိ နိုင်ငံသားများအပေါ် ဇူလိုင် ၈ ရက် နံနက်ပိုင်းက လေယာဉ်များဖြင့် ဗုံးကြဲခြင်းကို Rapid Support Forces လက်နက်ကိုင်အဖွဲ့က ထုတ်ပြန်ချက်တစ်ခုတွင် ရှုတ်ချခဲ့ကြောင်း သိရသည်။ ဆူဒန်စစ်တပ်ကလည်း အဆိုပါတိုက်ခိုက်မှုနှင့်ပတ်သက်၍ ၎င်းတို့တွင် တာဝန်မရှိကြောင်း ဇူလိုင် ၉ ရက်တွင် ငြင်းဆိုထားသည်။



ဧပြီ ၁၅ ရက်မှစကာ ဆူဒန်စစ်တပ်နှင့် Rapid Support Forces လက်နက်ကိုင်အဖွဲ့ကြား ခါတွန်မြို့နှင့် အခြားနေရာများ၌ ပြင်းထန်စွာ လက်နက်ကိုင်တိုက်ခိုက်ခဲ့သဖြင့် လူပေါင်း ၃၀၀၀ ကျော်သေဆုံးပြီး အခြား ၆၀၀၀ ဒဏ်ရာရရှိကြောင်း ဆူဒန်ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ ဆူဒန်နိုင်ငံတွင် ပဋိပက္ခဖြစ်ပွားသည့် အချိန်မှစကာ လူပေါင်း ၂ ဒသမ ၂ သန်းမှာ ပြည်တွင်းပြောင်းရွှေ့ခြင်း အပါအဝင် ၂ ဒသမ ၈ သန်းကျော်နေရာပြောင်းရွှေ့ခဲ့ရကြောင်း ကုလသမဂ္ဂက ခန့်မှန်းထားသည်။

**ဆင်ဟွာ**

## ပေကျင်းဆွေးနွေးပွဲက အမေရိကန်-တရုတ် နှစ်နိုင်ငံဆက်ဆံရေး ရှေ့တစ်လှမ်းတိုးစေဟုဆို

**ပေကျင်း ဇူလိုင် ၉**

အမေရိကန်နှင့် တရုတ်နိုင်ငံတို့သည် သဘောမတူညီမှုများ သိသိသာသာရှိသော်လည်း ပေကျင်း၌ တရုတ်တာဝန်ရှိသူများနှင့် ၎င်း၏ တွေ့ဆုံမှုက နှစ်နိုင်ငံဆက်ဆံရေးကို ရှေ့တစ်လှမ်းတိုးစေခဲ့ကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီး ဂျနက်ယဲလင်းက ပြောသည်။

ဇွန် ၆ ရက်က စတင်ခဲ့သော ၎င်း၏ တရုတ်နိုင်ငံခရီးစဉ်အတွင်း ယဲလင်းသည် ဝန်ကြီးချုပ်လီချန်း၊ အမေရိကန်နှင့် စီးပွားရေး၊ ကုန်သွယ်ရေးကို တာဝန်ယူထားရသော ဒုတိယဝန်ကြီးချုပ် ဟီလိဖန်းတို့အပါအဝင် တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

နှစ်ရက်အတွင်း ၁၀ နာရီကြာအောင် ပြုလုပ်ခဲ့သည့် ၎င်း၏ အစည်းအဝေးသည် အမေရိကန်-တရုတ် ဆက်ဆံရေးကို ပိုမိုသေချာစေသော လမ်းကြောင်းပေါ်သို့ ရောက်ရှိအောင် ရှေ့တစ်လှမ်းတိုးဆောင်ရွက်နိုင်ခဲ့ကြောင်း ယဲလင်းက ပြောသည်။

**အင်န်အိတ်ချ်ကေ**

## စမ်းသပ်ဂြိုဟ်တုသစ်တစ်လုံး တရုတ်လွှတ်တင်

**ကျိုချွမ် ဇူလိုင် ၉**

တရုတ်နိုင်ငံသည် နိုင်ငံအနောက်မြောက်ပိုင်း ကျိုချွမ်ဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ အာကာသထဲသို့ စမ်းသပ်ဂြိုဟ်တုသစ်တစ်လုံးကို ဇူလိုင် ၉ ရက်တွင် လွှတ်တင်လိုက်သည်။

အဆိုပါ ဂြိုဟ်တုကို လောင်းမာ့ချ် - ၂ စီ သယ်ဆောင်ရေးဒုံးပျံဖြင့် ပေကျင်းစံတော်ချိန် ည ၇ နာရီတွင် လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး စီစဉ်သတ်မှတ်ထားသော ပတ်လမ်းအတွင်းသို့ အောင်မြင်စွာဝင်ရောက်နိုင်ခဲ့ကြောင်း သိရသည်။ ၎င်းသည် ဂြိုဟ်တုအင်တာနက်နည်းပညာများအတွက် စမ်းသပ်မစ်ရှင်များ ဆောင်ရွက်သွားမည်ဖြစ်သည်။

**ဆင်ဟွာ**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အင်တာနက်သုံးစွဲသူ ၁၂၇ သန်းအထိရှိ

**ဒါကာ ဇူလိုင် ၉**

ယခုနှစ်၏ ပထမငါးလအတွင်း အင်တာနက် သုံးစွဲသူအသစ် သုံးသန်းကျော် အပါအဝင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အင်တာနက် စာရင်းသွင်းသူ အရေအတွက်မှာ မေလကုန်အထိ စုစုပေါင်း ၁၂၇ သန်းအထိ ရှိလာကြောင်း နိုင်ငံ၏တယ်လီကွန်းထိန်းညှိမှုမှ မကြာသေးမီက ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။။

၁၁၅ ဒသမ ၅၇ သန်းမှာ မိုဘိုင်း အင်တာနက်သုံးစွဲသူများဖြစ်ပြီး ကြိုးမဲ့အင်တာနက် ချိတ်ဆက်စနစ်ဖြင့် အင်တာနက်သုံးစွဲသူ ၁၂ ဒသမ ၀၅ သန်းရှိကြောင်း ဘင်္ဂလားဒေ့ရှ်စည်းမျဉ်းဆက်သွယ်ရေးကော်မရှင် (ဘီတီအာစီ)၏ အချက်အလက်များအရ သိရသည်။ မေလကုန်အထိ နိုင်ငံ၏ စုစုပေါင်းမိုဘိုင်းဖုန်းစာရင်းသွင်းသူ အရေအတွက်မှာ ၁၈၅ ဒသမ ၁၃ သန်းရှိကြောင်း သိသည်။

လက်ရှိတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ မိုဘိုင်းကုမ္ပဏီလေးခုရှိပြီး ၎င်းတို့ထဲမှ သုံးခုမှာ နိုင်ငံခြားကျောထောက် နောက်ခံပြုကုမ္ပဏီများဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



## ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာ၌ ယခုနှစ်ပထမနှစ်ဝက်အတွင်း ဆိုက်ဘာရာဇဝတ်မှု ၁၅၂ ရာခိုင်နှုန်းအထိရှိ

**မနီလာ ဇူလိုင် ၉**

ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာတွင် ပြီးခဲ့သည့်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ကြည့်ပါက ယခုနှစ်ပထမနှစ်ဝက်အတွင်း ဆိုက်ဘာရာဇဝတ်မှုဖြစ်စဉ်အရေအတွက်မှာ ၁၅၂ ရာခိုင်နှုန်း တိုးလာကြောင်း ဖိလစ်ပိုင်အမျိုးသားရဲတပ်ဖွဲ့၏ အချက်အလက်အရ သိရသည်။

ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း မြို့တော်မနီလာတွင် ဆိုက်ဘာရာဇဝတ်မှု ၆၂၅၀ ရှိပြီး ၂၀၂၂ ခုနှစ် ကာလတူထက် ၂၄၇၇ မှု တိုးလာကြောင်း သိရသည်။ ပထမနှစ်ဝက်အတွင်း အေတီအမ်နှင့် ခရက်ဒစ်ကတ်ဖြင့် လိမ်လည်မှု ၆၂၅ မှုအထိတိုးလာပြီး ယမန်နှစ်အလားတူကာလက ထုတ်ပြန်ထားသည့် ၂၄၁ မှုထက် နှစ်ဆကျော် ပိုများလာကြောင်း သိရသည်။ ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇွန် ၁၅ ရက်အတွင်း တိုင်ကြားမှု ၄၆၁၅ မှုကို လက်ခံရရှိပြီး အများစုမှာ အွန်လိုင်းလိမ်လည်မှု၊ တရားမဝင်ဝင်ရောက်မှုနှင့် အွန်လိုင်းအသရေဖျက်မှုတို့နှင့် ဆက်စပ်နေကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**ဆင်ဟွာ**



ပျော်ရွှင်လေ့လာအင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ Model Auxiliary Verbs or Model Verbs တွေအကြောင်းဖော်ပြလိုက်ပါတယ်။ အထူးသဖြင့် ဒီတစ်ပတ်မှာတော့ Shall အကြောင်း ပြည့်ပြည့်စုံစုံလေးရှင်းပြထားပြီး လေ့ကျင့်ခန်းများနဲ့အားဖြည့်ပေးထားပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း Shortest way to talk about "Electricity bill" လျှပ်စစ်မီတာခနဲ့ပတ်သက်ပြီး ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲဆိုတာကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာဖော်ပြပေးလိုက်ပါတယ်။ Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အဓိပ္ပာယ်ဆန့်ကျင်ဘက် စကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

**ဒီတစ်ပတ်မှာတော့ Helping Verbs အကြောင်းနဲ့ပတ်သက်ပြီး Helping Verbs တွေရဲ့ အဓိပ္ပာယ်၊ အသုံးပြုပုံ၊ ဝါကျရေးဖွဲ့ပုံတွေကို သဘောပေါက်နားလည်အောင် နမူနာဝါကျတွေနဲ့ ဖော်ပြလိုက်ပါတယ်။**

➢ **Shall, Should**

**The verb shall has only two tenses – Shall (Present) and Should (Past).**

(Shall မှာ Tense နှစ်မျိုးရှိပါတယ်။ Present အတွက်ကတော့ Shall ကိုသုံးပြီး Past အတွက်ကတော့ Should ကိုသုံးပါတယ်။)

❖ Shall ကို First Person နှင့်တွဲသုံးသောအခါ Shall သည် အကူကြိယာသဘောဆောင်ပြီး သာမန်အနာဂတ်ကာလကို ဖော်ပြသည်။

ဒီနေရာမှာ First Person, Second Person နဲ့ Third Person တို့ကို ထပ်မံဖော်ပြပေးလိုက်ပါတယ်။

First Person – I, We

Second Person – You

Third Person – They, He, She, It

ဥပမာ – It's very warm in this room. Shall I open the window?
Shall I phone you this evening? 'Yes, please.'
I'm going to a party tonight. What shall I wear?
It's a nice day. Shall we go for a walk?
Where shall we go for our holidays this year?
'Let's go out this evening.' 'OK, what time shall we meet?'
Shall I bring you some water?
When shall we start work?

ဒီနေရာမှာ Shall ရဲ့သဘောကတော့ Do you think this is a good thing to do or this is a good idea? ပဲဖြစ်ပါတယ်။ လုပ်ရင်ကောင်းမလားဆိုတဲ့သဘောဖြစ်ပါတယ်။ ကဲနောက်ထပ် Shall နဲ့သုံးထားတဲ့ ပုံစံတစ်ခုကို ကြည့်ရအောင်။

ဥပမာ – I shall be fifteen years tomorrow.
We shall be glad if you get a job.
I shall be late tomorrow.
I think we shall win.

ဒီနေရာမှာ သုံးထားတဲ့ Shall ကတော့ သာမန်အနာဂတ်ကာလကို ဖော်ပြထားတာတွေ့ရမှာဖြစ်ပါတယ်။

❖ Shall with Second Person and Third Person
(Shall ကို Second Person နှင့် Third Person တို့နှင့်အသုံးပြုခြင်း)

Shall ကို Second Person နှင့် Third Person တို့နှင့် တွဲသုံးသောအခါ Shall သည် သာမန်အနာဂတ်ကာလကို ဖော်ပြရုံသာမကဘဲ အမိန့်ပေးခြင်း၊ ကတိပြုခြင်း၊ ခြိမ်းခြောက်ခြင်း၊ သို့မဟုတ် တာဝန်ရှိခြင်းဆိုသည့် အဓိပ္ပာယ်ကိုပါ ပူးတွဲဖော်ပြသည်။

ဥပမာ – You shall not go into the forest. (အမိန့်ပေးတဲ့သဘော)
The student shall have a holiday tomorrow. (ကတိပြုတဲ့သဘော)
All committee members shall attend the meeting. (ဝတ္တရားရှိတဲ့သဘော)
You shall not lie. (အမိန့်ပေးတဲ့သဘော)
You shall regret this. (ခြိမ်းခြောက်တဲ့သဘော)
They shall pay dearly. (ခြိမ်းခြောက်တဲ့သဘော)
You shall apologize. (ဝတ္တရားရှိခြင်း)

Exercise (1) Rewrite the sentences with Shall I V–inf or Shall we V–inf in the blanks.

Eg. Dave says it's too dark in here to read. Offer to switch on the light.

<u>**Shall I switch**</u> the window?

1. Steve thinks it's hot in here. Offer to open the widow.
…………… the window?
2. John's got a headache. Offer to get him an aspirin.
…………… you an aspirin?
3. Mary looks hungry. Offer to cut her a piece of cake.
…………… you a piece of cake?
4. Steve doesn't like parking. Offer to park his car for him.
…………… your car for you?
5. The old lady has a lot of shopping bags. Offer to carry them for her.
……………your shopping bags for you?
6. Mary can't think of where to go this evening. Suggest going to the cinema together.
……………to the cinema?
7. Steve can't do the difficult English exercises? Suggest that you both do the easy ones first.
…………… the easy ones first?
8. Dave doesn't know what to watch on TV this evening. Suggest watching the film together.
…………… the film together?
9. Mary can't think of what to have for dinner. Suggest buying some fish together.
………………… some fish.
10. Steve wants to do some sport this weekend. Suggest going swimming together at the new swimming pool.
…………….. at the new swimming pool?

**ယခင်အပတ်လေ့ကျင့်ခန်းမှ အဖြေများ**

**Exercise (1) မှအဖြေများ**

| | |
|---|---|
| 1. to sing | 2. to play |
| 3. to come | 4. playing |
| 5. Selling | 6. Looking |
| 7. to go | 8. to eat |
| 9. writing | 10. ploughing |

**Exercise (2) မှအဖြေများ**

| | |
|---|---|
| 1. boiling | 2. boiled, roasted |
| 3. fallen | 4. hidden |
| 5. moving | 6. Taking |
| 7. Frightened | 8. Seeing |
| 9. Being | 10. accompanied |

## VOCABULARY (ANTONYMS)

**1. separate (သီးခြားကွဲသည်။ ခွဲသည်။ ကွာသည်) ¹ join/unite (ဆက်သည်။ စပ်သည်။)**
**2. slender (ကျစ်လျစ်သွယ်လျသော) ¹ stout (တုတ်ခိုင်သော၊ ဝဖိုင့်သော)**
**3. smart (ဉာဏ်ကောင်းသော) ¹ stupid (တုံးသော)**
**4. smile (ပြုံးသည်။) ¹ frown (မျက်မှောင်ကြုတ်သည်။)**
**5. straight (ဖြောင့်သော) ¹ crooked (ကောက်သော)**

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about "Electricity bill"

**ဒီတစ်ပတ်မှာတော့ "Electricity bill" လျှပ်စစ်မီတာခနဲ့ ပတ်သက်ပြီး ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို Shortest way to talk about "Electricity bill" ဆိုပြီးဖော်ပြလိုက်ပါတယ်။**

**Electricity Bill**

Mike: Did you see our last electricity bill?
Susan: No. Was it high?
Mike: It was very high.
Susan: How much higher is it than usual?
Mike: It is double the normal amount.
Susan: Wow! That is high. Can we afford that?
Mike: No. We need to do some changes from now on to lower it.
Susan: But what can we do?
Mike: From now on, we must unplug the unusual electronic devices. Next, we must adjust the water temperature to 48 degree C. It shouldn't be hotter than that. We can do our laundry using cold water. That will save a bunch of money because we're not wasting hot water. Also, we should run full loads. Instead of doing multiple small loads, we should do one big load.
Susan: Another way to save is to lower the temperature when we're going to sleep at night or when we're not in the house.
During the winter months, we can set the temperature to 18 degrees C. During the hot summer days, we can increase the temperature to 24 degrees C. So we're not wasting our air conditioning's energy cooling the house too much.
Mike: Exactly. We can also change our regular light bulbs to LED. That will save us another bunch of money. We'll be saving 4 to 6 times the energy.
Susan: Perfect. We'll do so from now on.

**Language Focus**

**Need to do ……………**

၁။ တစ်ခုခုလုပ်ဖို့လိုတယ်လို့ပြောရင် need to + V–inf ပုံစံနဲ့ပြောနိုင်ပါတယ်။ ဥပမာ –

- I need to save a lot of money to buy a car.
- I need to save energy.
- We need to do some changes from now on to lower it.

**Shouldn't be …………**

၂။ အကြံပေးတဲ့အခါမှာ သုံးလေ့ရှိတဲ့ စကားပြောပုံစံတစ်မျိုးကတော့ Should + V–inf ပဲဖြစ်ပါတယ်။ မလုပ်သင့်ဘူးဆိုရင်တော့ Shouldn't + V–inf ကိုသုံးနိုင်ပါတယ်။ လုပ်သင့်တယ်ဆိုရင်တော့ Should + V–inf ကိုသုံးနိုင်ပါတယ်။ ဥပမာ –

- You should study English regularly.
- You should read a newspaper every day.
- You shouldn't waste a lot of time and energy.
- You shouldn't drink too much coffee.
- You shouldn't eat junk food.

**A bunch of money**

၃။ ဒီနေရာမှာ a bunch of money သည် A large amount of money ကို ပြောချင်တာဖြစ်ပါတယ်။ ဆိုလိုတာကတော့ ပိုက်ဆံအမြောက်အမြားဖြစ်ပါတယ်။ ဥပမာ –

- That will save a bunch of money because we're not wasting hot water.
- That will save us another bunch of money.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများ အနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့်လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay ၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay ၊ AYA Pay၊ OK $ ၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၇-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| 95 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (500 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (50 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (10 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၈၂ | ၁၉၅၃ |
| 95 Ron | ၁၉၉၈ | ၂၀၇၁ |
| HSD (500 ppm) | ၁၉၁၂ | ၁၉၈၀ |
| HSD (50 ppm) | ၁၉၈၆ | ၂၀၅၅ |
| HSD (10 ppm) | ၁၉၈၆ | ၂၀၅၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာ

**နေပြည်တော် ဇူလိုင် ၉**

မြန်မာနိုင်ငံ၌ မေ ၁၄ ရက်တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးကြေညာထားသည်။

သတင်းစဉ်

# လုပ်ငန်းအားလုံးနှင့် သက်ဆိုင်သည့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးအခန်းကဏ္ဍ

ကိုဖြိုး(သုဝဏ္ဏဘူမိ)

**နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ လုပ်ငန်းများတိုးတက်ဖြစ်ထွန်းမှုအပေါ်မှာ တိုက်ရိုက်အချိုးကျတဲ့အတွက် လုပ်ငန်းများ တိုးတက်များပြားစေရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် နိုင်ငံများအနေနဲ့ မူဝါဒနဲ့လုပ်ငန်းအစီအစဉ်များကို ချမှတ်ဆောင်ရွက်ရပါတယ်။ လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးဖို့အတွက် ငွေကြေးစနစ်၊ ဈေးကွက်စီးပွားရေးစနစ်၊ လုပ်သားဈေးကွက်စနစ်တို့ဟာ အဓိကကျတဲ့အခြေခံစနစ်များဖြစ်ပါတယ်။ လုပ်သားဈေးကွက်စနစ်မှာ လုပ်ငန်းခွင်ထိခိုက်မှုနဲ့ လုပ်ငန်းခွင်ရောဂါများလျော့နည်းကျဆင်းစေရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးဟာ အရေးပါတဲ့အခန်းကဏ္ဍမှာ ပါဝင်ပါတယ်။**




ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့တို့ ပူးပေါင်းပြုစုပြီး ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့မှာ ထုတ်ဝေခဲ့တဲ့ Global Monitoring Report; Work-related Burden of Disease and Injury, 2000-2016 အရ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၆ ခုနှစ်အတွင်း အရှေ့တောင်အာရှဒေသနဲ့ ပစိဖိတ်အနောက်ပိုင်းဒေသတို့မှာ အလုပ်နဲ့ဆက်စပ်တဲ့ သေဆုံးမှုတွေ အများဆုံးဖြစ်ပွားခဲ့ပြီး သေဆုံးသူများမှာ အမျိုးသားဦးရေများပြားကြောင်း၊ လုပ်ငန်းခွင်ထိခိုက်မှုနဲ့ လုပ်ငန်းခွင်ဆိုင်ရာရောဂါ ဖြစ်ပွားသူဦးရေဟာ နှစ်စဉ်ပျမ်းမျှအားဖြင့် သန်း ၁၀၀ ခန့်ရှိကြောင်း၊ အလုပ်နဲ့ဆက်စပ်တဲ့သေဆုံးမှု နှစ်စဉ် ပျမ်းမျှအနေနဲ့ နှစ်သန်းခန့်ဖြစ်ပွားကြောင်း၊ လုပ်ငန်းခွင်ထိခိုက်မှုနဲ့ ရောဂါများကြောင့် ဆေးကုသစရိတ်နဲ့ ငွေကြေးအကျိုးခံစားခွင့်တွေ ပေးအပ်မှုများဟာ နှစ်စဉ်ပျမ်းမျှအနေနဲ့ ကမ္ဘာ့ဂျီဒီပီရဲ့ ၅ ဒသမ ၄ ရာခိုင်နှုန်းခန့် ရှိကြောင်း၊ ၂၀၁၆ ခုနှစ်အတွင်း အလုပ်နဲ့ဆက်စပ်တဲ့ သေဆုံးသူဦးရေ ၁ ဒသမ ၉ သန်းရှိပြီး သေဆုံးမှုများအနက် လုပ်ငန်းခွင်ရောဂါများကြောင့် ၈၁ ရာခိုင်နှုန်း၊ လုပ်ငန်းခွင်ထိခိုက်မှုများကြောင့် ၁၉ ရာခိုင်နှုန်းရှိကြောင်း၊ လုပ်ငန်းခွင်ရောဂါများကြောင့် သေဆုံးမှု ၁ ဒသမ ၅၂ သန်း၊ လုပ်ငန်းခွင်ရောဂါရရှိမှု ၆၃ ဒသမ ၂၈ သန်း၊ လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရရှိမှု ၂၆ ဒသမ ၄၄ သန်း၊ လုပ်ငန်းခွင်ထိခိုက်သေဆုံးမှု ၀ ဒသမ ၃၆ သန်း စုစုပေါင်း ၉၁ ဒသမ ၆ သန်း ဖြစ်ပွားခဲ့ပြီး အရှေ့တောင်အာရှဒေသမှာ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုနဲ့ လုပ်ငန်းခွင်ရောဂါရရှိမှု ဦးရေ ၅၀၈၈၅၃၀၊ လုပ်ငန်းခွင်ထိခိုက်မှုနဲ့ လုပ်ငန်းခွင်ရောဂါရရှိမှုကြောင့် သေဆုံးမှု ၁၅၉၈၂၄ ဦး စုစုပေါင်း ၅၂၄၈၃၅၄ ဦးတို့ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

**ကာကွယ်ထိန်းချုပ်ရေး အစီအမံတွေ**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့တို့ ပူးပေါင်းပြုစုတဲ့ အစီရင်ခံစာမှာ လုပ်ငန်းခွင်ရောဂါများကြောင့် သေဆုံးမှုနဲ့ လုပ်ငန်းခွင်ရောဂါရရှိမှုတွေဟာ အများဆုံးဖြစ်ပွားနေတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်းမှာလည်း လုပ်ငန်းခွင်ရောဂါများကြောင့် သေဆုံးမှုနဲ့ လုပ်ငန်းခွင်ရောဂါရရှိမှုတွေ တိုးမြင့်လာတာကြောင့် ကာကွယ်ထိန်းချုပ်ရေး အစီအမံတွေကို ကမ္ဘာ့နိုင်ငံတွေမှာ အလေးထားဆောင်ရွက်လျက်ရှိတာကို တွေ့ရှိရပါတယ်။ လုပ်ငန်းခွင်ရောဂါတွေကြောင့် သေဆုံးမှုတွေမှာ အသက်ရှူလမ်းကြောင်းပိုင်းနဲ့ နှလုံးပိုင်းဆိုင်ရာ ရောဂါများ အများဆုံးဖြစ်ပွားခဲ့တဲ့အတွက် အဆိုပါလုပ်ငန်းခွင်ရောဂါများ မဖြစ်ပွားစေရေး ကာကွယ်ထိန်းချုပ်ရေး အစီအမံတွေကို အထူးကြပ်မတ်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း အသက်ရှူလမ်းကြောင်းတွင် ဖြစ်ပွားတတ်သော လုပ်ငန်းခွင်ဆိုင်ရာရောဂါများနဲ့ စပ်လျဉ်းပြီး မှီငြမ်းကိုးကားအသုံးပြုနိုင်ဖို့အတွက် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ရောဂါရှာဖွေဖော်ထုတ်ခြင်းဆိုင်ရာ အချက်အလက်များ (Diagnostic Crieria)ကို ပြုစုထုတ်ပြန်ထားရှိတာကို သိရှိရပါတယ်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့အနေနဲ့ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးကို အလုပ်သမားများရဲ့ အခြေခံရပိုင်ခွင့်အဖြစ် သတ်မှတ်ထားရှိပြီး ကမ္ဘာ့နိုင်ငံများမှာလည်း လုပ်သားထုရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးကို အလေးထားဆောင်ရွက်လျက်ရှိတာကို တွေ့ရှိရပါတယ်။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးဆိုင်ရာ အားနည်းမှုတွေကြောင့် အလုပ်သမားတွေအနေနဲ့ ထိခိုက်ဒဏ်ရာရရှိခြင်း၊ လုပ်ငန်းခွင်ဆိုင်ရာရောဂါရရှိခြင်း၊ အသက်သေဆုံးခြင်းတို့ဖြစ်ပွားပြီး လူမှုစီးပွားဘဝထိခိုက်ခြင်း၊ လုပ်ငန်းပိုင်ရှင်တွေအနေနဲ့ ဆေးကုသစရိတ်နဲ့ လျော်ကြေးငွေပေးအပ်ရခြင်း၊ ကျွမ်းကျင်လုပ်သားဆုံးရှုံးခြင်း၊ ကုန်ထုတ်လုပ်မှုကျဆင်းခြင်းတို့ကို ဖြစ်ပေါ်စေပါတယ်။ နိုင်ငံတော်အနေနဲ့လည်း လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးခြင်း၊ ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးခြင်းတို့ကို ဖြစ်ပေါ်စေပါတယ်။

> **“လုပ်ငန်းများအနေနဲ့ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနဲ့ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရာမှာ ထိပ်ပိုင်းစီမံခန့်ခွဲသူများရဲ့ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနဲ့ ကျန်းမာရေးအပေါ် စိတ်ပါဝင်စားမှု၊ အလေးထားမှုများဟာ အလွန်အရေးကြီးတဲ့အချက် ဖြစ်ပါတယ်။ ထိုသို့ဖြစ်ပေါ်လာစေရေး ထိပ်ပိုင်းစီမံခန့်ခွဲသူများ အနေနဲ့ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးရဲ့ အရေးပါမှုနဲ့ ထိုသို့ ဆောင်ရွက်ခြင်းကြောင့်ရရှိတဲ့ အကျိုးကျေးဇူးများကို သိရှိနားလည်ဖို့ လိုအပ်ပါတယ်”**

လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ အစိုးရအနေနဲ့လည်းကောင်း၊ လုပ်ငန်းများအနေနဲ့လည်းကောင်း ခွဲခြားဆောင်ရွက်ရပါတယ်။ အစိုးရအနေနဲ့ မူဝါဒနဲ့ လုပ်ငန်းစဉ်များချမှတ်ခြင်း၊ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ခြင်း၊ စစ်ဆေးစည်းကြပ်ခြင်း၊ ဒေသတွင်း၊ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ သတင်းအချက်အလက်များ ပေးအပ်ခြင်းနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းဆောင်ရွက်ချက်များအပေါ် ပြန်လည်သုံးသပ်၍ ပြင်ဆင်ဖြည့်စွက်ခြင်းများကို ဆောင်ရွက်ရပါတယ်။ လုပ်ငန်းများအနေနဲ့ အစိုးရရဲ့ ထုတ်ပြန်ချမှတ်မှုများအပေါ် လေးစားလိုက်နာခြင်း၊ လုပ်ငန်းအမျိုးအစားအလိုက် သင့်လျော်တဲ့ အစီအမံများပြုစုပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်အလိုက် ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးဆိုင်ရာ စစ်ဆေးဆောင်ရွက်ခြင်း၊ အသိပညာပေးခြင်း၊ သတင်းအချက်အလက်များ ပေးအပ်ခြင်းနဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအစီအမံများ ပြုစု၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကို လုပ်ကိုင်ရပါတယ်။

**ဥပဒေ ပြဋ္ဌာန်းဆောင်ရွက်**

မြန်မာနိုင်ငံမှာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးကို လုပ်ငန်းနယ်ပယ်အလိုက် သက်ဆိုင်ရာဝန်ကြီးဌာနများက စည်းကြပ်လျက်ရှိတဲ့ ဥပဒေများနဲ့အညီ ဆောင်ရွက်ရာမှာ အမျိုးမျိုး ကွဲပြားခြားနားနေတဲ့အတွက် စုစည်းဆောင်ရွက်နိုင်ရန် ၂၀၁၉ ခုနှစ် မတ်လ ၁၅ ရက်မှာ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနဲ့ ကျန်းမာရေးဆိုင်ရာဥပဒေကို ပြဋ္ဌာန်းဆောင်ရွက်ခဲ့ပါတယ်။ ဒီဥပဒေမှာ သက်ဆိုင်ရာ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားနဲ့ ကျွမ်းကျင်သူကိုယ်စားလှယ်များနဲ့ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးဆိုင်ရာကောင်စီဖွဲ့စည်းရန် ပါရှိသဖြင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးကို စုစည်းပြီး ပူးပေါင်းဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဥပဒေနှင့်စပ်လျဉ်းတဲ့ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို ပြုစုရေးဆွဲခြင်း၊ အခြားလိုအပ်တဲ့ လုပ်ငန်းစဉ်များကို ဆောင်ရွက်နေရခြင်းတို့ကြောင့် လက်ရှိအချိန်မှာတော့ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးဆိုင်ရာဥပဒေကို အကောင်အထည်ဖော် ကျင့်သုံးနိုင်မှု မရှိသေးကြောင်း သိရှိရပါတယ်။

**ရရှိတဲ့အကျိုးကျေးဇူးများ**

လုပ်ငန်းများအနေနဲ့ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရာမှာ ထိပ်ပိုင်းစီမံခန့်ခွဲသူများရဲ့ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနဲ့ ကျန်းမာရေးအပေါ် စိတ်ပါဝင်စားမှု၊ အလေးထားမှုများဟာ အလွန်အရေးကြီးတဲ့အချက် ဖြစ်ပါတယ်။ ထိုသို့ဖြစ်ပေါ်လာစေရေး ထိပ်ပိုင်းစီမံခန့်ခွဲသူများအနေနဲ့ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနဲ့ ကျန်းမာရေးရဲ့ အရေးပါမှုနဲ့ ထိုသို့ဆောင်ရွက်ခြင်းကြောင့် ရရှိတဲ့အကျိုးကျေးဇူးများကို သိရှိနားလည်ဖို့ လိုအပ်ပါတယ်။ လုပ်ငန်းခွင်ထိခိုက်မှုများနဲ့ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါရရှိမှုတွေဟာ အလုပ်သမား၊ အလုပ်ရှင်၊ လုပ်ငန်းနဲ့ နိုင်ငံအစရှိတဲ့ အဆင့်တိုင်းမှာ ထိခိုက်ဆုံးရှုံးမှုတွေကိုသာ ဖြစ်ပေါ်စေပါတယ်။ မြင်သာတဲ့ ထိခိုက်ဆုံးရှုံးမှုတွေထက် ရေရှည်မှာ မမြင်သာတဲ့ ထိခိုက်ဆုံးရှုံးမှုတွေက ပိုမိုများပြားတဲ့အတွက် ထိခိုက်ဆုံးရှုံးမှုတွေကို တွက်ချက်ရာမှာ ရရှိတဲ့အချက်အလက်တွေထက် အများကြီး ပိုမိုဆုံးရှုံးတာကို သတိပြုဖို့ လိုအပ်ပါတယ်။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးမှာ ရင်းနှီးမြှုပ်နှံခြင်းဖြင့် လုပ်ငန်းတွေအနေနဲ့ ရင်းနှီးမြှုပ်နှံမှုထက် အဆပေါင်းများစွာ သာလွန်တဲ့ အကျိုးကျေးဇူးတွေရရှိမှာကို သိရှိနားလည်ဖို့ လိုအပ်ပါတယ်။

လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးကို ရင်းနှီးမြှုပ်နှံခြင်းဖြင့် လုပ်ငန်းခွင်ထိခိုက်မှုနဲ့ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါရရှိမှုများ လျော့နည်းကျဆင်းသွားခြင်း၊ ထိခိုက်မှုနဲ့ရောဂါရရှိမှုတို့ကြောင့် ကုန်ကျမယ့်စရိတ်များ သက်သာခြင်း၊ ကုန်ထုတ်စွမ်းအားတိုးတက်ခြင်း၊ ကုန်ထုတ်စွမ်းအား တိုးတက်တဲ့အတွက် ထုတ်လုပ်မှုကုန်ကျစရိတ်များကို လျှော့ချနိုင်ခြင်း၊ လုပ်ငန်းခွင်ထိခိုက်မှုနဲ့ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါရရှိမှုများ ကျဆင်းတဲ့အတွက် အာမခံကြေးများ သက်သာခွင့်ရရှိခြင်း၊ အလုပ်သမားများအနေနဲ့လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ပေးနေမှုများကို သိရှိနားလည်ပြီး လုပ်ငန်းအပေါ် ပိုမိုယုံကြည်အားကိုးလာခြင်း၊ အလုပ်သမားများမှတစ်ဆင့် အများပြည်သူတို့ထံမှာလည်း မိမိလုပ်ငန်းရဲ့ပုံရိပ် ပိုမိုကောင်းမွန်လာခြင်း၊ အာဏာပိုင်အဖွဲ့အစည်းများရဲ့ အသိအမှတ်ပြုမှုကို ရရှိခြင်း၊ လုပ်ငန်းရဲ့ပုံရိပ် ကောင်းမွန်လာတဲ့အတွက် လုပ်ငန်းပိုမိုတိုးတက်ဖွံ့ဖြိုးလာခြင်း၊ အခြားလုပ်ငန်းများကလည်း မိမိလုပ်ငန်းအပေါ် ပိုမိုယုံကြည်လာခြင်း၊ ရင်းနှီးမြှုပ်နှံလိုသူများကို ဆွဲဆောင်နိုင်ခြင်း၊ အလုပ်သမားများရဲ့ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးဆိုင်ရာ စွမ်းဆောင်ရည်တိုးတက်မြင့်မားလာခြင်းစတဲ့ အကျိုးကျေးဇူးတွေကို ရရှိမှာဖြစ်ပါတယ်။

လုပ်ငန်းများအနေနဲ့ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးကို ဆောင်ရွက်ရာမှာ မိမိလုပ်ငန်းနဲ့သင့်လျော်တဲ့ မူဝါဒနဲ့ လုပ်ငန်းအစီအမံများ ချမှတ်ခြင်း၊ တာဝန်ဝတ္တရားများ သတ်မှတ်ခြင်း၊ အသိပညာ မြှင့်တင်ပေးခြင်း၊ လုပ်သားများအား ပူးပေါင်းပါဝင်စေခြင်း၊ လုပ်ငန်းခွင်အန္တရာယ်များကို ရှာဖွေဖော်ထုတ်ခြင်း၊ ကာကွယ်ထိန်းချုပ်ခြင်း၊ မှတ်တမ်းများကို ထိန်းသိမ်းခြင်းနဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းဆောင်ရွက်မှုများအပေါ် ပြန်လည်သုံးသပ်ခြင်းစတဲ့ အခြေခံလုပ်ငန်းစဉ်တွေကိုလုပ်ကိုင်ရပါတယ်။ ဒီလို ဆောင်ရွက်ခြင်းဖြင့် အလုပ်သမားများအတွက်လည်းကောင်း၊ အလုပ်ရှင်များအတွက်လည်းကောင်း၊ လုပ်ငန်းများအတွက်လည်းကောင်း၊ အများပြည်သူအတွက်လည်းကောင်း၊ နိုင်ငံတော်အတွက်လည်းကောင်း ကောင်းမွန်တဲ့ အကျိုးကျေးဇူးတွေကိုရရှိစေမှာ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

## ပွင့်ဖြူမြို့နယ်၌ မိုးနှမ်းများကို သတ်မှတ်လျာထားကေထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့

**ပွင့်ဖြူ ဇူလိုင် ၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများက မိုးသီးနှံစိုက်ပျိုး ရာသီချိန်တွင် ဒေသတွင်းစားသုံးဆီဖူလုံပို့လျှံစေရေး အတွက် ရည်ရွယ်၍ မိုးနှမ်းသီးနှံစိုက်ပျိုးခြင်းကို မေလအတွင်းက ရွာသွန်းခဲ့သည့်မိုးဖြင့် စိုက်ပျိုးခဲ့၍ သတ်မှတ်လျာထားကေထက် ကျော်လွန်စိုက်ပျိုးပြီးစီးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးနှမ်းသီးနှံကို တစ်မြို့နယ်လုံး စိုက်ဧက ၉၉၂၄ ဧက စိုက်ပျိုးရန် လျာထားပြီး ဒေသခံတောင်သူများက မေလအတွင်း ရွာသွန်းခဲ့သောမိုးဖြင့် စိုက်ပျိုးခဲ့သဖြင့် ယနေ့အထိ မြေပြင်စိုက်ပျိုးပြီးစီးဧက ၁၁၂၄၅ ဧက စိုက်ပျိုးပြီးစီးသွားပြီဖြစ်၍ သတ်မှတ်လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ခြင်းဖြစ်သည်။

"အခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဒေသခံတောင်သူတွေက ကြိုးပမ်းစိုက်ပျိုးခဲ့ကြလို့ သတ်မှတ်လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ နောက်ပြီး မိုးနှမ်းသီးနှံစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး ဒေသခံတောင်သူတွေကိုလည်း တစ်ဧက သီးနှံအထွက်နှုန်းတွေ တိုးတက်ကောင်းမွန်စေဖို့အတွက် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးကြဖို့၊ သီးနှံပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းတွေနဲ့ အထွက်နှုန်းကောင်းတဲ့ စိုက်ပျိုးရေးဆိုင်ရာနည်းစနစ်တွေကို စနစ်တကျ လိုက်နာကျင့်သုံးကြဖို့ တွန်းအားပေးဆောင်ရွက်ခဲ့ပါတယ်။ ပွင့်ဖြူမြို့နယ်ဟာ စိုက်ပျိုးရေဖူလုံတဲ့အပြင် စိုက်ပျိုးမြေလည်း ကောင်းမွန်တဲ့အတွက်



ဆီထွက်သီးနှံ နှမ်းစိုက်ပျိုးရေးလုပ်ငန်းဟာ အောင်မြင်ဖြစ်ထွန်းမှု ရှိပါတယ်။ အခုနှစ်မှာဆိုရင် နှမ်းဈေးလည်း ကောင်းမွန်တာကြောင့် ဒေသခံတောင်သူအများစုက မိုးသီးနှံစိုက်ပျိုးရာသီမှာ သီးနှံဝင်ငွေတိုးပွားရေးအတွက် အားထားစိုက်ပျိုးလုပ်ကိုင်ကြပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများသည် နှစ်စဉ် မိုးသီးနှံစိုက်ပျိုးရာသီများတွင် သီးနှံဝင်ငွေတိုးပွားစေရန်အတွက် ဈေးကွက်ရှိသည့် မိုးစပါး၊ မိုးနှမ်း၊ မြေပဲ၊ နေကြာ၊ ဝါ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ အစေ့ထုတ်ပြောင်း၊ ကြံသီးနှံနှင့် အခြားပဲသီးနှံများကို စိုက်ပျိုးကြပြီး ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် တစ်မြို့နယ်လုံး မိုးသီးနှံစုံစိုက်ဧက ၁၆၆၅၀၄ ဧက လျာထားသည့်အနက် ၂၁၇၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

## စဉ့်ကူးမြို့၌ (၇၆) နှစ်မြောက် အာဇာနည်နေ့အကြို ဟောပြောပွဲနှင့် ပြိုင်ပွဲများကျင်းပ

**စဉ့်ကူး ဇူလိုင် ၉**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၆) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အကြို အသိပညာပေးဟောပြောပွဲနှင့် ပြိုင်ပွဲများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဇူလိုင် ၇ ရက်က ကျင်းပသည်။



ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စဉ့်ကူးမြို့နယ်ရုံးမှဦးစီးအရာရှိ ဒေါ်တင်ဇာလွင်က အာဇာနည်နေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းများ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ နိုင်ငံတော်အတွက် ကြိုးပမ်းဆောင်ရွက်ချက်များကို ကျောင်းသား ကျောင်းသူများအား ဟောပြောသည်။ ထို့နောက် ဒုတိယဦးစီးမှူး ဒေါ်တင်တင်နုက ပြိုင်ပွဲများကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ ပုံပြောပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၅ ဦး၊ ကဗျာရွတ်ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၇ ဦးနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၀ တို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား မြို့နယ်ဦးစီးအရာရှိနှင့် အထက (စဉ့်ကူး) မှ ဆရာမများက ဆုများပေးအပ်ချီးမြှင့်သည်။

စဉ့်ကူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျောင်းသား ကျောင်းသူများ၊ လူငယ်လူရွယ်များ၊ ပြည်သူများ အသိပညာဗဟုသုတရရှိစေရန် ရည်ရွယ်၍ သင်တန်းများ၊ ပြပွဲပြိုင်ပွဲများ၊ စာဖတ်ဝိုင်းများ၊ ဆွေးနွေးပွဲများ၊ အသိပညာပေး (Talk Show) များကို လစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ ဆက်)**

## ကျောက်တော်မြို့နယ်မှ ကျေးရွာ ခုနစ်ရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း မိတ်ဆက်ရှင်းလင်း

**ကျောက်တော် ဇူလိုင် ၉**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဆောင်ရွက်မည့် ကျေးရွာ ခုနစ်ရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းပွဲကို ဇူလိုင် ၇ ရက်က ကျေးရွာအရောက် မြေပြင်ကွင်းဆင်းသွားရောက်ကာ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံ၍ ပြုလုပ်သည်။

မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးမှူး ဦးအောင်ခိုင်ဇော်(လက်ထောက်ညွှန်ကြားရေးမှူး၊ နည်းပညာ)နှင့် ဝန်ထမ်းများက ကျေးရွာနေပြည်သူများနှင့်တွေ့ဆုံ၍ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းနှင့်စပ်လျဉ်း၍ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းများ ဆောင်ရွက်ခဲ့ပြီး စီမံကိန်းဆောင်ရွက်ခြင်း ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များအကြောင်း၊ စီမံကိန်းကော်မတီဝင်များ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ဆောင်ရန်၊ ရှောင်ရန်များကို ရှင်းလင်းပြောကြားသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (VDP) ကို နိုင်ငံတော်က ထောက်ပံ့ငွေ ကျေးရွာတစ်ရွာလျှင် ငွေကျပ် ၁၀ သန်းစီနှင့် ပြည်သူထည့်ဝင်ငွေများဖြင့် အသုံးပြုကာ ကျေးရွာနေပြည်သူများကိုယ်တိုင် ဆောင်ရွက်ပြီး လုပ်ငန်းများအား အဆင်ပြေချောမွေ့စေရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အနီးကပ်စောင့်ကြည့်မည်ဖြစ်ကြောင်း သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**



## တာလေမြို့၌ သွေးလွန်တုပ်ကွေးရောဂါအကြောင်း အသိပညာပေး

**တာလေ ဇူလိုင် ၉**

မိုးရာသီကာလတွင် အဖြစ်များသော သွေးလွန်တုပ်ကွေးရောဂါနှင့် ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်အချက်များကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာလေမြို့မှ ပြည်သူများ အသိပညာဗဟုသုတရရှိစေရန် ရည်ရွယ်၍ သွေးလွန်တုပ်ကွေးရောဂါအကြောင်း အသိပညာပေး ဆွေးနွေးပွဲ(Talk Show)ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဇူလိုင် ၇ ရက်က ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ယဉ်ယဉ်ဝင်းက "သွေးလွန်တုပ်ကွေးရောဂါဆိုတာဘာလဲ၊ သွေးလွန်တုပ်ကွေးရောဂါ ဘာကြောင့်ဖြစ်ရသလဲ၊ ဘယ်လိုနည်းနဲ့ ကူးစက်တတ်ပါသလဲ၊ ဘယ်အရွယ်မှာ သွေးလွန်တုပ်ကွေးဖြစ်တတ်သလဲ၊ ရောဂါဖြစ်လာရင် ဘာလက္ခဏာတွေ ပြတတ်ပါသလဲ၊ ဘယ်လိုလက္ခဏာတွေပြရင် ကလေးကို ဆေးရုံတင်သင့်ပါသလဲ၊ ဘယ်အချက်တွေကို ရှောင်ကြဉ်သင့်ပါသလဲ၊ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်အောင် ကာကွယ်နိုင်ပါသလား" စသည့် ခေါင်းစဉ်များဖြင့် အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပြီး အဆိုပါ အသိပညာပေး ဗီဒီယိုဖိုင်ကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်လိုက်နာဆောင်ရွက်နိုင်စေရန် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တာလေမြို့ရုံး၏ လူမှုကွန်ရက်စာမျက်နှာတွင်လည်း တင်ပေးထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မကွေးခရိုင်အတွင်း မြို့နယ်လေးမြို့နယ်ရှိ ကျေးရွာပေါင်း ၂၅ ရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ဆောင်ရွက်မည်

**မကွေး ဇူလိုင် ၉**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မကွေးခရိုင်အတွင်း မြို့နယ်လေးမြို့နယ်ရှိ ကျေးရွာ ၂၅ ရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းအရ မကွေးမြို့နယ်၌ ရှစ်ရွာ၊ တောင်တွင်းကြီးမြို့နယ်၌ ခုနစ်ရွာ၊ နတ်မောက်မြို့နယ်၌ သုံးရွာနှင့် မြို့သစ်မြို့နယ်၌ ခုနစ်ရွာ စုစုပေါင်း ကျေးရွာ ၂၅ ရွာတို့၌ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များကို တိုးချဲ့ရေးဆွဲပြီး ကျေးရွာ၏ လိုအပ်ချက်များကို ဦးစားပေးအစီအစဉ်ဖြင့် ရွေးချယ်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကြီးထံမှ သိရသည်။

"ဒီစီမံကိန်းက ပြည်သူလူထုကိုယ်တိုင် ကျေးရွာရဲ့ ပကတိလိုအပ်ချက်တွေကို ဖော်ထုတ်ပြီး ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲတာဖြစ်ပါတယ်။ ကျေးရွာတွေကို ရွေးချယ်ရာမှာ အကျိုးခံစားရမယ့် အိမ်ထောင်စုများတဲ့ ကျေးရွာတွေ၊ စီမံကိန်းဆောင်ရွက်ဖို့ စိတ်အားထက်သန်တဲ့ ကျေးရွာတွေ၊ စည်းလုံးညီညွတ်မှုရှိတဲ့ ကျေးရွာတွေ စတဲ့သတ်မှတ်ချက်တွေနဲ့ ကိုက်ညီတဲ့ ကျေးရွာပေါင်း ၂၅ ရွာကို သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ စိစစ်ရွေးချယ်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးသွားမှာပါ"ဟု ခရိုင်ဦးစီးမှူးက ပြောသည်။

**ကိုလှိုင်**

## အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများ လူမှုရေးပင်စင်ထောက်ပံ့ငွေအတွက် စာရင်းပေးသွင်းနိုင်

**နမ္မတူ ဇူလိုင် ၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ္မတူမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ် (ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ) သုံးလအတွက် အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ငွေများ ပေးအပ်နိုင်ရေးအတွက် ဘိုးဘွားများအနေဖြင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများ၌ ဇူလိုင် ၈ ရက်မှစ၍ စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်။

စာရင်းပေးသွင်းရာတွင် အကျိုးခံစားခွင့်ရှိသည့် ဘိုးဘွားများအနေဖြင့် ၂၀၂၃ ခုနှစ် ဇွန် ၃၀ ရက်တွင် အသက် ၈၅ နှစ်ပြည့်ပြီးသူဖြစ်ရမည်ဖြစ်ကာ အသက်အတွက် အထောက်အထားအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် ပုံစံ ၆၆/၆ သို့မဟုတ် လဝကထောက်ခံချက်တို့ပါ မွေးသက္ကရာဇ်များဖြင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများတွင် ဇူလိုင် ၁၄ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**လူမော် (ပြန်/ဆက်)**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

## ရိုးရာမှ ခေတ်ပြိုင် ကြွေထည်၊ မြေထည်လက်ရာပြပွဲ ဂျပန်ဖောင်ဒေးရှင်း ရန်ကုန်၌ ကျင်းပမည်

**ရန်ကုန်  ဇူလိုင် ၉**

ဂျပန်နိုင်ငံ၏ အိုးထိန်းပညာရိုးရာသဘာဝ အတိုင်း ပြုလုပ်ဖန်တီးထားပြီး ခေတ်သစ်နှင့် ခေတ်ပြိုင်လက်ရာမြောက် အမျိုးမျိုးသော ယာကီရှိမဲ မြေထည်လက်ရာများ ခင်းကျင်း ပြသထားမည့်ပြပွဲကို ဇူလိုင် ၁၂ ရက်မှ ၂၉ ရက်အထိ (တနင်္လာနေ့နှင့် အင်္ဂါနေ့မှအပ ) နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ အမှတ်-၇၀ နတ်မောက်လမ်းသွယ် (၁) ဗဟန်းမြို့နယ်ရှိ ဂျပန်ဖောင်ဒေးရှင်းရန်ကုန် ယဉ်ကျေးမှုစင်တာ၌ ပြသမည်ဖြစ်သည်။

ယာကီရှိမဲ ဂျပန်မြေထည်များသည် ရွှံ့စေးကို ပုံသွင်းဖန်တီးယူကာ မီးအပူခတ်ဖြင့် ဖုတ်၍ လေသလပ်ခံကာ အိုး၊ ခွက်၊ အနုပညာ လက်ရာများအဖြစ် အသွင်ကူးပြောင်းသွားခြင်း ဖြစ်သည်။

ရှေးအကျဆုံးသော ယာကီရှိမဲ မြေအိုး မြေခွက်များမှာ အေဒီ ၄ ရာစုမှ ၅ ရာစုကြား ကာလမှဖြစ်ပြီး ယာကီရှိမဲ အိုးဖုတ်နည်း အတတ်သည် အေဒီ ၁၂ ရာစုမှ ၁၇ ရာစုကြား တွင် နည်းစနစ်တကျ တိုးတက်ဖြစ်ပေါ် ထွန်းကားလာခဲ့သည်။ ဂျပန်နိုင်ငံ၏ အိုးထိန်း ပညာ ထွန်းကားရာအရပ်များဖြစ်သော Bizen၊ Shigaraki၊ Tokoname စသည့်မြို့များတွင် တွင်ကျယ်စွာ အသုံးပြုလာခဲ့ကြသည်။

လူ့သမိုင်းယဉ်ကျေးမှုတွင် မြေအိုး မြေထည် ပန်းကန်ခွက်ယောက်များသည် လူသားတို့၏ နေ့စဉ်ဘဝတွင် ခွဲခြား၍မရသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ လူသားတို့သည် မိမိတို့၏ သဘာဝပတ်ဝန်းကျင်ကို နားလည် သဘောပေါက်လာချိန်မှစ၍ မိမိတို့၏ လူနေမှု အဆင့်အတန်းကို မြှင့်တင်တိုးတက်လာစေသော ရုပ်ဝတ္ထုပစ္စည်းများကို ဖန်တီးအသုံးပြုလာနိုင်ခဲ့ကြသည်။ ဂျပန်တို့၏ Sado ခေါ် လက်ဖက်စိမ်းယဉ်ကျေးမှု၏ အဓိကမရှိမဖြစ် ရုပ်ဝတ္ထုပစ္စည်းဖြစ်သည့် ရေနွေးအိုး၊ လက်ဖက်ရည်ကြမ်းခွက် စသည့်လက်ဖက်ရည် တည်ခင်းဧည့်ခံသည့် အခမ်းအနားတွင် အသုံးပြုသော မြေထည်ပစ္စည်းများမှာလည်း ယာကီရှိမဲနည်းဖြင့် ဖန်တီးထားသလို ဂျပန်ရိုးရာ washoku–ဝရှောခု ဟင်းလျာများနှင့် တွဲဖက်ပါဝင်သော အိုး၊ ပန်းကန်၊ ခွက်ယောက်များမှာလည်း ယာကီရှိမဲနည်းကို အသုံးပြုထားသော မြေထည်များသာဖြစ်သည်။

**မျိုးမင်းသူရ**

## အာဇာနည်နေ့အကြို စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲ ကျင်းပ

**စစ်ကိုင်း ဇူလိုင် ၉**

(၇၆)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အကြို စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲကို စစ်ကိုင်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ဇူလိုင် ၈ ရက်က ကျင်းပသည်။

ပြိုင်ပွဲတွင် စစ်ကိုင်းမြို့ရှိ အခြေခံပညာကျောင်းများမှ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူလေးများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၆ ဦး၊ ကဗျာပြိုင်ပွဲတွင် ခြောက်ဦး၊ ဆောင်းပါးပြိုင်ပွဲတွင် ခြောက်ဦး၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၈ ဦး၊ ကဗျာပြိုင်ပွဲတွင် ၁၀ ဦး၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ၂၅ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၉၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲသို့ စစ်ကိုင်းခရိုင်/မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ အခြေခံပညာ ကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ တာဝန်ကျဆရာ ဆရာမများက လိုက်လံကြည့်ရှုအားပေးကြသည်။

**ဇော်မြင့်နိုင်**

## မိုးညှင်းမြို့နယ်၌ မိုးစပါးစိုက်ဧက ၁၃၀၀၀၀ ကျော် လျာထားစိုက်ပျိုးမည်

**မိုးညှင်း  ဇူလိုင် ၉**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ဧက ၁၃၆၁၁၆ ဧကအထိ လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

မိုးညှင်းမြို့နယ်၌ ယခုနှစ်အတွင်း မိုးစပါးစိုက်ဧက ၁၃၆၁၁၆ ဧကစိုက်ပျိုးရန် လျာထားလျက်ရှိရာ ပန်းတိုင်အထွက်နှုန်း ရရှိနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများ စားနပ်ရိက္ခာ ဖူလုံရေး၊ ဝင်ငွေများတိုးပွားလာစေရေး၊ စိုက်ပျိုးထုတ်လုပ်မှု အရည်အသွေးများကောင်းမွန်ပြီး ပြည်တွင်းပြည်ပ ဈေးကွက်များတွင် တိုးချဲ့လာနိုင်စေရေးတို့အတွက် အသိပညာပေးခြင်း၊ ကွင်းသရုပ်ပြပွဲများပြုလုပ်ခြင်း၊ မိုးစပါး Seeder စိုက်ပျိုးနည်းစနစ်များ အသိပညာပေးခြင်းနှင့် တောင်သူများ နည်းပညာနားလည်တတ်ကျွမ်းပြီး လိုက်နာဆောင်ရွက်လာစေရန် စသည်တို့ကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မိုးညှင်းမြို့နယ်၌ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၆၀ ရှိ၍ ဒေသရေမြေသဘာဝထွက်ရှိမှု၊ ဝယ်ယူမှု၊ စားသုံးမှုနှင့်ကိုက်ညီသော အထွက်ကောင်း မျိုးသန့်စပါးဖြစ်သည့် ဆင်းဧကရီ-၃ မျိုးစပါးကို တောင်သူများက အများဆုံး ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလျက်ရှိကြပြီး အခြားစပါးမျိုးများဖြစ်သည့် ငွေတိုး၊ ကောက်ညှင်းစသည့် စပါးမျိုးများကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**ရွှေမိုးညှင်း**

## စက်သုံးဆီများ အလွဲသုံးမှုမဖြစ်ပေါ်စေရေး စက်သုံးဆီအရောင်းဆိုင်များကို ရှောင်တခင်စစ်ဆေး

**အုတ်တွင်း  ဇူလိုင် ၉**

အုတ်တွင်းမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ၌ စက်သုံးဆီများ အလွဲသုံးမှုမဖြစ်ပေါ်စေရန် ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်ဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများက ဇူလိုင် ၇ ရက်တွင် စက်သုံးဆီအရောင်းဆိုင်များကို ရှောင်တခင်ဝင်ရောက်စစ်ဆေးသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များကို စစ်ဆေးခြင်းဖြစ်ပြီး စက်သုံးဆီများကို ဆိုင်ကယ်၊ မော်တော်ကားများတွင် ဖြည့်သွင်းဝယ်ယူသည်မှအပ ဂါလန်ပုံးအလွတ်များဖြင့် အပိုစုဆောင်းဝယ်ယူခြင်းမျိုး ခွင့်မပြုရန်၊ လုပ်ငန်းသုံးအတွက် ဝယ်ယူမည်ဆိုပါက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၏ ခွင့်ပြုထောက်ခံချက်ပါရှိမှသာ ရောင်းချပေးရန်နှင့် စက်သုံးဆီအလွဲသုံးမှုမဖြစ်ပေါ်စေရေး စိစစ်ကြပ်မတ်ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ပြောကြားသည်။ **(အောက်ပုံ)**

အုတ်တွင်းမြို့နယ်အတွင်းရှိ စက်သုံးဆီ အရောင်းဆိုင်များအနေဖြင့် အထက်ပါကန့်သတ်ချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက အဆိုပါစက်သုံးဆီအရောင်းဆိုင်အား ရက်အကန့်အသတ်မရှိပိတ်သိမ်းအရေးယူမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**အေမင်းရည်စော(ပြန်/ဆက်)**




### "အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

#### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေး အဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကဒ်ပြား မိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓါတ်ပုံ၊ အသံဖိုင်၊ ဗွီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ် တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

#### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဓမ္မဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ် (၁၄၄)၊
ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၄၊ ၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm ၊
Website Address – http://www.accm.gov.mm


## ကာလိမြို့၌ ရွှေ့လျားစာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်

**ကာလိ  ဇူလိုင် ၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကာလိမြို့ရှိ အခြေခံပညာမူလတန်းကျောင်း (လွိုင်ချို)မှ ကျောင်းသား ကျောင်းသူများအား ရွှေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်စာစောင်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဇူလိုင် ၇ ရက်တွင် သွားရောက်ငှားရမ်းပေးသည်။

ကျောင်းသား ကျောင်းသူများ စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ ကျောင်းစာအပြင် ပြင်ပဗဟုသုတများရရှိစေရန်၊ အသိပညာဗဟုသုတများ တိုးပွားစေရန်ရည်ရွယ်၍ ရွှေ့လျားစာကြည့်တိုက်စနစ် ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ကာလိမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား သုတ၊ ရသ စာအုပ်များကို အခမဲ့ငှားရမ်းပေးသည်။

**မြို့နယ်(ပြန်/ဆက်)**


ရတနာသစ်တော
ပြည့်သွေးကြော
သစ်တောရတနာ
ထိန်းသိမ်းပါ


## တောင်ကုတ်မြို့နယ်၌ ဓာတ်အားတိုးချဲ့ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိ

**တောင်ကုတ်  ဇူလိုင် ၉**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့ပေါ် ရပ်ကွက်များနှင့် ကျေးရွာများသို့ လျှပ်စစ်ဓာတ်အားတိုးချဲ့ပေးနိုင်ရေးအတွက် လုပ်ငန်းများကို တောင်ကုတ်မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးဆောင်၍ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

တောင်ကုတ်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးအနေဖြင့် လျှပ်စစ်နှင့်ဆက်စပ်သောလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ယခုဘဏ္ဍာနှစ်အတွင်း တင်ဒါအောင်မြင်ခဲ့သော ကုမ္ပဏီများက မြို့ပေါ်ရပ်ကွက်အတွင်း ဓာတ်အားသုံးစွဲသူများ ဝန်အားအပြည့်အဝသုံးစွဲနိုင်ရေးအတွက် ထရန်စဖော်မာများ တိုးချဲ့တည်ဆောက်ခြင်း၊ ကျေးရွာများသို့ ဓာတ်အားလိုင်းများ တည်ဆောက်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်နေပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာက အနီးကပ်ကြီးကြပ်၍ ဓာတ်အားအမြန်ဆုံးပို့လွှတ်ပေးနိုင်ရေးအတွက် မြေပြင်ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

မြန်မာ့အလင်း



# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် MSMEs လုပ်ငန်းဖြစ်သည့် ရွှေပျားပဲငံပြာရည်နှင့်ငရုတ်ဆီစက်ရုံ သွားရောက်ကြည့်ရှု

**ပုသိမ် ဇူလိုင် ၉**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့် အတူ ဇူလိုင် ၈ ရက်က ပုသိမ်မြို့ပေါ်ရှိ ဌာနဆိုင်ရာများအနေဖြင့် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများ တူးဖော်ခြင်း အစရှိသည့် လုပ်ငန်းများအား တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ပြည်သူများ ပူးပေါင်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပုသိမ်တက္ကသိုလ်ဓမ္မာရုံအတွင်း၌ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများပူးပေါင်း၍ ပေါင်းမြက်များ ရှင်းလင်းခြင်း၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရေစီးရေလာကောင်းမွန်စေရေး တလိုင်းချောင်း ရေမြောင်းတူးဖော်ခြင်း၊ အမှိုက်များ ဆယ်ယူခြင်းနှင့် ဗိုလ်ဘဌေးလမ်းရှိ လမ်းဘေးရေမြောင်းတူးဖော်ခြင်းနှင့် အမှိုက်များ ဆယ်ယူနေမှုများကိုစစ်ဆေးကာ ရေမြောင်းများနှင့် ချောင်းများ ရေစီးရေလာကောင်းမွန်စေရေး၊ ရေမြောင်းများ၊ ချောင်းများအတွင်း ပြည်သူများအနေဖြင့် စည်းကမ်းမဲ့ အမှိုက်များ စွန့်ပစ်မှုမရှိစေရေးအတွက် အသိပညာပေးခြင်း၊ ဒဏ်ရိုက်ခြင်းများ ဆောင်ရွက်ရန်နှင့် ချောင်းများ၊ ရေမြောင်းများ တိမ်ကောပျက်စီးမှု မရှိစေရန် ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို မှာကြားသည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပုသိမ်-ငပုတောကားလမ်းဘေး၊ ပေါက်ကုန်းကျေးရွာအုပ်စုရှိ MSMEsလုပ်ငန်းဖြစ်သည့် ရွှေပျားပဲငံပြာရည်နှင့် ငရုတ်ဆီစက်ရုံသို့ သွားရောက်ကြည့်ရှုရာ စက်ရုံပိုင်ရှင်က တိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းများဖြစ်သည့် ငရုတ်၊ ကလောမှုန့်၊ သကြား၊ ဆားများအသုံးပြု၍ စက်ရုံမှထုတ်လုပ်လျက် ရှိသော ငရုတ်ဆီ၊ ခရုဆီ၊ ရှာလကာရည်၊ ပဲငါးပိ၊ ပဲငံပြာ ရည် (အကြည်/အနောက်) ထုတ်လုပ်ပုံအဆင့်ဆင့်နှင့် ကုန်ကြမ်းသိုလှောင်ထားရှိမှု၊ကုန်ကြမ်းများ ဝယ်ယူရရှိမှု၊ အသုံးချမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် အဆင့်မီစက်ပစ္စည်းများ အသုံးပြုထုတ်လုပ်နိုင်သဖြင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်မှုတစေမည်ဖြစ်ကြောင်း၊ ထုပ်ပိုးမှုစနစ် ပိုမိုကောင်းမွန်ပြီး ဈေးကွက်ပိုမိုရရှိစေရေး ကြိုးစားဆောင်ရွက်ရန် မှာကြားသည်။ ရွှေပျား ပဲငံပြာရည်နှင့် ငရုတ်ဆီစက်ရုံမှ တစ်နှစ်လျှင် ငရုတ်ဆီ ၁၀တန်၊ ပဲငံပြာရည်(အနောက်) ကိုးတန်၊ ပဲငံပြာရည်(အကြည်) နှစ်တန်၊ ခရုဆီ ၀ ဒသမ ၅ တန်၊ ကြက်သွန်ဖြူငရုတ်ဆီ ၁ ဒသမ ၅ တန်၊ ရှာလကာရည် နှစ်တန်နှင့် ပဲငါးပိငါးတန်ကို တိုင်းဒေသကြီးအတွင်းနှင့် အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ရှမ်းပြည်နယ်(တောင်ပိုင်း)မြို့နယ်အတွင်း၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့နယ်အတွင်း၌ ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၈ ရက်က နမ့်စန်မြို့ ဝမ်ပိန်းကျေးရွာအုပ်စုရှိ ပန်လင်းဆိုင်ကျေးရွာ၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက စိုက်ပျိုးမည့်အပင်များအား ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားများအား ပေးအပ်သည်။ ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများနှင့် အတူ သစ်ပင်ပျိုးပင်များကို စုပေါင်းစိုက်ပျိုးကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားများစုပေါင်း၍ သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကြို့ပင်ကောက်မြို့၌ ၂၀၂၃ ခုနှစ် မိုးစပါး ၈၆၇၄၉ ဧက စိုက်ပျိုးပြီးစီး

**ကြို့ပင်ကောက် ဇူလိုင် ၉**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့၌ ၂၀၂၃ ခုနှစ် မိုးစပါး ၈၆၇၄၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

ကြို့ပင်ကောက်မြို့၌ ရက် ၉၀ စပါးဧက ၈၆၅၀၊ ရတနာတိုးစပါးဧက ၂၆၅၀၀၊ ဆင်းသုခစပါးဧက ၂၈၆၀၀၊ မော်ဘီစပါးဧက ၆၂၀၀ နှင့် ကရင်မစပါး ၁၆၇၉၉ ဧက စုစုပေါင်း ၈၆၇၄၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စပါးအထွက်နှုန်း တိုးတက်ကောင်းမွန်ရေးအတွက် မျိုးစပါးများဖြန့်ဖြူးပေးခြင်း၊ မြေဩဇာသွင်းအားစုများ ဖြန့်ဖြူးပေးခြင်းနှင့် စိုက်ပျိုးရေးနည်းစနစ်များအား ကွင်းထဲအရောက် အသိပညာပေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လယ်ယာကဏ္ဍသီးနှံစိုက်ပျိုးထုတ်လုပ်မှု မြင့်မားတိုးတက်ရေး၊ အရည်အသွေးကောင်းမွန်ရေး၊ ဒေသတွင်းစားနပ်ရိက္ခာ ဖူလုံပိုလျှံစေရေးတို့အတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့်စိုက်ညီအဖွဲ့များက တောင်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**



## မိုင်းယောင်းမြို့နယ်၌ မိုးစပါးအထွက်နှုန်းတိုးရေး တောင်သူနည်းပညာပေးဆွေးနွေး

**မိုင်းယောင်း ဇူလိုင် ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်တွင် မိုးစပါးအထွက်နှုန်းတိုးတက်ရေး တောင်သူနည်းပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ဝမ်ဘိုးကျေးရွာအနီးရှိ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ မိုးစပါးစံပြကွက်စိုက်ကွင်း၌ ကျင်းပသည်။

အဆိုပါ တောင်သူပညာပေးဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်မိုးက သီးနှံများ အထွက်နှုန်းသာမက အရည်အသွေးတိုးတက်ကောင်းမွန်စေရေးအတွက် မြေအမျိုးအစားအလိုက် ပြုပြင်နည်းများ၊ စိုက်ပျိုးမည့်သီးနှံအလိုက် ကုန်ကျစရိတ်နည်းနည်းနှင့် ထိရောက်သည့် အာဟာရဓာတ် ထည့်သွင်းရမည့်နှုန်းထားများ၊ မိုးစပါးသီးနှံစိုက်ပျိုးနည်းစနစ်နှင့် မျိုးကွဲအလိုက် သက်တမ်းပေါ်မူတည်၍ ယူရီးယား၊ ဖော့စဖိတ်နှင့် ပိုတက်ဓာတ်မြေဩဇာထည့်သွင်းရမည့်အချိန်၊ နှုန်းထားနှင့် စနစ်တကျသုံးစွဲနည်းများ၊ စပါးပင်သက်တမ်းအလိုက် ရေလိုအပ်မှုအခြေအနေများကို အသိပညာပေးဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးသက်ဆွေ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ တောင်သူများ စုစုပေါင်း ၉၃ ဦး တက်ရောက်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

## ပိုင်ကျုံမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ပိုင်ကျုံ ဇူလိုင် ၉**

ကရင်ပြည်နယ် ပိုင်ကျုံမြို့ ထန်းတပင်ကျေးရွာ၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးတွင် အထောက်အကူပြုစေရေးနှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးအတွက် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၈ ရက်က စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**စုပေါင်းစိုက်ပျိုး**

အပင်များကို စိုက်ပျိုးခြင်းအားဖြင့် ဒေသအတွင်း ရေဝေရေလွှဲများ ထိန်းသိမ်းရာရောက်ပြီး ရာသီဥတုကိုပါ ထိန်းညှိပေးနိုင်ခြင်း၊ မျက်စိပသာဒရရှိခြင်း၊ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်၍ ရပ်ရွာသာယာလှပရေးအတွက် အရိပ်ရပင်များ စိုက်ပျိုးရခြင်းဖြစ်ကြောင်း၊ အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် ပိုင်ကျုံမြို့ မြို့အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများနှင့် ကျေးရွာရှိ ပြည်သူများစုပေါင်း၍ မန်ကျည်းရှားပင် ၁၇၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။



**နော်ခူး( ပြန်/ဆက်)**

## သံတွဲမြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**သံတွဲ ဇူလိုင် ၉**

ရခိုင်ပြည်နယ် သံတွဲမြို့နယ်၌ မြို့ရွာများ စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့အတွက် သံတွဲခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ စုပေါင်းပြုလုပ်သည့် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက အံတော်ကျေးရွာ ဘုရားတောင်ခြေ၌ ပြုလုပ်သည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတော်တွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးချစ်နှင့် ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်သာစိန်နှင့်ဝန်ထမ်းများ၊ ခရိုင်/မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၁၀၅ ဦးတို့က ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ငု စသည့် အပင် ၁၀၄ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သန့်ဇင်(ပြန်/ဆက်)**

# မြန်မာ့ရိုးရာ လက်ဝှေ့မျိုးဆက်သစ် စိန်ခေါ်ပွဲများကျင်းပ

**ရန်ကုန် ဇူလိုင် ၉**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့က ကြီးကြပ်၍360 Fight Club IV မျိုးဆက်သစ် ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ သိမ်ဖြူ လက်ဝှေ့ရုံ၌ သုံးချီပွဲတွဲဆိုင်း (၁၄) ဆိုင်း ကျင်းပသည်။

အဆိုပါပြိုင်ပွဲများ၌ ၈၀ ကီလိုတန်းတွင် စိုင်းလုံ (ဒေါနသွေး) နှင့် မုန်ဆမ်အောင် (လုံးချောကလပ်) တို့ ပြိုင်ပွဲတွင် သူတင်ကိုယ်တင် ထိမိကြသော်လည်း အရှုံးအနိုင်မပေါ်ဘဲ သရေဖြစ်ခဲ့သည်။ ၆၀ ကီလိုတန်းများတွင် တမာကျား (Smart Fight Club) လက်သီးထိုးချက်ကြောင့် ပထမအချီမှာပင် သူရိန် (ဒေါင်မြန်မာ) ပြန်မထနိုင်၍ ဒိုင်ပွဲရပ်ဖြင့် တမာကျားကို အနိုင်ပေးလိုက်သည်။ နောက်တစ်ပွဲဖြစ်သည့် မင်းကို (ကမ္ဘာအေးကလပ်) နှင့် ညီရဲခန့် (YFC) တို့ ပြိုင်ပွဲ၌ ညီရဲခန့်၏ လက်သီးတွဲလုံးများကြောင့် ပထမအချီမှာပင် လက်ရည်မမျှ၍ ဒိုင်ပွဲရပ်ဖြင့် ညီရဲခန့်ကို အနိုင်ပေးလိုက်သည်။

၅၇ ကီလိုတွင် စသန်းဖြိုးဇော် (Power Punch) နှင့် ကျားရိုင်း (ကျားဘုရင်)တို့ အရှုံးအနိုင် မပေါ်ဘဲ ပူးတွဲသရေရပြီး ဒီးဒီး(Yangon Fight Club) နှင့် ဂျာလ (Python) တို့ ပြိုင်ပွဲမှာလည်း ပူးတွဲသရေကျခဲ့သည်။ အောင်ရဲနိုင် (Power Punch) နှင့် မင်းမင်း (နဂါးမာန်) တို့ပွဲမှာ ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ကာ ပူးတွဲသရေကျခဲ့ပြီး စောကဲဒို (Holy Power) လက်သီးတရစပ် ထိုးချက်ကြောင့် စောလယ်ရဲ (ရိုးရာကျား) ပထမအချီ၌ အနားတောင်းခဲ့ကာ ပထမအချီမှာပင် ဆက်လက်မယှဉ်ပြိုင်နိုင်ခဲ့ပေ။

၅၄ ကီလိုတွင် စောကဘေဖိုး (ရိုးရာကျား) လက်သီးထိုးချက်ကြောင့် ရဲကျော်အောင် (360Sports) ပထမအချီတွင် ဒဏ်ရာအနာတရ ရခဲ့၍ အရှုံးပေးလိုက်ရသည်။

၅၂ကီလိုတွင် သန်းလင်းအောင်(Ray) ဒူးတိုက်ချက်ဖြင့် ဆိုင်မွန်(Warriors) ဒုတိယအချီ အနားတောင်း အရှုံးပေးလိုက်ရသည်။အောင်ကို(Tiger Gym) နှင့် မြင့်မြတ်ဟိန်း (လုံးချောကလပ်) ပြိုင်ပွဲမှာ သရေကျခဲ့ပြီး အောင်ကောင်းကျော် (Ray) က အဏ္ဏဝါဟိန်း (Fighting Fight Club) ကို ဒုတိယအချီ၌ လက်သီးဖြင့် အ လဲထိုးနိုင်ခဲ့သည်။ ၅၀ ကီလိုတွင်ဗန်လု(Holy Power) ကThe Diamond Win (လုံးချောကလပ်) ကိုအနိုင်ရခဲ့ပြီး ကသောဝါး (ရိုးရာကျား) နှင့် ဇော်ဒူလမရိုး (Power Punch) တို့ ပူးတွဲသရေကျခဲ့သည်။ ၃၀ ကီလိုတွင် ပနာအဲ (ရိုးရာကျား)နှင့်စောထက်အောင် (Smart Fight Club) တို့ပြိုင်ပွဲတွင် အသည်းမာမာ ဖွဲ့ပါပါ ထိုးသတ်ကြကာ သရေကျခဲ့သည်။



၈၀ ကီလိုတန်းတွင် စိုင်းလုံ (ဒေါနသွေး) နှင့် မုန်ဆမ်အောင် (လုံးချောကလပ်) တို့ ယှဉ်ပြိုင်စဉ်။

**အာကာစိုး**

■ *ကျောဖုံးမှ*

အကြိုခြေစစ်ပွဲအဆင့်မှ စတင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် အကြိုခြေစစ်ပွဲအဆင့်တွင် ဘရူနိုင်းကလပ် ကာဆူကာအသင်းနှင့် တွေ့ဆုံနေပြီး ဩဂုတ် ၁၆ ရက်တွင် အိမ်ကွင်းကစားရမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် ယင်းအဆင့်ကို ကျော်ဖြတ်နိုင်ပါက ခြေစစ်ပွဲ Play-off အဆင့်တွင် အင်ဒိုနီးရှားကလပ် မာကာဆာအသင်းနှင့် အဝေးကွင်းယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ခြေစစ်ပွဲများကို တစ်ကျော့တည်းသာ ကျင်းပမည်ဖြစ်သော်လည်း အုပ်စုအဆင့်ပွဲစဉ်များကို နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။

**အုပ်စုသုံးခုခွဲ ကျင်းပမည်**

ခြေစစ်ပွဲကို ဩဂုတ်တွင် အပြီးကျင်းပမည်ဖြစ်ပြီး အာဆီယံဇုန်အုပ်စုပွဲစဉ်များကို စက်တင်ဘာမှ ဒီဇင်ဘာအထိ အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ မြန်မာကလပ်များသည် အာဆီယံဇုန်တွင် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အာဆီယံဇုန်ကို အုပ်စုသုံးခုခွဲ၍ ကျင်းပမည်ဖြစ်ကာ အသင်း ၁၂ သင်း ပါဝင်မည်ဖြစ်သည်။

**အုပ်စုမဲခွဲမည်**

AFC Cup ပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို ဩဂုတ် ၂၄ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းသည် ဆီဒင်သတ်မှတ်ချက်တွင် Pot-3 ၌ ပါဝင်နေသည်။ ဆီဒင်သတ်မှတ်ချက်အရ Pot-1 တွင် ဆီဘူး (ဖိလစ်ပိုင်)၊ ဟိုင်ဖုန်း (ဗီယက်နမ်)၊ တီရန်ဂါနူး (မလေးရှား)၊ Pot-2 တွင် မက်အာသာ (ဩစတြေးလျ)၊ ဟောင်အန်ယူနိုက်တက် (စင်ကာပူ)၊ ဘာလီယူနိုက်တက် (အင်ဒိုနီးရှား)၊ Pot-3 တွင် ရှမ်းယူနိုက်တက် (မြန်မာ)၊ ဆာဘား (မလေးရှား)၊ လာဂူနာ (ဖိလစ်ပိုင်)၊ Pot-4 တွင် စင်ထရယ်ကောစ့်မာရီနာ (ဩစတြေးလျ) နှင့် ခြေစစ်ပွဲအောင် နှစ်သင်းတို့ ပါဝင်ကြသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

## သံတွဲခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား အသက် ၂၂ နှစ်အောက် ကလပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲကျင်းပ

**သံတွဲ ဇူလိုင် ၉**

သံတွဲခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား အသက် ၂၂ နှစ်အောက် ကလပ်ပေါင်းစုံ အမျိုးသား ဘောလုံးပြိုင်ပွဲကွင်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီခွဲက အမှတ် (၈) ရပ်ကွက်ရှိ သံတွဲခရိုင် အားကစားကွင်း၌ ကျင်းပရာ နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ် ကျော်ကျော်သန်း၊ ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးချစ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်သာစိန်နှင့် အဖွဲ့ဝင်များ တက်ရောက်အားပေးသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဘောလုံးကစားသမားများ၏ အလေးပြုခြင်းကို ခံယူပြီး အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန် လေးချက်ရွတ်ဆိုကြပြီး ကွင်းအတွင်း ပြန်လည်ထွက်ခွာကြသည်။ ဖွင့်ပွဲအပြီးတွင် သံတွဲမြို့၏ ရင်သွေးသမီးပျိုလေးများက Physical Fitness Dance အကဖြင့် လည်းကောင်း၊ ကရာတေးဒိုအဖွဲ့က သရုပ်ပြသခြင်းနှင့် ပန်းပွား၊ ဘင်ခရာအဖွဲ့များက တီးမှုတ်ကပြ ဖျော်ဖြေကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲသို့ သံတွဲမြို့နယ်ရှိ ရပ်ကွက်/ ကျေးရွာများမှ ကလပ်အသင်း ၁၂သင်း ဝင်ရောက် ယှဉ်ပြိုင်ကြပြီး ဇူလိုင် ၉ ရက်မှ ၃၀ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ယနေ့ ပထမပွဲစဉ်အဖြစ် ရွှေလှေ FC အသင်းနှင့် Grate Fan FC အသင်းတို့ ယှဉ်ပြိုင်ကစားကြကြောင်း သိရသည်။



**(သန့်ဇင်)**
**(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

အဆိုပါပွဲစဉ်တွင် ဗိုလ်လုပွဲဖြစ်သည်နှင့်အညီ အနီကတ်များ ပြသကာ ပွဲကို ထိန်းချုပ်ခဲ့ရသည်အထိ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။ စပိန်အသင်းသည် ပြိုင်ပွဲတစ်လျှောက် သွင်းဂိုး ၁၃ ဂိုးအထိ ရယူပြီး တိုက်စစ်ပိုင်း ထက်မြက်သည့်အသင်းအဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း ယခုဗိုလ်လုပွဲတွင် အင်္ဂလန်အသင်းဘက်သို့ သွင်းဂိုးရယူနိုင်ခြင်း မရှိခဲ့ပေ။

**ပြိုင်ပွဲတစ်လျှောက် ပေးဂိုးမရှိ**

အင်္ဂလန်အသင်းကလည်း ပြိုင်ပွဲတစ်လျှောက် ပေးဂိုးခွင့်ပြုရခြင်း မရှိဘဲ ဗိုလ်လုပွဲအထိ တက်လှမ်းလာနိုင်သည့်အသင်းဖြစ်ပြီး ဗိုလ်လုပွဲတွင်လည်း ပေးဂိုးမရှိသည့်အတွက် ပြိုင်ပွဲတစ်လျှောက် ပေးဂိုးမရှိ ဖလားဆွတ်ခူးနိုင်သည့် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ အင်္ဂလန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၄၅ မိနစ်တွင် ကာတစ်ဂျုန်းက သွင်းယူပေးနိုင်ခဲ့သည်။

**အကောင်းဆုံးကစားသမားဆု**

ပွဲချိန်ပြည့်ခါနီးတွင် စပိန်အသင်း ပယ်နယ်တီကန်သွင်းခွင့် ရရှိခဲ့ပြီး ရစ်ကန်သွင်းအဆုံးသတ်ခဲ့သော်လည်း အင်္ဂလန်ဂိုးသမား ထရက်ဖို့ဒ် လက်စွမ်းပြကာကွယ်နိုင်ခဲ့သည့်အတွက် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် နာကျင်အချိန်တွင် အင်္ဂလန်အသင်းမှ ဂစ်ဗ်ဟိုက်နှင့် စပိန်အသင်းမှ ဘလန်ကိုတို့ အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆုကို အင်္ဂလန်အသင်းမှ အန်တိုနီဂေါ်ဒွန်က ရရှိခဲ့သည်။

**အောင်ဇော်**

## မူဆယ်မြို့၌ အလွတ်တန်းနှင့် အသက် ၂၅ နှစ်အောက် အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ

**မူဆယ် ဇူလိုင် ၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌဖလား အလွတ်တန်းနှင့် အသက် ၂၅ နှစ်အောက် (အမျိုးသား) ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီက မိုးလုံလေလုံအားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို မူဆယ်မြို့ရှိ အားကစားဝါသနာရှင်များက ငါးယောက်တစ်ဖွဲ့ဖြင့်ဖွဲ့စည်းပြီး စုစုပေါင်း ၁၆ သင်းရှိကာ ဇူလိုင် ၆ ရက်က စတင်ယှဉ်ပြိုင် ကျင်းပခဲ့သည်။ ယနေ့တွင် ပထမ၊ ဒုတိယ ယှဉ်ပြိုင်ရန်ကျန်ရှိသော အသင်းလေးသင်းက ပိုက်ကျော်ခြင်း ယှဉ်ပြိုင်ခဲ့ကြသည်။

ဆက်လက်ပြီး အလွတ်တန်းပြိုင်ပွဲတွင် ပူးတွဲတတိယရရှိသည့် တရုတ် လေးနှင့် အားမာန်သစ် (၁) အသင်းကို နှစ်သိမ့်ဆုငါးသောင်းစီကို လည်းကောင်း၊ အလွတ်တန်း ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် မိုးလုံလေလုံ အသင်းအား ဆုဖလား၊ ဆွဲပြားနှင့် ငွေသားဆု နှစ်သိန်းကိုလည်းကောင်း၊ အလွတ်တန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် Aung Haling Tun၊ Aluminiun၊ Steel and Glass အသင်းအား ဆုဖလား၊ ဆွဲပြားနှင့် ငွေသားဆု သုံးသိန်းကိုလည်းကောင်းချီးမြှင့်သည်။

အသက် ၂၅ နှစ်အောက် ပြိုင်ပွဲတွင် ပူးတွဲတတိယရရှိသည့် မူဆယ် OHC နှင့် MSE အသင်းအား နှစ်သိမ့်ဆု ငွေကျပ်ငါးသောင်းစီကို လည်းကောင်း၊ အသက်၂၅ နှစ်အောက် ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ဆင်ဖြူအသင်းအား ဆုဖလား၊ ဆွဲပြားနှင့် ငွေသားဆုနှစ်သိန်းကို လည်းကောင်းအသက် ၂၅ နှစ်အောက် ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ၁၀၅ မိုင် OHC အသင်းအား ဆုဖလား၊ ဆွဲပြားနှင့် ငွေသားဆု သုံးသိန်းကို လည်းကောင်း မူဆယ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်လင်း၊ မြို့နယ်အဘ/ကာမှူး ဦးကိုမြင့်ထွေး၊ OHC စီမံကိန်းမန်နေဂျာ ကိုစော်မင်းထူး၊ ရွှေမိုင်းယုကုမ္ပဏီနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ဆုချီးမြှင့်ပေးသည်။



ယင်းအခမ်းအနားကို မူဆယ်မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ မူဆယ်မြို့နယ် ဒေသခံ အားကစားပရိသတ်များ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

**အယ်လ်စိုး(မူဆယ်)**

## ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ငွေကျပ်သိန်း ၆၄၀၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေး(Happy Water) ၅ ဒသမ ၉ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ငွေကျပ်သိန်း ၆၄၀၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေး (Happy Water) ၅ ဒသမ ၉ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၆ ရက် ညနေ ၆ နာရီခွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆေခမ်းရပ်ကွက်၌ စိုင်းဝန်းကျော က် မောင်းနှင်လာသည့် TOYOTA REVO မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၆၄၀၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေး (Happy Water) ၅ ဒသမ ၉ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ပြောင်းဆေး (Happy Water) များကို တာချီလိတ်မြို့ရှိ KTV/ CLUB/ BAR နှင့် စားသောက်ဆိုင်များတွင် လူငယ်များကို ဖြန့်ဖြူးရောင်းချခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## စဥ့်ကူး၊ မော်လမြိုင်နှင့် ဟိုပန်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၉**

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၇ ရက် ညနေ ၅ နာရီတွင် စဥ့်ကူးမြို့နယ် လက်ပန်လှကျေးရွာအုပ်စု လက်ပန်လှကျေးရွာရှိ မခင်ခင်စန်း၏ တဲသို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၇၅၀ ကိုလည်းကောင်း၊ ယနေ့ ည ၇ နာရီတွင် မော်လမြိုင်မြို့ ဇေယျာမြိုင်ရပ်ကွက် မယ်ဇလီလမ်းရှိ ဇာနည်အောင်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း၊ ကွင်းဆက်အရ ည ၇ နာရီ ၄၅ မိနစ်တွင် မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက် (၇)လမ်းရှိ မင်းမြင့်နိုင်၏ကားဂိုဒေါင်သို့ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀၀၀ ကိုလည်းကောင်း၊ ထို့နေ့ ညနေ ၅ နာရီ ၁၅ မိနစ်တွင် ဟိုပန်မြို့နယ် မန်ပြိန်းကျေးရွာအုပ်စု ခမ်းတိန်ကျေးရွာအနီး ဟိုပန်-ပန်လုံသွား ကားလမ်းတွင် ဆိုင်မိန်း မောင်းနှင်ပြီး မမာထ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူသုည ဒသမ ၄၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေး ၂၇၆၅ ပြား သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ဆင်တဲကျေးရွာနေ ရဲဇော်သည် ၎င်းအသုံးပြုသည့် "Ye Zaw" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၆ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်လိုင်စင်မရရှိမီ ဆိပ်ကမ်းသို့ ရောက်ရှိသည့် ရက် ၆၁ ရက်ကျော်လွန်နေသည့် Iron Pipe ၃၂၉၇၉၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၄၇၉၁၃၀၀) ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေး အမှတ်(၂) လမ်းမကြီးတိုးဂိတ်အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Balloon Candy ၂၈၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)ကိုလည်းကောင်း၊ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသော Biscuit Stick ၁၀၀ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၉၁၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀) ကို လည်းကောင်း၊ ဇူလိုင် ၇ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် High Density Polyethylene H.D.P.E ၁၀၀၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၆၃၀၁၃၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး **(အပေါ်ယာပုံ)** အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ထို့အတူ ဇူလိုင် ၇ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့ ကမော့ကစင်ကျေးရွာ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် နှစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသည့် Steel Scourer ၃၃၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၇၅၀၀၀)၊ Black Hair Wax ၅၀၀ ကီလိုဂရမ်(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀)၊ Black Hair Shampoo ၁၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀)၊ MUD Formula Professional Hair Treatment Cream ၉၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၀၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Prime Mover Head တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) နှင့် Hua Yun Semi Trailer နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကိုလည်းကောင်း၊ SCGC Polyvinyl Chloride Resin ၁၂၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၈၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Man Tractor Head တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)နှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ကော့ကရိတ်(တံတားကျိုး)စုပေါင်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Electrical Goods ဖာ ၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Prime Mover Tractor Head တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) နှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၇၂၀၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က ပြည်ခရိုင်အတွင်း စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၅၇၆ တန်နှင့် အခြားသစ် ၀ ဒသမ ၉၄၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၉၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၆ ရက်၊ ၇ ရက်နှင့် ၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၉ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၃၅၅၂၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၂၂ ဦး တွေ့ရှိ

(၉ - ၇ - ၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၈-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၉-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၂၃၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၃၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၉၁၀,၂၄၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၇၅၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၇) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၅၇၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျှော့ချနိုင်ခြင်းတို့ကြောင့် အသက် (၅) နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး) များကို မဖြစ်မနေ သွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။"

**ကျန်းမာရေးဝန်ကြီးဌာန**




## ရှမ်းပြည်နယ် (အရှေ့ပိုင်း)၏ ဘိလပ်မြေနှင့် ဓာတ်မြေဩဇာဈေးနှုန်းအခြေအနေ

၂၀၂၃ ခုနှစ် ဇွန်လစတုတ္ထအပတ်တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဈေးကွက်ရှိ ဘိလပ်မြေဈေးနှုန်းများမှာ ကျားတံဆိပ် (40)kg တစ်အိတ်လျှင် ငွေကျပ် ၁၃၉၀၀၊ ဆင်တံဆိပ် 50 kg တစ်အိတ်လျှင် ငွေကျပ် ၁၄၉၀၀ ၊ စိန်တံဆိပ် 50 kg တစ်အိတ်လျှင် ငွေကျပ် ၁၅၂၀၀ ဖြစ်သည်။ တာချီလိတ်မြို့ရှိ ဘိလပ်မြေဈေးနှုန်းများမှာ ကျားတံဆိပ် 40 kg တစ်အိတ်လျှင် ငွေကျပ် ၁၂၇၀၀၊ ဆင်တံဆိပ် 50 kg တစ်အိတ်လျှင် ငွေကျပ် ၁၃၇၀၀၊ စိန်တံဆိပ် 50 kg တစ်အိတ်လျှင် ငွေကျပ် ၁၃၉၀၀ ဖြစ်သည်။

ကျိုင်းတုံမြို့ရှိ ဇွန်လစတုတ္ထအပတ် ဓာတ်မြေဩဇာဈေးနှုန်းများမှာ ပုလဲ(MEP) 50 kg တစ်အိတ်လျှင် ငွေကျပ် ၉၈၀၀၀၊ တီဆူပါ (လေဆာ) 50 kg တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀၊ တီဆူပါ (may)50 kg တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀၊ ချာန(သုံးမျိုးစပ်) 50 kg တစ်အိတ်လျှင် ငွေကျပ် ၁၄၂၀၀၀ ဖြစ်သည်။ တာချီလိတ်မြို့အတွင်းရှိ ဓာတ်မြေဩဇာဈေးနှုန်းများမှာ ပုလဲ (၄၆%) (50)kg တစ်အိတ်လျှင် ငွေကျပ် ၁၄၄၇၀၀၊ ကွန်ပေါင်း (၁၅ ပတ်လည်) 50 kg တစ်အိတ်လျှင် ငွေကျပ် ၁၃၅၉၀၀၊ ကွန်ပေါင်း 50 kg တစ်အိတ်လျှင် ငွေကျပ် ၁၃၅၉၀၀ ဖြစ်သည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိဘိလပ်မြေဈေးနှုန်းများမှာ ယခင်မေလ စတုတ္ထပတ်နှင့်နှိုင်းယှဉ်ပါက ကျားတံဆိပ်နှင့် စိန်တံဆိပ်သည် ဈေးနှုန်းအနည်းငယ်မြင့်တက်လာပြီး ဆင်တံဆိပ်သည် ဈေးနှုန်းအနည်းငယ်ကျဆင်းလျက်ရှိသည်။ တာချီလိတ်မြို့ရှိ ဘိလပ်မြေဈေးနှုန်းများမှာ ယခင် မေလစတုတ္ထအပတ်နှင့် နှိုင်းယှဉ်ပါက ကျားတံဆိပ်နှင့်စိန်တံဆိပ်သည် ဈေးနှုန်းအနည်းငယ်မြင့်တက်လာပြီး ဆင်တံဆိပ်သည် ဈေးနှုန်းအနည်းငယ် ကျဆင်းလျက်ရှိသည်။ ကျိုင်းတုံမြို့ရှိ ဓာတ်မြေဩဇာဈေးနှုန်းအနေဖြင့် တည်ငြိမ်လျက်ရှိပြီး တာချီလိတ်မြို့တွင် ယခင်မေလစတုတ္ထပတ်ထက် ဈေးနှုန်းအနည်းငယ်မြင့်တက်လျက်ရှိသည်။

**DOCA(ရှမ်း)**

## ကွမ်းခြံကုန်းမြို့နယ်ထုတ်ကုန် လက်ဘ်ဒီပပဲမုန့်အကြောင်း တစေ့တစောင်း

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်၏ ထုတ်ကုန်တစ်ခုဖြစ်သော လက်ဘ်ဒီပပဲမုန့်မှာ စားသုံးသူများအကြားတွင် လူသိများပြီး ဈေးကွက်အတွင်း လွယ်ကူစွာ ဝယ်ယူစားသုံးနိုင်သော ပြည်တွင်းထုတ်ကုန်တစ်ခုဖြစ်သည်။

လက်ဘ်ဒီပ ပဲမုန့်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကို ၂၀၀၉ ခုနှစ်တွင် ကွမ်းခြံကုန်းမြို့နယ် ဈေးပိုင်းရပ်ကွက်နေ ဦးမျိုးဝင်းက စတင်ဆောင်ရွက်ခဲ့သည်။ လုပ်ငန်း၏ အစပြုရာသည် လက်ဘ်ဒီပလက်ဖက်ရည်ဆိုင်မှဖြစ်ကြောင်း ပိုင်ရှင်ဖြစ်သူ၏ ပြောကြားချက်အရ သိရသည်။ ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ ဈေးကွက်အတွင်း ထုတ်ကုန်အသစ်များ တီထွင်ထုတ်လုပ်လိုခြင်းကြောင့် လည်းကောင်း၊ လက်ဖက်ရည်ဆိုင်အတွင်း လာရောက်စားသုံးသူများအား အနည်းအကျဉ်း ထုတ်လုပ်ရောင်းချရာမှ တစ်ဆင့် စားသုံးသူများ နှစ်ခြိုက်မှုများလာခြင်းကြောင့်လည်းကောင်း ပဲမုန့်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကို ထပ်မံတိုးချဲ့ဆောင်ရွက်လာခဲ့ခြင်းဖြစ်သည်။

ပဲမုန့်ကို ပဲ၊ ဂျုံ၊ သကြားတို့ဖြင့် ရောစပ်၍ အဓိကထုတ်လုပ်ထားပြီး တစ်ရက်လျှင် ပဲမုန့်ခုရေ ၁၅၀၀၀ ခန့် ထုတ်လုပ်လျက်ရှိသည်။ တစ်ရက်ရောင်းအားမှာ တစ်ဘူးလျှင် ပဲမုန့် ၁၀ ခုပါ ဘူးရေ ၁၅၀၀ ခန့်ကို ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ရောင်းချသည့် ဈေးနှုန်းအနေဖြင့် တစ်ဘူးလျှင် ငွေကျပ် ၂၃၀၀ ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအပြင် ကွမ်းခြံကုန်းမြို့နယ်နှင့်ဆက်စပ်လျက်ရှိသော ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်၊ ဖျာပုံမြို့နယ်၊ ဘိုကလေးမြို့နယ်များသို့လည်း ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**DOCA(ရန်ကုန်)**

**သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း**

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်

**နေပြည်တော် ဇူလိုင် ၉**

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာကျဲကျဲနှင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

## မအူပင်မြို့နယ်၌ အရက်အတူသောက်စားပြီး စကားများရန်ဖြစ်စဉ် ဓားဖြင့်ထိုး၍ အမျိုးသားတစ်ဦးသေဆုံး

**နေပြည်တော် ဇူလိုင် ၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ ဇူလိုင် ၈ ရက်က အရက်အတူသောက်စားပြီး စကားများရန်ဖြစ်စဉ် ဓားဖြင့်ထိုး၍ အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၈ ရက် နံနက် ၁၂ နာရီခွဲခန့်တွင် မအူပင်မြို့နယ် ပန်းပင်စုကျေးရွာနေ ဖြိုးသီဟ(ခ)ကုလား(၂၆)နှစ်နှင့် တစ်ရွာတည်းနေ သန်းဇော်ဦး (၃၅) နှစ်တို့ နှစ်ဦးသည် အရက်သေစာအတူသောက်စားပြီး စကားများရန်ဖြစ်ကြစဉ် သန်းဇော်ဦးက ဓားဖြင့် ထိုးခဲ့သောကြောင့် ဖြိုးသီဟ(ခ)ကုလားတွင် ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သဖြင့် သန်းဇော်ဦးအား ရွှေတောင်မော်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## တစ်ဦးတည်းဖြစ်ကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ အထက(MRTV) Grade-6မှ (ဘ) ဦးအေးမြင့်နိုင် ၏သမီး မဝင့်ဝါမိုးပြည့်(ခ)မယမင်းအိမ်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

၈-၆-၂၀၂၃ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၂)ပါ ဒေါ်ဇင်သူဝင်း ၉/ ပဘန(နိုင်) ၁၁၉၂၁၂ ၏ လုံး၀(လုံး၀)မသက် ဆိုင်ပါကြောင်း ကြော်ငြာတွင် ဦးစိန်လွင်၏ မှတ်ပုံတင်အမှတ် (၁၁/ မဒန(နိုင်) ၁၂၀၇၀၅) အစား (၁၀/မဒန(နိုင်) ၁၂၀၇၀၅ ) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပြောင်းလဲခေါ်ပါရန်

ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ အထက (ဇရပ်ကြီး)Grade- 2 မှ (ဘ)ခွန်စိုင်းခမ်း ၏ သမီး နန်းဖူးပြည့်စုံအား နန်းဖူးပြည့်သဇင် ဟု ပြောင်းလဲ ခေါ်ဆိုပါရန်။

**နန်းဖူးပြည့်သဇင်**

## ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ မဥ္ဇူလမ်းသွယ်ရှိ ယခင် ဦးမြတ်မင်းသူ ၁၄/ ငပတ(နိုင်) ၁၄၄၈၃၂ ပိုင်ဆိုင်သော စန်းသော်တာ ဘော်ဒါဆောင် အား ယခု ဦးဝင်းဇော်ထွန်း ၅/ ကဘလ(နိုင်) ၁၉၀၁၂၃ - ဒေါ်လှဲ့လှဲ့နိုင် ၁၄/ ပသန(နိုင်) ၂၀၈၅၉၉ တို့မှ ဖူးပွင့်ဘော်ဒါဆောင် အမည်ဖြင့် အမည်ပြောင်း လျှောက်ထားမှုအပေါ် ကန့်ကွက်လိုပါက သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဦးဝင်းဇော်ထွန်း-ဒေါ်လှဲ့လှဲ့နိုင်**

## မွေးသက္ကရာဇ်အမှန်

မိတ္ထီလာမြို့၊ သမာဓိကိုယ်ပိုင်ကျောင်း Grade- 4 မှ(ဘ) ဦးအောင်မြင့်ဦး၏ သမီး မဆုရတီနွယ်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၂-၆-၂၀၁၂ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

မိတ္ထီလာမြို့၊ သမာဓိကိုယ်ပိုင်ကျောင်း Grade- 5 မှ (ဘ) ဦးထွန်းထွန်းဝင်း၏ သား မောင်ဆွေဟိန်းထက် ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၈-၂၀၁၁ ဖြစ်ပါကြောင်း။

ဇီဝမျိုးစုံ

မျိုးကွဲတွေ

ကြွယ်စေဖို့

သဘာဝ

တောတွေ

ထိန်းသိမ်းစို့

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## မန္တလေးမြို့၊ မဟာအောင်မြေခရိုင် ချမ်းအေးသာစံမြို့နယ်အတွင်း အမှိုက်သိမ်းဆည်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက်
## Expression of Interest (EOI )ခေါ်ယူခြင်း

မန္တလေးမြို့၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ် အကျယ်အဝန်း (၅.၀၄) စတုရန်းမိုင်အတွင်း အမှိုက်သိမ်းဆည်းခြင်းနှင့်ဆက်စပ်လုပ်ငန်းများကို ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ရာ စိတ်ပါဝင်စားသော ပြည်တွင်းကုမ္ပဏီများအနေဖြင့်ဖြစ်စေ၊ ပြည်ပလုပ်ငန်းရှင်များနှင့်ပူးပေါင်း၍ Consortium ဖွဲ့စည်းလျက်ဖြစ်စေ Expression of Interest (EOI) တင်ပြရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ စိတ်ပါဝင်စားသော လုပ်ငန်းရှင်များအနေဖြင့် ရတနာပုံဘဏ်လီမိတက် ငွေစာရင်းအမှတ် (D-2 ၊ ၃-၅-၂ အထွေထွေရငွေ) သို့ စိတ်ဝင်စားကြေး ကျပ် ၁,၀၀,၀၀၀/- ပေးသွင်း၍ ၎င်းငွေသွင်းချလန် မူရင်းတင်ပြလျက် Expression of Interest (EOI) ပုံစံများနှင့်အတူ လုပ်ငန်းဆောင်ရွက်မည့် နယ်မြေဆိုင်ရာ အချက်အလက်များအား သန့်ရှင်းရေးဌာနတွင် ထုတ်ယူ နိုင်ပါသည်-

(က) **Expression of Interest (EOI) ပုံစံထုတ်ယူနိုင်သည့်ရက်** - (၁၁-၇-၂၀၂၃)ရက်မှ (၂၄-၇-၂၀၂၃) ရက်အထိ

(ခ) **Expression of Interest (EOI)** ပုံစံနောက်ဆုံးတင်ပြရမည့်ရက် - (၂၄.၇.၂၀၂၃)ရက်နေ့ ရုံးချိန် (၁၆:၃၀) နာရီ နောက်ဆုံး

(ဂ) **ဆက်သွယ်ရန်လိပ်စာ** - သန့်ရှင်းရေးဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး (၂၆ x ၂၇)ကြား(၇၁ x ၇၂)ကြား၊ (၆)ထပ်ဆောင်(၃)လွှာ

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ ရေထွက်ဦးလမ်း၊ အိမ်အမှတ်( င/၁၇)နေ ဒေါ်ရင်ရင်မြင့် (၁၃/တကန(နိုင်)၀၁၅၁၃၀) ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဒေါ်ရင်ရင်မြင့်သည် ၂၀၁၉ ခုနှစ်တွင် နိုင်ငံရပ်ခြားသို့ သွားရောက်ရန်ရှိသဖြင့် ၎င်းပိုင်ဆိုင်သော အောက်ပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့်တကွ သက်ဆိုင်ရာစာရွက်စာတမ်းများကို ထိန်းသိမ်းစောင့်ရှောက်ရန် ၎င်း၏ သမီးအရင်းများဖြစ်သော မနှင်းယုလွင် (၁၃/တကန(နိုင်)၀၄၅၈၀၃)နှင့် မသင်းသင်းဇင် (၁၃/တကန(နိုင်)၀၀၃၆၂၀)တို့အား ပြောဆိုသည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍ မနှင်းယုလွင် နှင့် မသင်းသင်းဇင်တို့မှ "ယုံကြည်စွာအပ်နှံခြင်း နှစ်ဦးသဘောတူစာချုပ်" ကို ၎င်းတို့ သဘောဖြင့်ပြုလုပ်၍ ဒေါ်ရင်ရင်မြင့်အား နားလည်သဘောပေါက်စေရန် ရှင်းလင်းပြောဆိုမှုမရှိဘဲ စာချုပ်တွင် လက်မှတ် ရေးထိုးချုပ်ဆိုစေခဲ့ပါသည်။

ယခုအခါ ဒေါ်ရင်ရင်မြင့်သည် အောက်ဖော်ပြပါ ၎င်းပိုင်ဆိုင်သော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများနှင့် သက်ဆိုင်ရာစာရွက်စာတမ်းများအားလုံးကို ဒေါ်ရင်ရင်မြင့်၏ လက်ဝယ်သို့ ပြန်လည် ပေးအပ်ပြီးဖြစ်၍လည်းကောင်း၊ (၁၉-၃-၂၀၁၉)ရက်စွဲပါ "ယုံကြည်စွာအပ်နှံခြင်းနှစ်ဦးသဘောတူကတိ စာချုပ်သည် ဒေါ်ရင်ရင်မြင့်၏ သဘောဆန္ဒပါရှိခြင်းမရှိဘဲ ပြုလုပ်ချုပ်ဆိုထားသော စာချုပ်ဖြစ်၍လည်းကောင်း ဒေါ်ရင်ရင်မြင့်နှင့် မနှင်းယုလွင်၊ မသင်းသင်းဇင်တို့ ချုပ်ဆိုခဲ့သော (၁၉-၃-၂၀၁၉)ရက်စွဲပါ စာချုပ်အား ယနေ့ကြေညာသည့်ရက်မှစ၍ ပယ်ဖျက်လိုက်ကြောင်းကြေညာအပ်ပါသည်။

**( ၁၉ - ၃ - ၂၀၁၉ )ရက်စွဲပါ စာချုပ်တွင် ဖော်ပြထားသော ဒေါ်ရင်ရင်မြင့် ပိုင်ဆိုင်သော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများစာရင်း -**

၁။ မန္တလေးခရိုင်၊ အောင်မြေသာဇံမြို့နယ်၊ အမရဌာနီအနောက်ရပ်ကွက်၊ ကွင်းအကွက် အမှတ်နှင့်အမည်-၃၈၊ ဦးပိုင်အမှတ်-၃၂၊ ဧရိယာ(၀.၀၃၇၆) ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံး၊

၂။ ရန်ကုန်မြို့ ၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ (၄၃)လမ်း၊ အမှတ်(၄၂/၄၄)၊ မြေညီထပ်(၁)လွှာ၊ ပထမထပ်(၁)လွှာ(ဝမ်းဆက်)အေး၊ အကျယ်အဝန်း(၁၂.၅ ပေ x ၅၀ ပေ) တိုက်ခန်း အပါအဝင် အကျိုးခံစားခွင့်အားလုံး ၊

၃။ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ ကွင်းအကွက်အမှတ်နှင့်အမည် (၂၅/ကန်ဦးကျောင်းရပ်)၊ ဦးပိုင်အမှတ်(၁၅-င)၊ မြေကွက်အမှတ် (၃၀/၇၄)၊ ဧရိယာ(၀.၁၀၅)ဧကရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံပါအဝင် အကျိုးခံစားခွင့်အားလုံး။

၄။ တောင်ကြီးမြို့၊ မြို့မရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရိုးမရိပ်သာ(၁)၊ တိုက်ခန်းအမှတ်(၁၀၉)

၅။ တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် (၈၂/၁၆၈) တိုက်ခန်း၊

၆။ တောင်ကြီးမြို့၊ မြို့မဈေးကြီးအတွင်းရှိ ဆိုင်ခန်းအမှတ် - H (၉၀+၉၁) ဆိုင်ခန်း ၂ ခန်းတွဲ၊

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွယ်နွယ်(LL.M)**
**တရားလွှတ်တော်ရှေ့နေ စဉ်-၉၁၅၂/၂၀၁၃)**
**အမှတ်(၉/ပ)၊ ကြံ့ခိုင်ရေးလမ်း၊ ပြည်တော်သာရပ်၊ တောင်ကြီးမြို့၊**

သင့်စီးပွားရေးလုပ်ငန်းများ

အောင်မြင်ဖို့

မြန်မာ့အလင်းသတင်းစာတွင်

ကြော်ငြာစို့

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ် [ ၂ (လင)/(၂၀၂၃-၂၀၂၄)ဘဏ္ဍာနှစ်

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာနမှ (၂၀၂၃ -၂၀၂၄ဘဏ္ဍာနှစ်) ပြည်ထောင်စု/တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်မည့် လမ်း-တံတားတည်ဆောက်ရေးလုပ်ငန်းများအား ဆောင်ရွက်နိုင်ရန်အတွက် တိုင်းရင်းသားပုဂ္ဂလိက ဆောက်လုပ်ရေး လုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူတင်သွင်းနိုင်ကြောင်း အသိပေးကြေငြာအပ်ပါသည်-

(က) အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန် - (၁၀-၇- ၂၀၂၃)ရက် (ရုံးချိန်အတွင်း)

( ခ) အိတ်ဖွင့်တင်ဒါလျှောက်လွှာ ရောင်းချမည့်နောက်ဆုံးရက် - (၂၄- ၇-၂၀၂၃)ရက် ညနေ(၁၆:၀၀)နာရီထိ

( ဂ) တင်ဒါအာမခံကြေး (PO Cheque) မူရင်းများအား နောက်ဆုံးထား၍တင်သွင်းရမည့်ရက်/အချိန် - (၂၅- ၇- ၂၀၂၃)ညနေ (၁၆:၀၀) နာရီထိ

(ဃ) အိတ်ဖွင့်တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာနှင့် နေ့ရက် - ထပ်မံကြေညာပါမည်။

( င) အိတ်ဖွင့်တင်ဒါ ဖွင့်လှစ်မည့် နေရာနှင့် နေ့ရက် - ထပ်မံကြေညာပါမည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တယ်လီဖုန်းနံပါတ်- ၀၉-၈၈၆၈၂၇၇၉၇သို့ ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်းမေးမြန်းနိုင်ပါသည်။

**(တင်ဒါကော်မတီ)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မဟာအောင်မြေခရိုင် တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၉

| | | |
|---|---|---|
| ဦးဝင်းမြင့် | နှင့် | ဦးမင်းတင်ပါ-၂ |
| တရားလို | | တရားပြိုင်များ |

ဦးမင်းတင်(ဘ) ဦးအုန်းငွေ ၊ ချောင်းလည်ကျေးရွာ၊ ပေတောကျေးရွာအုပ်စု၊ မြင်းခြံမြို့နယ်၊ မန္တလေးတိုင်း ဒေသကြီး သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဝင်းမြင့် က" အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု" လျှောက်ထားစွဲ ဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်၊ (၁၃၈၅ ခုနှစ်၊ဒုတိယဝါဆိုလဆန်း ၃ ရက်) နေ့မွန်းမတည့်မီ (၁၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁)စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကလုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဇူလိုင် လ၊ ၆ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

( ဝင်းမင်းထွန်း )
ဒုတိယခရိုင်တရားသူကြီး(၄)
မဟာအောင်မြေခရိုင်တရားရုံး

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/24424, Canda 125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးထွန်း ၉/ မနမ(နိုင်) ၀၀၇၅၉၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2N/9923, Daihatsu Hijet SZUP , Pick up (4x4) ယာဉ်လက်ဝယ်ရှိသူ Banana Leaf Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(မန္တလေး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၃၉၇၉၆, Rata RT 125 ယာဉ်လက်ဝယ်ရှိသူ Sabai Thinn Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃ ၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မန္တလေး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8C/8437, Yama Light Truck ယာဉ်လက်ဝယ်ရှိသူ ဦးသန်းကျော် ၉/မထလ(နိုင်)၂၃၆၀၇၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမားဝန်ကြီးဌာန
## လူမှုဖူလုံရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း လိုအပ်လျက် ရှိသော အောက် ဖော်ပြပါပစ္စည်းအား ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| (က) | Mobile Medical Unit | (၁) စီး |

၂။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း နေပြည်တော်၊ လူမှုဖူလုံရေးအဖွဲ့ ရုံးချုပ်၊ စီမံခန့်ခွဲရေးဌာန တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၀-၇-၂၀၂၃ရက်(တနင်္လာနေ့)(ရုံးချိန်အတွင်း)

၄။ တင်ဒါ Specification နှင့် ဈေးနှုန်းလွှာ တင်သွင်းရမည့်နေ့ရက် - ၂၄-၇-၂၀၂၃ ရက်(တနင်္လာနေ့) ရုံးချိန်အတွင်း

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၇၉၀၄၊ ၀၆၇-၃၄၁၇၉၉၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အလုပ်သမားဝန်ကြီးဌာန**

## ပုသိမ်မြို့နယ် သမဝါယမအသင်းစုလီမိတက်
## ဧရာဝတီတိုင်းဒေသကြီး
## ပုသိမ်မြို့
## လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ သမဝါယမအသင်းစုလီမိတက်မှ ပိုင်ဆိုင်သော အောက်ဖော်ပြပါ မြေ၊ အဆောက်အအုံနှင့် အဆောက်အအုံအတွင်း တည်ရှိသော ဆိုင်ခန်းများကို မျက်မြင်မြေပြင်ရှိ အနေထားအတိုင်း ချိတ်ပိတ်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

(က)၁။ ပုသိမ်မြို့၊ အမှတ် (၄) ရပ်ကွက်၊ အောင်ရတနာလမ်း၊ ယခင်ဘွက်ကြီးတန်းလမ်းတွင် တည်ရှိသော အမှတ် (၄) ရပ်ကွက်၊ အကွက်အမှတ် (၈၁) စဥ့်အိုးဘို ဦးပိုင်အမှတ် (၁၃၇) ဧရိယာ (၀.၁၀၀) ဧကရှိ ဂရန်မြေနှင့် ယင်းမြေပေါ်တွင်ရှိ အဆောက်အအုံတွင်း ဖွဲ့စည်းထားသော မြေညီထပ်ရှိ

၁။ အလျား ၁၀' အနံ ၆၈' ရှိ အခန်း (၃)ခန်း

၂။ အလျား ၉' အနံ ၆၈' ရှိဘေးဘက် အခန်း (၁)ခန်း

၃။ အလျား ၄၅' အနံ ၇၂' ရှိ အဆောက်အအုံ အပေါ်ထပ်ပါ သစ်သားအဆောက်အအုံ

လေလံတင်ရောင်းချမည့်ရက် - ၁၃- ၇- ၂၀၂၃ ရက်မှ ၁၇- ၇- ၂၀၂၃ ရက်အထိ

လေလံလျှောက်လွှာ ပိတ်သိမ်းမည့်ရက် - ၁၇- ၇- ၂၀၂၃ ရက် ၁၆:၀၀ နာရီ

လေလံလျှောက်လွှာ ရောင်းချမည့်နေရာ - မြို့နယ်သမဝါယမဦးစီးဌာန ကုန်စုံလမ်း၊ ပုသိမ်မြို့။

၂။ အာမခံစပေါ်ငွေ ပေးသွင်းထားသည့် အထောက်အထားမူရင်းအား သက်ဆိုင်ရာ လေလံထုခွဲရေးအဖွဲ့ထံ အပ်နှံရမည်ဖြစ်ပြီး လေလံဈေးနှုန်း တင်သွင်းလွှာ၊ လျှောက်လွှာပိတ်မည့်ရက် ၁၇-၇-၂၀၂၃ရက်၊ ၁၆:၀၀ နာရီ နောက်ဆုံးထား၍ ပုသိမ်မြို့နယ်၊ သမဝါယမအသင်းစုလီမိတက်၊ ကုန်စုံလမ်း(ရိုးမဘဏ်အနီး)သို့ ပေးသွင်းရန်ဖြစ်ပြီး သတ်မှတ်ရက် အချိန်ထက် ကျော်လွန်တင်သွင်းသောဈေးနှုန်း တင်သွင်းလွှာ၊ လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ လေလံလျှောက်လွှာ ပိတ်သိမ်းပြီး နောက်နေ့ ၁၈-၇-၂၀၂၃ ရက်၊ ၁၀း၀၀ နာရီတွင် လေလံ ဖွင့်လှစ်ရောင်းချခြင်းကို ပုသိမ်မြို့နယ် သမဝါယမ ဦးစီးဌာနရုံးတွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

၄။ အသေးစိတ် သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(က) ၀၉-၇၄၀ ၈၂၂ ၆၅၀
(ခ) ၀၉-၄၄၃ ၁၄၃ ၃၆၈
(ဂ) ၀၉-၂၅၀ ၄၃၈ ၈၇၃

**လေလံထုခွဲရောင်းချရေးအဖွဲ့**

## ဒေါ်ဖြူမာစိုး ၁၂/မရက(နိုင်)၁၁၂၆၁၀ နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ တန်ဆောင်းကြီးလမ်း၊ တိုက်အမှတ် ၈၁၊ ၄-လွှာ/ A၊ တိုက် ခန်းသည် ကွယ်လွန်သူ ဖခင်ကြီးဦးဝင်းမြင့် အမည်ဖြင့် ဝယ်ယူထားသော တိုက်ခန်းဖြစ်၍ ဦးဝင်းမြင့်၏သားသမီးများဖြစ်ကြသော ဒေါ်ဆွေဆွေဝင်း ၁၄/ ဟသတ(နိုင်) ၀၀၃၄၄၂ ၊ ဒေါ်လှဲ့လှဲ့ဝင်း ၁၄/ ဟသတ(နိုင်) ၀၄၄၀၀၇ ၊ ဦးရဲဝင်းမြင့် ၁၄/ ဟသတ(နိုင်) ၀၄၆၉၁၆ ၊ဦးကျော်ဝင်းမြင့် ၁၄/ ဟသတ(နိုင်) ၂၂၁၂၉၈ တို့ သိရှိခြင်းမရှိဘဲရောင်းချခြင်း၊ ပေါင်နှံခြင်း၊တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုရန်နှင့်ပြုလုပ်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ဆွေထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၁၉)**
**အမှတ် ၅၀၊ ဒုတိယထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း- ၀၉- ၄၃၁၂၀၁၉၈၊၀၉- ၇၈၄၉၇၀၃၈၉**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေ အမိန့် -၅၊ နည်းဥပဒေ ၂၀)
အောင်မြေသာစံခရိုင်တရားရုံးတော်
၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၀၀

ရာစုနှစ်ငွေရေးကြေးရေးကုမ္ပဏီလီမိတက် နှင့် ၁။ ဒေါ်အိအိခိုင်
(ကုမ္ပဏီ၏တာဝန်ပေးအပ်ခြင်းခံရသူ) ၂။ ဒေါ်ဥမ္မာဝင်း
ဦးတင်ဝင်းကို
( တရားလို ) ( တရားပြိုင်များ)

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ဆိတ်ခွန်စုရပ်ကွက်၊ အမှတ်(၇) နေ ၁။ ဒေါ်အိအိခိုင် (ဘ) ဦးမောင်ကို ၅/ရဘန(နိုင်) ၁၂၅၈၆၁၊ ၂၊ ဒေါ်ဥမ္မာဝင်း (ဘ) ဦးခင်မောင်ဝင်း ၅/ရဘန(နိုင်) ၀၁၉၈၅၆ (အတူနေညီအစ်မ) (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ရာစုနှစ်ငွေရေးကြေး ရေးကုမ္ပဏီလီမိတက် (ကုမ္ပဏီ၏ တာဝန်ပေးအပ်ခြင်းခံရသူ) ဦးတင်ဝင်းကိုက တရားလိုကုမ္ပဏီမှ ချေးယူငွေတိုးရင်းနှင့် ဒဏ်ကြေးငွေကျပ် (၂၁၁၅၉၁၀၄/-) နှင့် နစ်နာကြေးငွေကျပ် (၅၈၄၀၈၉၆/-) စုစုပေါင်းငွေကျပ် (၂၇၀၀၀၀၀၀/-) (ငွေကျပ်သိန်းနှစ်ရာ့ခုနှစ်ဆယ်ကျပ်တိတိ) ရလိုမှုလျှောက်ထားစွဲဆိုသည်ဖြစ် ၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ် ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဩဂုတ် လ ၃ ရက်၊ (၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၂ ရက်) နေ့မွန်းမတည့်မီ ၉:၃၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင်သင်တို့ မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလို က ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သီရိအောင် )
တွဲဖက်ခရိုင်တရားသူကြီး(၂)
အောင်မြေသာစံ ခရိုင်တရားရုံး

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၅) ဦးပိုင်အမှတ် (၈၂)၊ ဧရိယာ(၀. ၀၅၅၁)ဧကအကျယ်အဝန်းရှိဂရန်မြေကွက်သည် တသည္ဖွန့်လှိုင် အမည်ပေါက်ဂရန်မြေကွက်ဖြစ်ပါသည်။

အထက်ပါ အကွက်အမှတ်(အ-၅) ဦးပိုင်အမှတ်(၈၂)ဂရန်မြေကွက်၏ အကြောင်းကြားစာ မူရင်း၊ ငွေသွင်းပြေစာမူရင်းများမှာ နေအိမ်တွင် အသိမ်းလွန်ပြီး ပျောက်ဆုံးလျှက်ရှိပါသည်။ ထို့ကြောင့် အထက်ပါမြေကွက်များနှင့် ပတ်သက်၍ သက်ဆိုင်ရာရုံးဌာနအသီးသီးတို့တွင် မြေပုံ/ မြေရာဇဝင် ရေးကူးခြင်း၊ အိမ်ဆောက်မိန့်လျှောက်ထားခြင်း၊ အမည်ပြောင်းခြင်းများအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့် ဒီကရီမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍(၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့် ကွက်နိုင်ပါသည်၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက သက်ဆိုင်ရာရုံးဌာနအသီးသီးတို့ တွင် မြေပုံ/မြေရာဇဝင် ရေးကူးခြင်း အိမ်ဆောက်မိန့်လျှောက်ထားခြင်း၊ အမည်ပြောင်းခြင်းကိစ္စရပ်များ အား ဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သင်းသင်းအေး
အထက်တန်းရှေ့နေ (စဥ်-၅၂၁၅၀/၃၀- ၁၂- ၂၀၁၉)
လမ်း(၃၀)၊ ၆၈x၇၀ကြား၊ စုပေါင်းရုံးကြီးဝင်းအတွင်း
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
၀၉-၇၉၇၇၇၇၈၅၈၊ ၀၉-၄၂၀၈၈၇၈၅၅

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 56W/78086 ယာဉ်လက်ဝယ်ရှိသူ NCX MYAN-MAR CO.,LTD က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မြင်းခြံ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 57W/71035, Honda Click-125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်စံပါယ်ထွန်း ၉/ခအဇ(နိုင်)၀၃၂၈၁၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

## ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ချမ်းမြသာစည်မြို့နယ်တရားရုံး
၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၉၃

၁။ ဦးသန်းနိုင်ဦး နှင့် တပ်သားညွှန့်စိန်
၂။ ဒေါ်ရန်ချိန်ကျီး
တရားလိုများ တရားပြိုင်

မန္တလေးမြို့၊ အကွက်(၉၉-၆/၃၀)၊ ထွန်းတုံးရပ်ကွက်၊ ၅၄x၅၅ လမ်းကြား၊ ၁၀၇(F) လမ်း တပ်သား ညွှန့်စိန်(ဘ)ဦးပိန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးသန်းနိုင်ဦး ပါ ၂ က မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်၊ အကွက်အမှတ် (၉၉-၆)၊ ဦးပိုင်အမှတ်( ၃၀ )၊ ထွန်းတုံးရပ်ကွက်၊ ဧရိယာ (၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၁၈) ရက် (၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း (၁) ရက်နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက် ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဇူလိုင် လ ( ၃ )ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

( ဖွဲ့နေလအေး)
တွဲဖက်မြို့ နယ်တရားသူကြီး(၁)
ချမ်းမြသာစည်မြို့ နယ်တရားရုံး

## ဒေါ်စန္ဒာစိုးသိစေရန်ကြေညာခြင်း

တောင်ဥက္ကလာပမြို့နယ်၊ (၁၄)ရပ်ကွက်၊ သခင်ဖိုးလှကြီးလမ်း၊ အမှတ်(၅)နေ ဒေါ်စန္ဒာစိုး ၁၂/ဥကတ(နိုင်)၁၄၃၅၉၆ အနေဖြင့် ဒေါ်ခင်မေကြင် ၁၂/ရကန(နိုင်) ၀၅၅၂၃၇ ထံသို့ ပြန်ပေးရန်ငွေများ သတ်မှတ်ရက်ကျော်လွန်နေသဖြင့် အမြန်လာရောက်ပေးရန် အကြောင်းကြားသိစေအပ်ပါသည်။

ဒေါ်ခင်မေကြင်(ခ) ဒေါ်ကျင်မေ ၁၂/ရကန(နိုင်) ၀၅၅၂၃၇
အမှတ်(၉/က)၊ ဝန်မင်းလမ်း၊ (၁၆)ရပ်ကွက်၊
ရန်ကင်းမြို့နယ်

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (ပပ-၅)၊ ဦးပိုင်အမှတ်(၈၁)၊ ၁၃၄လမ်းနှင့် ၁၃၅ လမ်းကြား၊ ၆၆လမ်းနှင့် ၆၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်ကြည် ၁၂/ မရက (နိုင်) ၀၁၄၄၀၁ ၏(SPရသူ ဦးအောင်လွင်)က အမည်ပေါက်သူ ဦးအောင်ကြည်၏ မှတ်ပုံတင်၊ အိမ်ထောင်စုဇယား တို့တင်ပြရမည်ဖြစ်သော်လည်း ၄င်းရှာမရ၍ မရကြောင်းတင်ပြစာ၊ ဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၃၁၁/ ၂၀၂၃-၂၀၂၄)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/9553, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးဆွေ ၁၄/အဂပ(နိုင်)၂၄၀၃၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ဟသ္သာတ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/10976, Honda Dream 125 , M/C ယာဉ်လက်ဝယ်ရှိသူ ဦးဆွေဇော်ဖြိုး ၁၄/နေဖ(နိုင်)၁၄၈၇၆၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ဖျာပုံမြို့)

## ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ ၂၀)
အောင်မြေသာစံခရိုင်တရားရုံးတော်
၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၀၄

ဒေါ်ခင်ဖြူဝင်း(ခ)ဒေါ်ရွှေမာ နှင့် ၁။ဦးကျော်သင်း
၂။ကိုဟိန်းထက်စိုး
၃။ကိုအောင်မင်းသန့်
၄။ကိုရဲလင်းကျော်
၅။ကိုဟိန်းထွဋ်ဇော်
၆။ကိုမျိုးဟိန်းသန့်
(အရွယ်မရောက်သေးသူ၏ အုပ်ထိန်းသူမိခင် ဒေါ်ချိုချိုဦး)
တရားလို တရားပြိုင်များ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊၆၃-စီလမ်း၊ ၁၆+၁၇လမ်းကြား၊ ဝေရတ်ရွှေစင်လမ်းသွယ်၊အကွက်(၆)၊ ဦးပိုင်(၄၁)နေ၊၂- တရားပြိုင် ကိုဟိန်းထက်စိုး ( ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်ခင်ဖြူဝင်း(ခ)ဒေါ်ရွှေမာက "အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု" လျှောက်ထား စွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီး သည့် စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ၊ ( ၂၀ )ရက်၊ ( ၁၃၈၅ခုနှစ်၊ ဒုတိယဝါဆိုလဆန်း၊ ၃ ရက်နေ့) နေ့မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက် အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက် ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့် သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင် လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ၊( ၄ ) ရက်နေ့ ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

( ကေသီဝင်း )
ခရိုင်တရားသူကြီး
အောင်မြေသာစံခရိုင်တရားရုံး

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7C/6772 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## အများသိစေရန် ကြေညာခြင်း

ဦးလှမြင့် (မှတ်ပုံတင်အမှတ်- ၁၂/တမန(နိုင်)၀၁၃၆၅၀)သည် ၎င်းအမည်ပေါက် ပိုင်ဆိုင်သော နှစ်(၆၀) ဂရန်မြေ အမျိုးအစားဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေ တိုင်းရပ်ကွက်အမှတ် (၄၂)၊ ဇော်ဂျီလမ်း၊ မြေကွက်အမှတ် (၁၃၄၆)၊ ဧရိယာ (၀. ၀၆၂) ဧကရှိ နေအိမ်မြေကွက်နှင့် စပ်လျဉ်း၍ ၎င်း၏ တူမဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ဆွေသက် (၁၂/အလန(နိုင်) ၀၀၇၀၈၀)အား (၄-၉-၂၀၁၅) ရက်နေ့တွင် ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ အထူးကိုယ်စားလှယ်လွှဲစာ (၉၅၅၈/၂၀၁၅)ဖြင့် ဥပဒေနှင့်အညီ လုပ်ပိုင်ခွင့်အားလုံးပေးအပ်ခဲ့ပါသည်။ ယခုတွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ဆွေသက်နှင့် ၎င်း၏ မိသားစုများမှ ဦးလှမြင့်ထံ ဆက်သွယ်သော်လည်း မရသဖြင့် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ခင်ဆွေသက်မှ အဆိုပါ နေအိမ်မြေကွက်နှင့် ပတ်သက်၍ အထွေထွေ ကိစ္စရပ်များအား ဆက်လက်၍ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခိုင်ဇင်ထူး (LL.B) | ဦးအောင်ရဲကျော် LL.B |
| အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၅၃၂၆၉ /၂၇-၇-၂၀၂၀) | (စဉ်-၄၃၅၅၂) (၇-၁-၂၀၁၄) |
| အမှတ် (၁၃၉)၊ ရတနာသုခ(၁)လမ်း၊ | အမှတ် (၆)၊ အောင်ချမ်းသာလမ်း၊ |
| (၄၆)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း) | (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့ နယ်၊ |
| ရန်ကုန်မြို့ဖုန်း- 09 - 420 567 493 | |

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၇၄လမ်းနှင့် မြို့မဥယျာဉ်လမ်းကြား၊ အကွက်(၅၉၀/၁)ဦးပိုင်(၂-က)ဦးပိုင်(၂-ခ)၊ စုစုပေါင်း ဧရိယာ(၅.၅၃၃)ဧကရှိ ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် Garden City Apartment Complex အတွင်းရှိ တိုက်အမှတ်(၃)(၁)လွှာ၊အခန်းအမှတ်(၅) ကွန်ဒိုတိုက်ခန်း၏ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အားလုံးတို့ကို လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ Mandalay Garden City Construction Co., Ltd ကိုယ်စား Chief Executive Officer(CEO) ဒေါ်မေရင်(ခ)ဒေါ်သန်းသန်း အေး (ဘ) ဦးလီချင်လွင်၊ ၁/မကန(နိုင်)၀၈၃၂၁၆ ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ် ဆွေ က ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေများကို အပြေအကြေပေး ချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ဖြစ်စေ၊ဝယ်ယူသူကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။အကယ်၍ သတ်မှတ်ရက် အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်ဆုမြတ်လှိုင် ၉/မရတ(နိုင်)၁၁၂၉၄၄
လွှဲအပ်ညွှန်ကြားချက်အရ
ဦးညီညီချစ် (တရားလွှတ်တော်ရှေ့နေ)(စဉ်-၄၃၆၀ )
B.Sc, M.Sc (physics), D.B.L, H.G.P, RL (ADVOCATE)
ဒေါ်မိုးမိုးခိုင်(စဉ်-၁၃၀၂၆) ဒေါ်ရတနာချစ်စု(စဉ်-၁၃၃၄၆)
ဒေါ်သန်းသန်းစိုး(စဉ်-၁၅၂၆၇) (တရားလွှတ်တော်ရှေ့နေများ)
၈၇ အေ-လမ်း၊ ၃၄လမ်းx၃၅-လမ်းကြား၊ မန္တလေးမြို့။
Ph;092003690. 092050566

## ဖခင်အမည်မှန်

မော်ဘီမြို့နယ် အထက သန္ဓေပင် G-10 မှ မဂျူးဂျူးကေနှင့် G-5 မှ မရွှန်းလဲ့ကေ တို့၏ဖခင် ဦးမျိုးထွန်း၏ အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၈/ပဖန(နိုင်) ၁၀၁၉၃၀ အရ ဦးမျိုးမျိုးလင်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/32817, Honda Click 150 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်အောင် ၇/လပတ(နိုင်)၁၀၀၁၀၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ဟသ္သာတ)

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ် (ယ-၁)၊ ဦးပိုင်အမှတ် (၁၆၅)၊ ၇၅လမ်း၊ ၁၁၂x၁၁၃လမ်းကြားရှိ ဒုတိယဗိုလ်မှူးကြီး စိုးမြင့် အမည်ပေါက် ဂရန်မြေကွက်အား ဦးစိုးမြင့်ထံမှ ကိုယ်စားလှယ်လွှဲစာအမှတ် (၉၂၁၀/၂၀၂၂) အရ လွှဲအပ်ခြင်းခံရသူ ဦးဝေဠု ၁၂/ဗဟန(နိုင်) ၀၁၆၆၇၂ က မြေချထားမိန့်၊ ငွေသွင်းပြေစာ၊ ဂရန်စာချုပ်မူရင်းတို့မှာ အသိမ်းလွန်၍ ပျောက်ဆုံးနေပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ပျောက်ဆုံးသွားသော ဒုတိယဗိုလ်မှူးကြီး စိုးမြင့် အမည်ပေါက် ဂရန်အမှုတွဲ အမှတ် (၄၅/၁၉၉၂-၁၉၉၃)အား ပယ်ဖျက်ခွင့်ပြုပါရန် ဂရန်မိတ္တူ သက်တမ်းတိုးလျှောက်ထားရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာ
ရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ် (၉)၊ ဦးပိုင်အမှတ်(၅)၊ ၁၆x၁၇လမ်းကြား၊ ၆၃x ၆၄လမ်းကြားရှိ မဂျမ်းသိန်း အမည်ပေါက် အခလွတ် ဂရန်မြေကွက်အား အဖိုးဖြစ်သူ ဦးဘခိုင်၊ အဖွားဖြစ်သူ ဒေါ်ခင်ချစ်၊ ဖခင်ဖြစ်သူ ဦးစိုးလင်း၊ မိခင်ဖြစ်သူ ဒေါ်မြမြ၊ အဒေါ်ဖြစ်သူ ဒေါ်ဂျမ်းသိန်း (အပျိုကြီးဘဝ)တို့အသီးသီး ကွယ်လွန်သဖြင့် ကျန်ရစ်သော ဒေါ်ခင်ဝင်းမြင့် ၉/မနမ(နိုင်) ၀၈၄၂၄၄၊ ဒေါ်စန္ဒာမြမြစိုး ၉/မနမ(နိုင်) ၁၀၂၆၉၉ တို့က အခလွတ် ဂရန်စာရွက်မူရင်း ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ သေစာရင်းများတင်ပြ၍ အမွေဆက်ခံ စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာ
ရေးကော်မတီ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/24251, Toyomax 125,M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဧယ/၂၄၈၄၆, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ Palatial Partner Trading Company Limited က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/34825, Feiling 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြွယ်ကြွယ်ထွန်း ၁၄/မအပ(နိုင်)၂၃၄၃၅၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မအူပင်)
မအူပင်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/32833, Honda Click 150 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်အောင် ၇/လပတ(နိုင်)၁၀၀၁၀၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ဟသ္သာတ)

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် အောင်မြေသာစံမြို့နယ် မန္တလေးနန်းမြို့ရိုး အပန်းဖြေနေရာ ရတနာပုံ ဥယျာဉ်အတွင်း ၆၆ လမ်း၊ ၁၂ လမ်းမှ ၂၆ လမ်းကြား နှင့် ၂၆လမ်း၊ ၆၆ လမ်းမှ လမ်း၈၀ကြားတွင် CCTV Camera များ တပ်ဆင်ခြင်း လုပ်ငန်းနှင့် မန္တလေး (၆)မြို့နယ်အတွင်း ယာဉ်သွားလာမှု ရှုပ်ထွေးသော နေရာများတွင်မီးပွိုင့် အသစ်တပ်ဆင်နိုင်ရန် မီးပွိုင့်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ မြန်မာကျပ်ငွေဖြင့် ဝယ်ယူသွားမည် ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသောကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်နေ့** - ၁၀-၇-၂၀၂၃ ရက်မှ ၃၁-၇-၂၀၂၃ ရက်ထိ
(ခ) **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်** - ၃၁-၇-၂၀၂၃ ရက် (၁၆:၀၀)နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်** - ၇-၈-၂၀၂၃ ရက်
(ဃ) **တင်ဒါဖွင့်မည့်နေရာ** - အဆောက်အအုံနှင့် ကုန်ရုံဌာန မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ
(င) **တင်ဒါတစ်စုံရောင်းဈေးနှုန်း** - ၅၀၀၀/- (ကျပ်ငါးထောင်တိတိ)

၂။ သတ်မှတ်ရက်ထက် ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း အဆောက်အအုံနှင့် ကုန်ရုံဌာန ဖုန်း-၀၉-၄၄၄၀၀၈၂၂၀၊ ၀၉-၈၉၈၇၄၂၆၅၅ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/ 69518 Zong Shen 110 M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Co., Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ပျောက်ဆုံးကြောင်း

ဦးစိန်ဝင်း ၁၂/မဂတ(နိုင်) ၀၆၈၉၆၄ ၏ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဈေးရုံ (ဓ) ဆိုင်အမှတ် (၅)မှတ်ပုံတင်စာအုပ် (S-39663) စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည် ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဈေးတာဝန်ခံ(၃)**
**ကပ-၃၇၁၂၈**
**စံပြဈေး၊ မင်္ဂလာတောင်ညွန့်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၇/၃)၊ ဓမ္မစေတီလမ်း၊ အမှတ်(၇၄) ဟုခေါ်တွင်သော ဧရိယာ(၄၀x၆၀)ပေ ကျယ်ဝန်းသည့်ခြံမြေကွက်နှင့် မီတာအပါအဝင် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးအောင်မြင့် (ဘ) ဦးညွန့်မောင်၊ ၇ / ပခန(နိုင်) ၁၇၅၆၈၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ အနေဖြင့် ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်မာသည့် စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီသီအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၁၄/၂၀၂၀)**
**ဖုန်း-၀၉-၇၉၁၈၄၉၀၀၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နေ ဦးစောလွင် (ဘ) ဦးရှင် ၉/မကန(နိုင်)၀၀၈၅၄၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့နေ ဒေါ်မြခင်သည် ၃၀-၅-၂၀၂၁ ရက်တွင် ကွယ်လွန်ခဲ့ပြီး၊ သားသမီး(၁၀)ဦး မွေးဖွားခဲ့ပါသည်။ ဒေါ်မြခင် ကွယ်လွန်ပြီးနောက်တွင် အမွေပစ္စည်းအဖြစ် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့၊ ရွာလီဝိုင်းအုပ်စု၊ ရွှေဘုံသာရပ်ကွက်ရှိ အရှေ့လားသော် မိုးကုတ်-မိုးမိတ်ကားလမ်းမကြီး၊ အနောက်လားသော်-ဦးဆွေလင်း မြေအစပ်၊ တောင်လားသော် ဒေါ်အားခွားမြေအစပ်၊ မြောက်လားသော် - ဦးဟေရာ မဏိ မြေအစပ် နယ်လေးရပ်အတွင်းရှိ (အိမ်အမှတ် ဈ/၂၁)၊ (၆x၄)ခန်း ၂ထပ်နံကပ်၊ အုတ်ခင်းသွပ်မိုးနေအိမ်နှင့် ဝိုင်းမြေကွက် ကျန်ရှိခဲ့သည်။ အဆိုပါဝိုင်းမြေကွက်မှာ ဒေါ်မြခင်၏ သားသမီးများအားလုံး သက်ဆိုင်သည့် ဝိုင်းမြေကွက်ဖြစ်ပြီး ယနေ့အချိန်ထိ အမွေခွဲဝေရခြင်းမရှိသေးပါ။

ထို့ကြောင့် အထက်ပါ အမွေဆိုင်ဝိုင်းမြေကွက်နှင့်အိမ်အား ယခုသတင်းစာကြေညာချက်ပါရှိသည့်နေ့မှစ၍ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း၊ စွန့်လွှတ် လှူဒါန်းခြင်း၊ တရားရုံးများ၊ ဘဏ်များ၊ ငွေစုငွေချေးအသင်းများ၊ စည်ပင်သာယာနှင့် အခြားအသင်းအဖွဲ့အစည်း အသီးသီးတို့ထံတွင်လည်း အာမခံအဖြစ် တင်သွင်းခြင်းများ လုံးဝမပြုလုပ်ကြပါရန်နှင့် တစ်စုံတစ်ခုပြုလုပ်ခဲ့ပါက ပြုလုပ်သူများ၏ တာဝန်သာဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်သန့်စင် တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၁၃၉၆)**
**တံခွန်တိုင်(ဈေးတန်းရပ်)ပြည်ကြီးတံခွန်မြို့နယ် မန္တလေးမြို့၊**
**ဖုန်း-၀၉-၂၀၃၃၈၅၀၊ ၀၉-၉၆၂၀၃၃၈၅၀**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊နည်းဥပဒေ-၂၀)
## ပြည်ကြီးတံခွန်မြို့ နယ်တရားရုံးတော်
## ၂၀၂၃ခုနှစ် တရားမကြီးမှုအမှတ် - ၄၃

| | | |
|---|---|---|
| ဦးညီညီလွင် | **နှင့်** | ဦးအုန်းကြိုင် |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်နန်းရိပ်သာ အရှေ့ရပ်ကွက် ဦးစံခြံ၏သားဖြစ်သူ ဦးအုန်းကြိုင် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

